
အီကွမ်း၏ ချစ်ခြောက်ယုလုံ
2005
တက္ကသိုလ်
နေလင်းအောင်
လှည့်စားသောကံကြမ္မာ
၄-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၄) ဇာတ်သိမ်း
Alien
သိုင်းစာစဉ်များpage



## တက္ကသိုလ်နေလင်းအောင်

# လှည့်စားသောကံကြမ္မာ

ဇာတ်သိမ်းပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၂၉၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၅၂၀၅၀၃

၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်(၀၄၆၈၂)
၂၃၉၊ ဓမ္မာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း
(ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၄၇)

## တန်ဖိုး

ညအမှောင်ကြီးစိုးနေ၏။

ရွှေမားဂိုဏ်းတစ်ခုလုံး ညအမှောင်ထုအောက်၌ အိပ်မော ကျနေသည်။

ရွှေမားဂိုဏ်း၏ အနောက်ဘက်ရှိ အလုပ်သမားဆောင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုစဉ်...

လေပြေလေး ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

လေနှင့်အတူ လူရိပ်တစ်ခု လွင့်မျောလာသည်။

ထိုလူရိပ်သည် ပေါ့ပါးသော ခြေလှမ်းများဖြင့် အလုပ်သမား ဆောင်သို့ လျှောက်လာပြီး ထမင်းချက် အာစီးနှင့် ကွေ့ရှမ်းတို့၏ အခန်းထဲသို့ တိတ်တဆိတ် ဝင်ရောက်လာသည်။

ထိုလူရိပ်မှာ အခြားသူမဟုတ်၊ နန်းကုန်းသက်ငင်ဖြစ်သည်။

အာစီးနှင့်ကွေ့ရှမ်းတို့သည် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ထို့ကြောင့်ပင်...

နန်းကုန်းသက်အနီးသို့ ရောက်လာသည်ကိုပင် မသိလိုက်ပါ။

အလုပ်ပင်ပန်းသောကြောင့် မောမောပန်းပန်းနှင့် အိပ်ပျော်နေကြခြင်း ဖြစ်ပါသည်။

နန်းကုန်းသက်သည် ကွေ့ရှမ်း၏ အိပ်ရာရှေ့သို့ရောက်ရှိလာပြီးနောက် ဓားကိုအသာအယာ ဆွဲထုတ်လိုက်သည်။

သူ၏စိတ်ထဲမှာလည်း တွေးလိုက်၏။

"သူတို့ကို ငါသတ်လိုက်ရင် ဒီလောကမှာ ဘဝအမှန်ကို သိမဲ့သူ ရှိတော့မှာမဟုတ်ဘူး"

သူသည် တွေးရင်း ဝေ့ထင်းအား သတိရလိုက်သည်။

"ဝေ့ထင်းတစ်ယောက်သာ မရှိရင် ငါ့ကိုအစားထိုးမယ့်သူ ရှိတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ ဝေ့ထင်းကို သတ်မှဖြစ်မယ်"

ယင်းသို့တွေးရင်း နန်းကုန်းသက်က ဓားကိုပြန်ထိုးသွင်းလိုက်သည်။

"ချွမ်း ..."

သူသည် ဓားကိုထိုးသွင်းလိုက်ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

အသံကြားလိုက်သဖြင့် ကွေ့[illegible]က အိပ်ရာမှ နိုးလာသည်။

သူမသည် နန်းကုန်းသက် ထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် သူမ၏တစ်ကိုယ်လုံး ကြက်သီးထသွားလေသည်။

သူမသည် အာဝီးအား ကမန်းကတန်း နှိုးလိုက်သည်။

"ဒီမှာ ထစမ်းပါတော်"

အာဝီးက အိပ်ချင်မူးတူး ထထိုင်လိုက်သည်။

နှုတ်မှလည်း ကယောင်ကတမ်းဖြင့်...



"ဘာတွေဖြစ်လို့လဲ"

ကွေ့ရှမ်းက အံကြိတ်ကာ ပြောလိုက်၏။

"ရှင်က အအိပ်ကြီးလိုက်တာရှင်၊ အသက်ထွက်တော့မလို့ သိသိကလေး လိုတာသိလား"

အာဝီးက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ကွေ့ရှမ်းက လေသံတိုးတိုးဖြင့် ပြောလေ၏။

"ခုနတုန်းက နန်းကုန်းသက် အခန်းထဲ ဝင်လာတယ်"

အာဝီးက အံ့သြဟန်ဖြင့် မေး၏။

"ဟုတ်လား ... သူ ဘာလာလုပ်တာလဲ"

သူ့ကိုကြည့်ရတာ ကျွန်မတို့ကို သတ်မလို့နဲ့တူတယ်"

အာဝီးက သက်ပြင်းချလိုက်သည်။

ထို့နောက် ...

ကြိုတင်တွေးထားပြီးသား လေသံဖြင့် ပြောလိုက်၏။

"ဒီလိုဖြစ်လာလိမ့်မယ်လို့ ငါသိထားပါတယ်ကွာ"

ကွေ့ရှမ်း၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။

စိတ်မသက်သာစွာဖြင့် အာဝီးကိုကြည့်ကာ မေးလိုက်လေ၏။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

အာဝီးက ခေါင်းခါယမ်းကာ ပြောလိုက်သည်။

"ဘယ်လိုမှမလုပ်နဲ့၊ မင်းလုပ်တဲ့မကောင်းမှုကို ရရဲသာခံလိုက်ပေါ့"

အိပ်ခန်းထဲ၌ သက်ပြင်းချသံကြီး စိုးမိုးမင်းမူနေလေတော့သည်။ -

✿✿✿

နန်းကုန်းသက်သည် ခန်းမထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။

သူသည် ကွေ့ရှမ်းနှင့် အာဝီးတို့ကို နှုတ်ပိတ်ပစ်ရန် ကြံနေပေသည်။

သို့သော်...

အာဝီးနှင့် ကွေ့ရှမ်းတို့မှာ သူ၏မိဘရင်းများ ဖြစ်နေ၍ မသတ်ရက်ပါ။

သူသည် ဝေ့ထည်းအား သတ်ခြင်းအားဖြင့် သူ့ဘဝလုံခြုံမှု ရနိုင်၏။

သူသည် ဤသို့တွေးမိသဖြင့် ထိုသို့လုပ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

နန်းကုန်းစု ရောက်ရှိလာလေသည်။

"ငါ့သား မင်း မအိပ်သေးဘူးလား"

နန်းကုန်းစုက မေးလိုက်သည်။

နန်းကုန်းသက်က ထိုင်ရာမှထလျှက်...

"ဟုတ်ကဲ့... အခုပဲ သွားအိပ်ပါတော့မယ်"

သူသည်ပြောရင်း အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ...

နန်းကုန်စုက ဟန့်တားလိုက်၏။

"ခဏနေဦး သား"

နန်းကုန်းသက်က ခြေလှမ်းရပ်တန့်လိုက်သည်။

နန်းကုန်းစုသည် သူ့အား တစ်ချက်ကြည့်လိုက်၏။

ပြီးမှ...



ယုယကြင်နာသော လေသံဖြင့် ပြောလိုက်လေသည်။

"သား... မင်းတစ်နေ့ ငါ့ရဲ့နေရာကို ဝင်ရောက်တာဝန်ယူမယ်ဆိုတာ သိတယ်မဟုတ်လား"

နန်းကုန်သက်က ခေါင်းညိတ်ပြလိုက်သည်။

"သိပါတယ် ဖေဖေ"

နန်းကုန်းစုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"အေး... သိရင် အစစအရာရာ ပေါ့ပေါ့တန်တန် မနေနဲ့"

နန်းကုန်းစုက သတိပေးခြင်းဖြစ်၏။

နန်းကုန်းသက်က ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဖေဖေ"

သူသည် စကားဆုံးသည်နှင့် ခန်းမထဲမှ ထွက်ခွာသွားလေတော့သည်။

✿✿✿

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့သည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြသည်။

သူတို့သည် စားသောက်ဖွယ်ရာများကို မှာကြား၍ စားသောက်နေကြသည်။

သူတို့ စားသောက်နေစဉ်မှာ မာယာသည် ဆိုင်ထဲသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဝေ့ထင်းက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပေ့ယို့ချင်းအား မေးငေါ့ပြလိုက်သည်။

ထို့နောက်...

မာယာထံ လျှောက်သွားပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

မာယာသည် ဝေထင်းအား တွေ့မြင်လိုက်သည်နှင့် အံ့အားသင့်သွားသည်။

ဝေထင်းက ပြုံးလိုက်သည်။

"ဘယ်နှယ်လဲ ... အံ့သြသွားသလား"

မာယာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ရှင် ... ရှင် ... မသေသေးဘူးလား"

ဝေထင်းက ခေါင်းခါယမ်းလိုက်သည်။

"သေမင်းက ကျုပ်ကို လက်မခံဘူး"

မာယာက တုန်လှုပ်ထိတ်လန့်စွာဖြင့် ...

"ဒါဖြင့် ကျွန်မသေဖို့ အချိန်ရောက်လာပြီထင်တယ်"

ရေရွတ်လိုက်၏။

ဝေထင်းက ပြုံးလိုက်၏။

"မင်းလဲ မသေနိုင်သေးပါဘူး"

မာယာက ပြန်ပြောလေ၏။

"ဟုတ်လား ..."

"ဒီလို မလုပ်နဲ့လေ"

ဝေထင်းက သူမ၏ပါးစပ်ကို ပိတ်လိုက်ပြီး မာယာလက်ထဲမှ အဆိပ်အပ်ကို ဆွဲထုတ်လိုက်သည်။

မာယာက မဲ့ပြုံးပြုံးနေ၏။

ထို့နောက် ...

လှစ်ခနဲ ထပြေးလေတော့သည်။

သို့သော် ...



သူမ၏ ခြေလှမ်းများက ရုတ်ခြည်းရပ်တန့်သွား၏။

ချွန်မြသော ဓားတစ်လက်က သူမအားထောက်ထားလိုက်သည်ကို ခံစားလိုက်ရလေသည်။

ဓားနှင့်ထောက်လိုက်သူမှာ ပေယို့ချင်းပင်းဖြစ်သည်။

မာယာက မချိပြုံး ပြုံးပြလိုက်ပြီး မူလနေရာသို့ ပြန်ထိုင်ချလိုက်သည်။

ဝေထင်းက ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်ပြေးမလို့လဲ၊ တော်ကြာ ခင်ဗျားရဲ့လူတွေနဲ့လွဲသွားမှာပေါ့"

ထိုစဉ်မှာပင် ...

လူသုံးယောက် ရောက်ရှိလာသည်။

ယင်းတို့မှာ ကြေးစားလူသတ်သမား သုံးယောက်ပင် ဖြစ်သည်။

သူတို့သည် မာယာထံသို့ ကမန်းကတန်း မတ်မတ်လျှောက်လာကြသည်။

မာယာက သူတို့အား မျက်ရိပ်ပြ၍ ဟန့်တားနေသော်လည်း မရပါ။

ဝေထင်းက ထိုလူသုံးယောက်အား ပြုံးပြလိုက်၏။

"ပြောစရာရှိတာ ပြောနိုင်ပါတယ်၊ တို့ကအချင်းချင်းတွေပဲ"

ကြေးတန်းစားလူသတ်သမားတစ်ယောက်က ပြောလိုက်လေသည်။

"ကျုပ်တို့ သန်းဖုံးကို တွေ့ခဲ့ပါတယ်"

မာယာက ပြုံးလိုက်သည်။

"တွေ့ရင် မင်းတို့တာဝန်ကျေပြီ"

အမှန်တော့ စကားမဆက်စေလို၍ ယတိပြတ်ဖြေချလိုက်ခြင်းဖြစ်သည်။

သို့သော်...

ဝေ့ထင်းက ပြုံးလျက်ပင် မေးလိုက်သည်။

"မဟုတ်သေးပါဘူးလေ၊ ဘယ်မှာရှိတယ်ဆိုတာ ပြောဦးမှပေါ့"

ကြေးတန်းစားလူသတ်သမားက ခေါင်းညိတ်လိုက်သည်။

"မြို့အရှေ့ပြင်ဘက်မှာ ဘုံကျောင်းပျက်တစ်ခု ရှိပါတယ်၊ သန်းဖုံးက အဲဒီမှာပါ"

မာယာက ပြုံးနေသောမျက်နှာလေးဖြင့်ပင် ထိုင်ရာမှထရပ်လိုက်သည်။

"မထူးပါဘူး ... ငါတို့ကို လိုက်ပြ"

ဤတွင် ကြေးတန်းစားလူသတ်သမားက လက်ဖြန့်တောင်းလိုက်လေသည်။

မာယာက ဖြန့်ထားသောလက်ထဲသို့ အထုပ်ကလေး သုံးထုပ်ထည့်ပေးလိုက်သည်။

ကြေးတန်းစား လူသတ်သမားသုံးယောက်တို့သည် အထုပ်ကလေးတစ်ထုပ်စီကို ယူကာ ဖြည်ပြီး သောက်ချလိုက်ကြလေသည်။

ပေ့ယို့ချင်းမှာ နားမလည်နိုင်ပဲ ဖြစ်နေသည်။

သူမသည် ဝေ့ထင်းအား လှည့်ကြည့်လုက်၏။

ဝေ့ထင်းက တီးတိုးရှင်းပြလိုက်သည်။

"မာယာက ဒီလိုပဲ၊ လူတစ်ယောက်ကို ခိုင်းချင်တယ်ဆိုရင်



သူတို့အစားအစာထဲမှာ အဆိပ်ထည့်လိုက်တယ်၊ အဆိပ်မိသွားရင် သူက အလုပ်တစ်ခုခိုင်းပြီးမှ ဖြေဆေးပေးတယ်"

ယခုမှ ပေ့ယို့ချင်းက သဘောပေါက်လာသည်။

ထို့နောက်...

သူတို့သည် ကြေးတန်းစား လူသတ်သမားများနောက်သို့ လိုက်သွားကြလေတော့သည်။

သူတို့လူစုသည် ဘုံကျောင်းပျက်ထဲသို့ ရောက်ရှိလာကြလေသည်။

ဘုံကျောင်း၏ တည်နေရာမှာ မြို့နှင့်ဆိုလျှင် ငါးမိုင်ခန့်ကွာဝေးသည်။

ထို့ကြောင့် လူသူ ကင်းရှင်းနေခြင်းဖြစ်သည်။

အမှန်စင်စစ် ထိုဘုံကျောင်းပျက်သည် ဒုစရိုက်ကောင်များ ပုန်းအောင်းနေတတ်သော နေရာဖြစ်ခဲ့သည်။

ဝေ့ထင်းတို့လူစုသည် ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လိုက်သည်နှင့် သန်းဖုံးအား ပက်ပင်းတွေ့ရလေတော့သည်။

သန်းဖုံးအား တွေ့လျှင် ဝေ့ချင်းနှင့်မာယာက ပြုံး၍ပြော၏။

"သန်းဖုံး ကျွန်မပြောခဲ့တယ်မဟုတ်လား၊ ကျွန်မလက်ထဲကို ရွှေရောင်ငှက်ရုပ် မအပ်မချင်း ရှင် ဒုက္ခရောက်လိမ့်မယ်လို့"

သန်းဖုံးမှာ ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့ကို မတွေ့ရသေးချေ။

သူသည် ကြေးတန်းစားလူသတ်သမား သုံးယောက်တို့ကို လှည့်ကြည့်လိုက်၏။

လူသတ်သမားများကို တွေ့ရသော်လည်း သူသည် လုံးဝမမှုပါ။

"မာယာ… မင်း ဒီသုံးယောက်ခေါ်လာလို့ ငါကကြောက်မယ် များ မှတ်လို့လား"

သူသည် ပြောပြီးသည်နှင့် လျှပ်တပြက်တိုက်ခိုက်လိုက်ရာ ကြေးတန်းစားလူသတ်သမားသုံးယောက်မှာ အဝေးသို့လွင့်စင်သွားသည်။

ထိုစဉ်မှာပင်…

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့ ရောက်ရှိလာသည်။

သန်းဖုံးက မာယာအား လှည့်ကြည့်လိုက်သည်။

"မင်းက စစ်ကူတွေ ခေါ်လာတာကိုး"

သန်းဖုံးက ခပ်မဲ့မဲ့ပြောလိုက်သည်။

ဝေ့ထင်းက ရှေ့သို့ခြေလှမ်းလှမ်းလိုက်သည်။

နှုတ်မှလည်း တည်ငြိမ်အေးဆေးစွာ…

"သန်းဖုံး မင်းနဲ့ငါ စာရင်းရှင်းဖို့သင့်ပြီ ထင်တယ်"

"ဟား… ဟား… ဟား"

သန်းဖုံးက အားရပါးရ ရယ်မောလိုက်လေ၏။

"ဝေ့ထင်း မင်းကံကောင်းလို့မသေတာ၊ ဒီတစ်ခါတော့ မင်း သေဖို့သေချာပြီ"

သူသည်ပြောပြီးသည်နှင့် ဝေ့ထင်းအား တိုက်ခိုက်လိုက်လေတော့သည်။

ဝေ့ထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။

ခဏချင်းမှာပင် သိုင်းကွက်ငါးဆယ်ထိ ယှဉ်ပြိုင်ခဲ့ကြလေသည်။

နောက်ဆုံးတွင် ဝေ့ထင်းသည် မိုးဓားနှင့်ငရဲဓား သိုင်းကွက်



ကို အသုံးပြုလိုက်ရာ သန်းဖုံးမှာ ဒဏ်ရာပြင်းထန်စွာရရှိသွားလေသည်။

ဝေ့ထင်းက အောင်နိုင်သူ၏အပြုံးမျိုးဖြင့် မေးလိုက်သည်။

"ကဲ… သန်းဖုံး မင်းရဲ့အပြစ်ကို ဝန်ခံလား"

ထိုစဉ်မှာပင်…

ချွန်ယိတို့လူစု ရောက်ရှိလာသည်။

ချွန်ယိနှင့်ရှောင်လန်းတို့ ရောက်ရှိလာခြင်းသည် ဝေ့ထင်းအဖို့ အနှောင့်အယှက် ဖြစ်နေ၏။

သန်းဖုံးသည် အခွင့်အရေးကို ရလိုက်သဖြင့် ထွက်ပြေးသွားသည်။

"သန်းဖုံး မင်းပြေးလို့ မလွတ်ပါဘူး"

ဝေ့ထင်းကပြော၍ ပြေးလိုက်သွားလေသည်။

ချွန်ယိနှင့် ရှောင်လန်းတို့က ဟန့်တားလိုက်လေသည်။

"ရပ်လိုက်…"

ဝေ့ထင်းက သန်းဖုံးအား ညွှန်ပြလိုက်သည်။

"ခင်ဗျားတို့ ဘာဖြစ်လို့တားတာလဲ၊ သန်းဖုံး ထွက်ပြေးသွားပြီ"

ချွန်ယိက မဲ့ပြုံးပြုံးလိုက်သည်။

"မသိရင်ခက်မယ်၊ ခင်ဗျားကသူ့ကို နှုတ်ပိတ်မလို့ မဟုတ်လား"

ဝေ့ထင်း ဒေါသထွက်လွန်း၍ ချွန်ယိအား တိုက်ခိုက်လိုက်လေသည်။

ချူစန်းက ဝင်ရောက်လာသည်။

"မလုပ်နဲ့…"

နှုတ်မှဟန့်တားပြောဆိုလိုက်သော်လည်း သူ့လက်မှ ဝေ့ထင်းအား တိုက်ခိုက်လိုက်လေသည်။

ထိုစဉ်မှာပင်...

ချွန်ယိက ပေ့ယို့ချင်းအား အလစ်ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ပေ့ယို့ချင်းမှာ မိမိအား ဤသို့အလစ်ဝင်တိုက်ခိုက်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

ထို့ကြောင့်...

မရှောင်လင့်ပဲ ဒဏ်ရာရရှိသွားလေတော့သည်။

ပေ့ယို့ချင်း ဒဏ်ရာရသွားသည်ကို မြင်သောအခါ ဝေ့ထင်းမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ချူစန်းနှင့် တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး ပေ့ယို့ချင်းထံသို့ ပြေးလွှားသွားလေသည်။

"ပေ့ယို့ချင်း မင်းဒဏ်ရာ တော်တော်များသွားသလားဟင်"

ဝေ့ထင်းက မေးလိုက်၏။

ပေ့ယို့ချင်းက ခေါင်းခါယမ်းလိုက်သည်။

"မများပါဘူး အစ်ကိုရယ်"

ဤတွင် ဝေ့ထင်းသည် ချွန်ယိအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ချွန်ယိ မင်းသေဖို့သာပြင်ထား"

ဝေ့ထင်းက ဒေါသတကြီး ပြော၏။

သို့သော်...

ပေ့ယို့ချင်းက ဟန့်တားထားလိုက်သည်။

"မလုပ်ပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့ သွားကြရအောင်"



ဝေ့ထင်းသည် ပေ့ယို့ချင်းအား ဖေးမလိုက်သည်။

သူသည် သတိကြီးစွာဖြင့် ချူစန်းတို့လူစုအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက်...

"မင်းတို့ကို သတိပေးလိုက်မယ်၊ ယို့ချင်း တစ်စုံတစ်ခုဖြစ်ရင် မင်းတို့အားလုံးကို ငါလိုက်သတ်မယ်"

ကြိမ်းဝါးလိုက်ပြီး ပေ့ယို့ချင်းအားတွဲ၍ ထွက်ခွာသွားလေတော့သည်။

ပေ့ယို့ချင်း၏ဒဏ်ရာမှာ အတော်ပြင်းထန်နေသည်။

ထို့ကြောင့်...

ဝေးဝေးမသွားနိုင်ပဲ လူသူနည်းသော ခြံဝင်းတစ်ခုတွင် ဝင်ရောက်နားနေရသည်။

ပေ့ယို့ချင်းမှာ ဒဏ်ရာအရှိန်ဖြင့် မှိန်းနေသည်။

ဝေ့ထင်းသည် ပေ့ယို့ချင်း၏ ဒဏ်ရာကိုကြည့်ကာ မျက်မှောင်ကြုတ်သွားလေသည်။

"ညီမ ဒီမှာခဏလေးလှဲနေနော်၊ အစ်ကို ဆေးသွားပြီးဝယ်မှဖြစ်မယ်"

ပေ့ယို့ချင်းက ခေါင်းညိတ်လိုက်သည်။

နွမ်းလျှသည့် လေသံဖြင့်...

"ဟုတ်ကဲ့ အစ်ကို... အမြန်ဆုံးပြန်လာခဲ့နော်"

ဝေ့ထင်းက ပျာပျာသလဲ ပြောဆိုသည်။

"စိတ်ချပါ ညီမရယ်"

ဝေ့ထင်းသည် ပေ့ယို့ချင်းအား သေချာစွာ လဲလျောင်းစေပြီးမှ ပြေးထွက်သွားခွာလေတော့သည်။

ဝေ့ထင်း မြို့ကလေးထဲသို့ ဝင်ရောက်လာသောအခါ တိုက်တိုက်ဆိုင်ဆိုင် နန်းကုန်းသက်နှင့် တွေ့ဆုံမိကြသည်။

နန်းကုန်းသက်သည် သူ့အား စိမ်းစိမ်းကြည့်နေသည်။

"ရပ်လိုက် ..."

နန်းကုန်းသက်က သူ့အား ဟန့်တားလိုက်၏။

ဝေ့ထင်းက ခြေလှမ်းရပ်တန့်လိုက်ရသည်။

"ဘာလုပ်မလို့လဲ သခင်လေး"

နန်းကုန်းသက်က ဓားကိုဆွဲထုတ်လိုက်၏။

"မင်းနဲ့ စိတ်မကျေပွဲ တစ်ပွဲတော့ နွှဲချင်သေးတယ်"

ဝေ့ထင်းက ပခုံးတွန့်လိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်မှာ အချိန်မရပါဘူး"

သူသည် စကားဆုံးသည်နှင့် ကွေ့ရှောင်၍ ပြေးထွက်သွားသည်။

နန်းကုန်းသက်မှာ ဘာမျှမတတ်နိုင်တော့ပဲ ဒေါသကြီးစွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

ဝေ့ထင်းအဖို့ ပေ့ယို့ချင်းအား ကုသရန် ဆေးဝါးများလိုအပ်နေသည် မဟုတ်ပါလား။

သူသည် ဘယဆေးဆိုင်ဆရာကြီးတစ်ဦးထံသို့ ပြေးသည်။

ဝေ့ထင်းသည် ဆေးဝါးဝယ်ယူပြီးနောက် ခြံဝင်းပျက်ထဲသို့ ပြန်လည်ရောက်ရှိလာသည်။

သူသည် ခြံဝင်းထဲသို့လှမ်းဝင်လိုက်သည်နှင့် ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားရလေတော့သည်။

သူ့မျက်နှာလည်း ကွက်ခနဲ ပျက်သွားသည်။

သူ မြင်တွေ့လိုက်ရသော မြင်ကွင်းမှာ သန်းဖုံးက ဓားတစ်



လက်ဖြင့် ပေ့ယို့ချင်း၏ လည်မျိုကို ထောက်ထားသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်တည်း။

ဝေ့ထင်း မခံမရပ်နိုင်အောင်ဖြစ်လာကာ ဒေါသဖြင့် မေးလိုက်၏။

"သန်းဖုံး ခင်ဗျားက လူမှဟုတ်ရဲ့လား"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

အားပါးတရ ရယ်မောလိုက်လေတော့သည်။

"ငါ့ကို ဒီလိုလာမပြောနဲ့ မှရဘူး"

သူသည် ရယ်မောနေသော်လည်း ပေ့ယို့ချင်းအား အလစ်မပေးပါ။

ဓားဖြင့် ထောက်မြဲ ထောက်ထားသည်။

ပေ့ယို့ချင်းမှာ ဘာမျှမတတ်နိုင်ပါ။

"ကဲ ... ခင်ဗျား ဘာလိုချင်သလဲဆိုတာ ရှင်းရှင်းပြောပါ"

သန်းဖုံးက ပြုံးလိုက်၏။

"အေး ... ဒီလိုဆက်ဆံရမှာပေါ့"

သူသည် ထပ်မံ ပြုံးပြလိုက်ပြန်သည်။

"ရွှေရောင်ငှက်ရုပ်ရဲ့ လျှို့ဝှက်ချက်ကို ပြောပြရင် သူ့ကို လွှတ်လိုက်မယ်"

ဝေ့ယင်းက ခေါင်းညိတ်လိုက်လိုက်သည်။

"ကောင်းပြီလေ ... သူ့ကိုအရင်လွှတ်လိုက်ရင် ပြောပြပါမယ်"

သန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ငါ မင်းကို မယုံဘူး"

ဝေ့ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားလို လူယုတ်မာမျိုးကိုကော ကျုပ်ကယုံရမှာလား ဗျ"

သန်းဖုံးက ရယ်မောလိုက်၏။

"ပေယို့ချင်း ငါ့လက်ထဲမှာရှိတယ်ဆိုတာ မင်း သတိထားသင့်တယ်နော်"

သန်းဖုံးက ချက်ပိုင်စွာ ပြောဆိုလိုက်ခြင်းဖြစ်၏။

ဝေ့ထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ့မှာ ဒဏ်ရာအတော်ပြင်းထန်နေတယ်၊ အချိန်ကြာသွားရင် ဒုက္ခဖြစ်နိုင်လို့ သူ့ကိုလွှတ်ပေးပါဗျာ"

သန်းဖုံးက ပြုံးလိုက်သည်။

"ဒီအတွက် မင်းမပူပါနဲ့၊ ငါသူ့ကို ဆေးတိုက်ထားပြီးပါပြီ မသေနိုင်ပါဘူး"

ဝေ့ထင်းက သက်ပြင်းချလိုက်လေသည်။

"ဒါဖြင့် ရွှေရောင်ငှက်ရုပ်ပေးပါ"

သို့သော်...

ပေယို့ချင်းက ဟန့်တားလိုက်၏။

"ပြောမပြနဲ့ ဝေ့ထင်း"

ဝေ့ထင်းက သူမအား ပြုံးပြလိုက်သည်။

"လောကမှာ မင်းထက်တန်ဖိုးရှိတဲ့အရာဆိုလို့ ဘာမှမရှိတော့ပါဘူး"

နှုတ်ကလည်းပြောရင်း လက်ကလည်း သန်းဖုံးလှမ်းပေးသော ရွှေရောင်ငှက်ရုပ်ကို ယူလိုက်လေသည်။

ထို့နောက်...



သူသည် ငှက်ရုပ်အား အနီးရှိ ခုံပြတ်တစ်ခုပေါ်သို့ တင်ထားလိုက်လေသည်။

တစ်ဖန် ယင်းခုံပြတ်အား ပြိုလဲနေသော နံရံအနီးသို့ရွှေ့ထားလိုက်ပြန်သည်။

ထို့နောက်...

ဘုရားစင်ထဲမှ ဖယောင်းတိုင်အကျန်များကို ရှာဖွေပြီး မီးထွန်းလိုက်လေသည်။

သူသည် ဖယောင်းတိုင်အား နံရံဘက်သို့ထားပြီး ငှက်ရုပ်အား ဖယောင်းတိုင်၏ နောက်မှထားလိုက်သည်။

သို့ရာတွင်...

နံရံပေါ်၌ မည်သည့်အရာကိုမျှ ပေါ်လာခြင်း မတွေ့ရပါ။

သန်းဖုံးက မဲ့ပြုံး ပြုံးလိုက်၏။

"ဝေ့ထင်း မင်း ငါ့ကို မလိမ်ချင်စမ်းပါနဲ့"

ဝေ့ထင်းက လက်ကာပြလိုက်သည်။

"နေပါဦး... ကျုပ် စဉ်းစားပါရစေဦး"

ဝေ့ထင်းက ယင်းသို့ပြောပြီး အတန်ကြာ စဉ်းစားလိုက်သည်။

တစ်ခဏအကြာတွင် သူသည် ငှက်ရုပ်နှင့် ဖယောင်းတိုင်ကို နေရာချင်း လဲလှယ်လိုက်ပြန်သည်။

ယင်းသို့ လဲလှယ်လိုက်သောအခါ နံရံပေါ်၌ အုံသြဖွယ်ရာ မြေပုံတစ်ခု ထင်ဟပ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ယင်းမြေပုံမှာ လုံယန်းမြို့၏ မြေပုံဖြစ်သည်။

ထို့ပြင်...

မြေပုံပေါ်တွင် နဂါးဟူသော စကားလုံးများကိုပါ တွေ့ရှိလေသည်။

ထိုစဉ်...

မာယာကလည်း အခန်းထဲသို့ ရောက်ရှိလာလေတော့သည်။

သူမသည် နံရံပေါ်တွင် ထင်ဟပ်ပေါ်လွင်နေသော မြေပုံအား ကြည့်ကာ မှတ်သားထားလိုက်၏။

သန်းဖုံးသည် ယင်းမြေပုံကိုတွေ့မြင်လိုက်သည်နှင့် ဝှက်ရုပ်ကို ကမန်းကတန်းကောက်ယူလိုက်ပြီး ချာခနဲလှည့်ကာ အခန်းထဲမှ လျင်မြန်စွာ ပြေးထွက်ခွာသွားတော့သည်။

ဝေထင်းသည် ပေ့ယို့ချင်းအား ပွေ့ချီထားလိုက်၏။

"ညီမ ဘယ့်နှယ်နေသေးလဲ"

သူမ၏နှုတ်မှ ကြင်နာစွာမေးလိုက်၏။

ပေ့ယို့ချင်းက ခေါင်းညိတ်လိုက်၏။

"သန်းဖုံးက ကျောက်ကျစ်စဉ်းလဲပေမယ့် ကျွန်မအတွက်တော့ ဆေးသွားဝယ်ပေးတယ်၊ ဒါကြောင့် အတော်သက်သာသွားပါပြီ"

ဝေထင်းသည် သူမအား လဲလျောင်းပြီး အနားယူစေလေသည်။

"ကဲ... ညီမ အေးအေးဆေးဆေး အနားယူပေတော့၊ သန်းဖုံးက လုံယန်းမြို့ကို အရေးတကြီး သွားတော့မှာပါ"

ပေ့ယို့ချင်းက သက်ပြင်းချလိုက်သည်။

"ကျွန်မကြောင့် အခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး အစ်ကိုရယ်"

ဝေထင်းက ပြုံးပြလိုက်သည်။



ပြီးမှ...

"ညီမရယ် ဒီတစ်လောကလုံးမှာ ဘယ်အရာမှ ညီမလောက် အရေးမကြီး တန်ဖိုးမကြီးပါဘူး၊ ညီမဟာ အစ်ကိုရဲ့ အသက်ပါပဲ ညီမရယ်"

ကြင်နာစွာ ပြောလိုက်၏။

"ဪ... အစ်ကိုရယ်"

ပေ့ယို့ချင်းမှာ ဝေထင်း၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေတော့သည်။

✿✿✿

## အခန်း (၄၈)

# နဂါးဥယျာဉ် နံ့သာဥယျာဉ်

မာယာသည် ကျောက်နဂါးဂိုဏ်းသို့ ဦးတည်၍ လာနေ၏။

ကျောက်နဂါးဂိုဏ်းသို့ရောက်လျှင် ရောက်ချင်းပင် ချင်းစုလှုံအား ဦးညွှတ်လိုက်၏။

ပြီးနောက်...

ရွှေရောင်ငှက်ရုပ်၏ လျှို့ဝှက်ချက်များအားလုံးကို တစ်ခု မကျန် ပြောပြလိုက်၏။

ချင်းစုလှုံမှာ စိတ်ဝင်စားစွာဖြင့် နားစွင့်နေ၏။

"ညည်း တွေ့ခဲ့တယ်ဆိုတာ အမှန်ပဲလား"

မာယာက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ အမှန်ပါပဲ ဂါခင်မကြီး"

ချင်းစုလှုံက ခေါင်းညိတ်လိုက်၏။

"ဒီအတိုင်းသာဆိုရင် သန်းဖုံးကတော့ အရင်ရောက်တော့မှာပဲ"

ထို့နောက် စကားဆက်လိုက်၏။



"အတုမဲ့သိုင်းကျမ်းသာ ငါရနိုင်မယ်ဆိုရင် ညည်းကို အပြစ်က ခွင့်လွှတ်လိုက်မယ်၊ ဒါ့အပြင် လိုတာကိုလည်း ငါပေးမယ်"

မာယာ ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် သခင်မကြီး"

ချင်းစုလှုံက စုတုံးဘက်သို့လှည့်လိုက်ကာ...

"ဂိုဏ်းချုပ်ကြီး ဒီတာဝန်ကို ရှင်ထမ်းဆောင်နိုင်ပါ့မလား"

စုတုံးက မဆိုင်းမတွပင် ခေါင်းညိတ်အဖြေ ပေးလိုက်၏။

"ဟုတ်ကဲ့ ထမ်းဆောင်နိုင်ပါတယ်"

ချင်းစုလှုံက ကျေနပ်စွာ ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ ပိုပြီးစိတ်ချရအောင် ဂိုဏ်းချုပ်လန်ကွေ့ကို အဖော်ခေါ်သွားပေါ့"

စုတုံးက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ပါ သခင်မကြီး"

ချင်းစုလှုံက စကားဆက်လိုက်ပြန်သည်။

"ဒီကိစ္စက သိပ်အရေးကြီးတယ်၊ အခုချက်ချင်းပဲ သွားကြတော့"

သူမက အမိန့်ပေးလိုက်၏။

လန်ကွေ့နှင့် စုတုံးတို့က ဦးညွှတ်ကာ ကျောက်နဂါးဂိုဏ်းမှ ထွက်ခွာသွားလေတော့သည်။

✿✿✿

နန်းကုန်းစုသည် အကြီးအကျယ် စိတ်ရှုပ်နေ၏။

သူသည် ချူစန်းအား စိုက်ကြည့်လိုက်မိသည်။

"ခင်ဗျားပြောတာကို နားထောင်ရတာ ကျုပ်ဖြင့် မယုံကြည်နိုင်လောက်အောင် ဖြစ်နေတယ်"

ချူစန်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဟုတ်ပါတယ်၊ မျက်မြင်ကိုယ်တွေ့သာ မဟုတ်ရင် ကျုပ်လဲ သူ့ကို ဒီလောက်ဆိုးလိမ့်မယ်လို့ ယုံကြည်မှာ မဟုတ်ဘူး"

နန်းကုန်းစုက မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်စိတ်ထဲမှာ ဘဝင်မကျတဲ့အချက် တစ်ခုတော့ရှိတယ်"

"ဘာများလဲ ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက စဉ်းစားပြီးပြောသည်။

"သူနဲ့ မိုးပြာဂိုဏ်းချုပ်ဟာ ရန်ငြိုးမရှိတဲ့အပြင် သူ့တပည့်မဖြစ်တဲ့ ရှောင်လန်းကိုလဲ အသက်ကယ်ခဲ့ဖူးသေးတယ် မဟုတ်လား"

ချူစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ကျုပ်စဉ်းစားလို့မရအောင် ဖြစ်နေပါတယ်"

ပေ့ဝမ်းက ကြားဖြတ်ပြောလိုက်ပြန်သည်။

"ဝေ့ထင်းဟာ တို့ဆီမှာတော့ ရိုးရိုးသားသား နေထိုင်ပြုမူတဲ့ လူငယ်တစ်ယောက်ပါ၊ ဘယ့်နှယ် အပြင်ရောက်သွားမှ ပျက်စီးချင်တိုင်း ပျက်စီးနေပါလိမ့်"

ပေ့ဝမ်းက မှတ်ချက်ချလိုက်သည်။

ချွန်ယီက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါတော့ ကျုပ်မသိဘူး၊ ခင်ဗျားသမီးက သူနဲ့ အတူတူနေတယ်၊ ခင်ဗျားသမီး မေးကြည့်ရင် သိမှာပေါ့ဗျာ"

ပေ့ဝမ်း ဒေါသပြင်းစွာ ထွက်လာလေသည်။



"ကျုပ်သမီးက သူနဲ့အတူရှိတယ်ဆိုတာ ကျုပ်မယုံဘူး"

ချွန်ယီက မဲ့ပြုံးပြုံးရင်း ပြောလိုက်လေ၏။

"ခင်ဗျားမယုံဘူးလို့ မငြင်းပါနဲ့၊ ကျုပ်ကိုယ်တိုင် တွေ့ခဲ့တာဗျ"

နန်းကုန်းစုက လက်ကာပြလိုက်သည်။

"ခင်ဗျားတို့ပြောတဲ့အတိုင်း ဝေ့ထင်းရဲ့လက်ချက်ဆိုရင် ကျုပ်တို့ကိုယ်တိုင် လိုက်ရှာပြီး ကိုယ်တိုင်သတ်ပေးပါ့မယ်၊ အေး တစ်ခုတော့ရှိတယ်၊ ဝေ့ထင်းအပေါ် မဟုတ်မမှန် သက်သက်မယ့် စွပ်စွဲတယ်ဆိုရင်တော့ ခင်ဗျားတို့ကိုလဲ ကျုပ်ကရှင်းရပါလိမ့်မယ်"

သူသည်ပြောပြီး ပေ့ဝမ်းဘက်သို့ လှည့်လိုက်လေ၏။

"ပေ့ဝမ်း ဧည့်သည်တွေကို အပြင်ရောက်အောင် လိုက်ပို့ပေးလိုက်ပါ"

သူက အမိန့်ပေးလိုက်လေ၏။

✿✿✿

လောက်တနှင့် လောက်အော့တို့သည် အရက်သောက်နေကြ၏။

သူတို့သည် မာယာအား လိုက်လံရှာဖွေရင်း ဤစားသောက်ဆိုင်ထဲသို့ ဝင်ရောက်စားသောက် နေကြခြင်းဖြစ်သည်။

ထိုစဉ်...

လူထူးဆန်းအဘိုးအိုနှင့် ကြူးကြူးတို့သည် ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်။

ဆိုင်လုလင်များက စားပွဲများကို သုတ်ပေးရင်း ခရီးဦးကြိုဆိုလိုက်ကြသည်။

"ဘာများ သုံးဆောင်ကြမလဲ ခင်ဗျား"

လူထူးဆန်းအဘိုးအိုက ခေါင်းခါယမ်းပြလိုက်၏။

"စားဖို့လာတာမဟုတ်ဘူး၊ အခန်းတစ်ခု လိုချင်လို့ပါကွာ"

ဆိုင်လုလင် ခေါင်းညိတ်လိုက်၏။

"အခန်းကောင်းကောင်း ရှိပါတယ်၊ အပေါ်ထပ်ကို လိုက်ခဲ့ပါ ခင်ဗျား"

ပြောပြီးနောက် လူထူးဆန်းအဘိုးအိုနှင့် ကြူးကြူးတို့အား အပေါ်ထပ်သို့ ခေါ်ဆောင်သွားသည်။

လောက်တက အသံတိုးတိုးဖြင့် လောက်အော့အား ပြောလိုက်၏။

"ဟေ့ ... လောက်အော့ မင်းတွေ့တယ် မဟုတ်လား"

လောက်အော့က ခေါင်းညိတ်ပြလိုက်၏။

"တွေ့ပါတယ်"

လောက်တက ပြုံးဖြီးဖြီးဖြင့်...

"ကျောက်နဂါးဂိုဏ်းက သခင်မလေးက မလှဘူးလား"

"ဟာ ... သိပ်လှတာပေါ့"

"မင်း မလိုချင်ဘူးလား"

လောက်အော့က ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့ဗျာ၊ ဒုက္ခရောက်သွားပါဦးမယ်"

"ဟား ... ဟား ... ဟား"

လောက်တက ရယ်မောလိုက်၏။

လောက်အော့က မျက်မှောင်ကြုတ်၍...

"မင်းက ဘာ့ကြောင့်ရယ်တာလဲ"



"ရယ်တာပေါ့ကွ၊ မင်းမသိဘူးလား သခင်မလေးက သိုင်းပညာ လုံးဝမရှိတော့တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့နောက်မှာ အဘိုးကြီးတစ်ယောက် ပါလာတယ်ကွ"

လောက်တက ရယ်မောလိုက်ပြန်သည်။

"အဲဒီ အဘိုးကြီးကို မပူစမ်းပါနဲ့ကွာ၊ လက်သီးချက် တစ်ချက်ထိုးတာနဲ့ လဲသွားမယ့် အ[illegible]ကြီးပါ"

လောက်တ၏ စကားကြောင့် လောက်အော့က စိတ်ဝင်စားလာလေသည်။

"မင်းက ဘယ်လို လုပ်ချင်လို့လဲ"

လောက်တက သူ့နားကိုတိုးတိုးလေးကပ်၍ ပြောလုက်ရာ လောက်အော့သည် တပြုံးပြုံးနှင့် ခေါင်းညိတ်နေလေတော့သည်။

ဤသို့ဖြင့်...

အချိန်က တရွေ့ရွေ့ကုန်ဆုံးသွားကာ ညအချိန်သို့ ဆိုက်ရောက်လာလေ၏။

မှောင်မိုက်သောည ဖြစ်ပါသည်။

လူရိပ်နှစ်ခုသည် တည်းခိုခန်း၏ အပေါ်ထပ်သို့ တိတ်တဆိတ် တက်သွားကြသည်။

သူတို့သည် ခြေသံမကြားအောင် ဖော့၍နင်းကာ ကြူးကြူး အခန်းရှိရာသို့ လျှောက်သွားသည်။

သူတို့သည် ကြူးကြူး၏အခန်းရှေ့သို့ ရောက်ရှိလာသော အခါ အိတ်ထဲမှ ဝါးပြွန်တစ်ချောင်းထုတ်ယူလိုက်ပြီး အခန်းထဲသို့ မှုတ်သွင်းလိုက်လေသည်။

ထိုအခါ...

ဝါးမြွန်မှ ထွက်လာသော အငွေ့များသည် အခန်းထဲသို့ ဝင်ပြီး တဖြည်းဖြည်း လွှမ်းမိုးသွားသည်။

လူနှစ်ယောက်မှာ လောက်တနှင့်လောက်အော့တို့ပင် ဖြစ်ပါသည်။

သူတို့သည် ကြူးကြူး၏ အခန်းထဲသို့ အိပ်ငွေ့ချနေခြင်း ဖြစ်သည်။

အတန်ကြာသွားပေ့ာမှ လောက်တက လောက်အော့ဘက်သို့လှည့်ကာ ပြုံးပြလိုက်၏။

"ဟော့ ... ကြည့်စမ်း သူအိပ်ငွေ့မိသွားပြီ ထင်တယ်"

လောက်အော့က အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

ဤတွင် ခုတင်ပေါ်၌ ကြူးကြူးက အိပ်မောကျနေသည်ကို တွေ့မြင်ရလေသည်။

"ဟုတ်တယ်ကွ၊ သူအိပ်ပျော်နေပြီ"

ထိုစဉ်...

သူတို့နောက်တွင် လူတစ်ယောက် ရောက်လာသည်။

သူတို့သည် ကြူးကြူးကို စိတ်ဝင်စားနေသဖြင့် သတိမပြုမိချေ။

သူတို့သည် အခန်းတံခါးကို တွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်ရောက်ရန် ကြိုးပမ်းကြ၏။

ထိုအခါကျမှ သူတို့နောက်မှရောက်ရှိနေသောလူက သူတို့၏လည်ကုပ်ကို ဖမ်းဆုပ်ထားလိုက်လေသည်။

ယခုမှ လောက်တနှင့်လောက်အော့တို့ ထိတ်လန့်တုန်လှုပ်သွားကြသည်။



လှည့်ကြည့်လိုက်သောအခါ ကြူးကြူးနှင့်အတူပါလာသော အဘိုးအိုဖြစ်နေသည်ကို တွေ့ရှိလိုက်လေသည်။

သူတို့သည် ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

လူထူးဆန်းအဘိုးအိုက သူတို့အား ရိုက်နှက်လိုက်တော့မှ အဘိုးအိုမှာ ထိပ်တန်းသိုင်းပညာရှင်ဖြစ်နေမှန်း သိရှိလိုက်ကြရတော့သည်။

"ကျွန်တော်တို့ကို ချမ်းသာပေးပါဗျာ"

လောက်တက မဟန်မှန်းသိ၍ တောင်းပန်လိုက်သည်။

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ကို အသက်ချမ်းသာပေးဖို့ဆိုတာ ငါ့ဆရာကို မေးရဦးမယ်"

အဘိုးအိုက အေးစက်တည်ငြိမ်စွာ ပြောဆိုလိုက်သည်။

ထို့နောက်...

တံခါးတွန်းဖွင့်လိုက်ပြီး လောက်တနှင့်လောက်အော့တို့အား အခန်းထဲသို့ တွန်းထည့်လိုက်၏။

ကြူးကြူးလည်း အိပ်ရာမှ နိုးလာသည်။

သူမသည် လူထူးဆန်းအဘိုးအိုက လောက်တနှင့်လောက်အော့တို့ကို ဖမ်းခေါ်လာသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားမိ၏။

"တုရှောင် ဘယ်လိုဖြစ်ကြတာလဲ"

သူမက မေးလိုက်သည်။

လူထူးဆန်းအဘိုးအိုက ပခုံးတစ်ချက် တွန့်လိုက်သည်။

"သူတို့နှစ်ယောက်က ဆရာကိုအိပ်ငွေ့ချတုန်း ကျုပ်က ဖမ်းလာတာပါ"

ရှင်းပြလိုက်၏။

ကြူးကြူးက လောက်တတို့အား တစ်ချက်ကြည့်လိုက်လေသည်။

လောက်တနှင့် လောက်အောတို့မှန်း သိသောအခါ မျက်နှာထား တင်းမာသွားသည်၊

"ရှင်တို့ တော်တော် ယုတ်မာပါလား"

လောက်တနှင့် လောက်အောတို့သည် အနူးအညွတ် တောင်းပန်နေကြသည်။

"ကျွန်တော်တို့ မိုက်ပါတယ်ခင်ဗျား၊ အသက်ချမ်းသာပေးပါ သခင်မလေး"

လူထူးဆန်း အဘိုးအိုက ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

"ငါ့ဆရာကို စော်ကားတဲ့အတွက် မင်းတို့ကို ငါသတ်ပစ်မယ်"

လောက်တနှင့် လောက်အောတို့သည် ထိုအဘိုးအိုမှာ အလွန် ရက်စက်ကြမ်းကြုတ်ပြီး ကျော်ကြားခဲ့သော လူထူးဆန်း အဘိုးအို တုရှောင်မှန်း သိလိုက်သည်နှင့် ထိတ်လန့်တုန်လှုပ်သွားသည်။

"ကျွန်တော်တို့ တောင်းပန်ပါတယ်၊ ကျွန်တော်တို့ကို ချမ်းသာပေးပါခင်ဗျား"

ထပ်တလဲလဲ တောင်းပန်နေကြသည်။

သို့သော်...

လူထူးဆန်းအဘိုးအိုက ခေါင်းခါယမ်းလိုက်၏။



"မရဘူး သတ်ပစ်မယ်"

သူသည် ပြောပြီးသည်နှင့် ရိုက်နှက်လိုက်ပြန်သည်။

ကြူးကြူးက သက်ပြင်းချလိုက်၏။

ပြီးနောက်...

ဟန့်တားလိုက်သည်။

"တုရှောင် သူတို့ကို လွှတ်လိုက်ပါ"

လူထူးဆန်းအဘိုးအိုက အံ့သြစွာဖြင့် ကြူးကြူးအား ကြည့်လိုက်လေသည်။

"ဗျာ ... သူတို့ကို လွှတ်လိုက်ရမယ် ဟုတ်လား"

အဘိုးအိုက မယုံကြည်နိုင်စွာ မေးလိုက်၏။

ကြူးကြူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... သူတို့ကို လွှတ်လိုက်ပါ"

လူထူးဆန်းအဘိုးအိုသည် လောက်တနှင့် လောက်အောတို့အား ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

"ငါ့ဆရာကြောင့် မင်းတို့အသက်ချမ်းသာသွားတာ၊ နောက် မင်းတို့မျက်နှာကို ဘယ်တော့မှ မမြင်တွေ့ရစေနဲ့"

ပြောပြီး ကန်လိုက်ရာ လောက်တနှင့်လောက်အောတို့သည် လေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ကျသွားလေတော့သည်။

✿✿✿

လုံယန်းမြို့သည် အလွန်စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။

လမ်းမတစ်လျှောက်လုံးမှာ စားသောက်ဆိုင်များ၊ တည်းခိုခန်းများ၊ အထည်ဆိုင်များ စသည်ဖြင့် ရောင်းဝယ်ဖောက်ကားထားသောဆိုင်များ ပြည့်နှက်၍နေလေသည်။

ထိုစဉ်...

လုံယန်းမြို့တော်သို့ ပေ့ယို့ချင်းတို့ ရောက်ရှိလာခဲ့ကြ
သည်။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့သည် လုံယန်းမြို့ထဲသို့ ရော
သောအခါ အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်နေသည်ကို တွေ့
လိုက်ရ၍ ငေးမောကြည့်နေမိကြသည်။

ပေ့ယို့ချင်းက အသံတိုးတိုးဖြင့်...

"လုံယန်းမြို့တော့ရောက်ပြီ၊ နဂါးဥယျာဉ်ဆိုတာ ဘယ်မှာလဲ

ဝေ့ထင်းက ခေါင်းကုတ်လိုက်သည်။

"အစ်ကိုလဲမသိဘူး၊ လိုက်ရှာကြည့်တာပေါ့"

"အို ... လိုက်ရှာရင် အချိန်ကုန်သွားမှာပေါ့၊ တစ်ယော
ယောက် သွားမေးရင် မကောင်းဘူးလား"

ပေ့ယို့ချင်းက အကြံပေးလိုက်၏။

ဝေ့ထင်းက ခေါင်းညိတ်ကာ စားသောက်ဆိုင်တစ်ဆိုင်း
ညွှန်ပြရင်း...

"ဟိုဆိုင်မှာ တစ်ခုခုဝင်စားရင်းနဲ့ စုံစမ်းကြည့်တာပေါ့"

ပေ့ယို့ချင်းက ခေါင်းညိတ်လိုက်၏။

"ဒါလဲ ကောင်းသားပဲ"

ထို့နောက်...

သူတို့နှစ်ယောက်သား စားသောက်ဆိုင်ရှိရာသို့ လျှော
သွားလိုက်ကြသည်။

✿✿✿



"ထိုင်ပါဗျာ ထိုင်ပါ ... ဘာများသုံးဆောင်ကြမလဲခင်ဗျား"

ဆိုင်လုလင်သည် ဝေ့ထင်းနှင့် ပေ့ယို့ချင်းကို့အား နှုတ်ဆက်
ကြိုဆိုလိုက်သည်။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့က စားပွဲတစ်ခု၌ ဝင်ရောက်ထိုင်
ချလိုက်ကြလေသည်။

"ကျုပ်တို့နှစ်ယောက်စာ ထမင်းအရင်ပေးပါ"

ဝေ့ထင်းက ပြောလိုက်၏။

သို့သော်...

ပေ့ယို့ချင်းက ကြားဖြတ်ပြောလိုက်၏။

"ဒါနဲ့ မသိလို့မေးပါရစေ ... ဒီမြို့မှာ နဂါးဥယျာဉ်ဆိုတာ
ရှိလား"

ဆိုင်လုလင်က ရယ်မောလိုက်လေသည်။

သူတို့ ဤမေးခွန်းကို မကြာခဏ ကြားခဲ့ဖူးဟန်ဖြင့်...

"လာပြန်ပြီတစ်ယောက် နဂါးဥယျာဉ်ဆိုတာ မရှိပါဘူး၊
နံ့သာဥယျာဉ်သာ ရှိပါတယ်၊ ခုနလေးတင် လူတစ်ယောက်ကိုလဲ
ပြောပြလိုက်ရတယ်"

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့က အချင်းချင်း အပြန်အလှန်
ကြည့်လိုက်မိသည်။

"ဟုတ်လားဗျာ ... နံ့သာဆိုတာ ဘယ်နားမှာရှိသလဲ"

ဆိုင်လုလင်က အရှေ့ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"မြို့အရှေ့ဘက်ကို တည့်တည့်သွားပါ၊ မြို့ပြင်ရောက်တာနဲ့
ခြံဝင်းတစ်ခု တွေ့ရပါလိမ့်မယ်၊ အဲဒီမှာ ခြံဝင်းမှာ ဟိုတုန်းက
နဂါးဥယျာဉ်လို့ခေါ်တယ်၊ နောက်ပိုင်းမှာ နံ့သာဥယျာဉ်လို့ နာမည်
ပေးထားတယ်၊ ထိန်းသိမ်းမယ့်သူမရှိလို့ ချုတ်ယွင်းပျက်စီးနေတယ်"

ဆိုင်လုလင်က ပြည့်စုံစွာ ရှင်းပြလိုက်သည်။

ပေ့ယို့ချင်းက မေးလိုက်ပြန်သည်။

"ခုနတင် လူတစ်ယောက် လာမေးသွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"အဲဒီလူဟာ အသက်လေးဆယ်ကျော်လောက်ရှိပြီး နှုတ်ခမ်းမွေးနဲ့ မဟုတ်လားရှင့်"

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

"ဒီလူဟာ အသက်လေးဆယ်ကျော်လောက်ရှိပြီး နှုတ်ခမ်းမွေးနဲ့လူဟုတ်တယ်၊ ထမင်းဟင်းတွေမှာပြီး ကမန်းကတန်း ထွက်သွားတာဗျ"

ဝေ့ထင်းက ဆိုင်လုလင်အား ပြုံးပြလိုက်သည်။

ပြီးနောက်...

"ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့လဲ ထမင်းမစားသေးပါဘူး"

သူသည် ပြောပြီးသည်နှင့် ပေ့ယို့ချင်း၏လက်ကိုဆွဲကာ ပြေးလွှားသွားလေသည်။

ဆိုင်လုလင်က မကျေနပ်ဟန်ဖြင့်...

"ဟေ့ ... ဟေ့ ထမင်းတွေ မှာပြီးပြီလေဗျာ"

ဆိုင်လုလင်မှာ အော်ရင်း ခေါ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ဝေ့ထင်းတို့နှစ်ယောက်မှာ နံ့သာဥယျာဉ်သို့ ဦးတည်၍ ပြေးလွှားသွားကြလေတော့သည်။

ဆိုင်လုလင်သည် စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်သည်။

မကြာမီ...

ဆိုင်ထဲသို့ လူနှစ်ယောက် လှမ်းဝင်လာသည်။

ဤတစ်ကြိမ်တွင် ဆိုင်လုလင်က စိတ်မပါလက်မပါဖြင့်...



"ဘာလဲ ခင်ဗျားတို့လဲ နဂါးဥယျာဉ် ဘယ်မှာရှိတယ်ဆိုတာ မေးမလို့ မဟုတ်လား"

ထိုလူနှစ်ယောက်မှာ လန်ကွေ့နှင့် စုတုံးတို့ပင် ဖြစ်လေသည်။

စုတုံးက အံ့ဩသွားသည်။

"ခင်ဗျား ဘယ်လိုသိသလဲ"

ဆိုင်လုလင်က ပျင်းရိပျင်းတွဲဖြင့်...

"ဟာ ... ဒီနေ့တစ်နေ့တည်း လာမေးတဲ့သူ သုံးယောက်ရှိသွားပြီလေ"

စုတုံးနှင့် လန်ကွေ့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ဆိုင်လုလင်က စကားဆက်လိုက်၏။

"မင်းတို့ သွားချင်တဲ့ နဂါးဥယျာဉ်ဟာ အခု နံ့သာဥယျာဉ်လို့ခေါ်တယ်၊ အရှေ့ဘက်ကို တည့်တည့်သွားရင် တွေ့ရပါလိမ့်မယ်"

လန်ကွေ့နှင့် စုတုံးတို့သည် ခြေလှမ်းသုတ်သုတ်ဖြင့် စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားသည်။

ဆိုင်လုလင်က ခေါင်းခါယမ်းလိုက်၏။

စိတ်ပျက်စွာဖြင့် နှုတ်မှလည်း...

"အင်း ... ဒီနေ့တော့ နောက်ထပ် ဘယ်သူလာမေးမယ်ဆိုတာ စောင့်ပြီး ပြောရမလိုဖြစ်နေပြီ"

တစ်ယောက်တည်း ညည်းညူလိုက်လေတော့သည်။

✿✿✿

နံ့သာဥယျာဉ်။

ဤနေရာသည် နံ့သာဥယျာဉ်ဖြစ်သည်။

သို့သော်...

ပိုင်ရှင်မဲ့ ဖြစ်နေသဖြင့် ပျက်စီးယိုယွင်းနေ၏။

အချို့နေရာများမှာ ထိန်းသိမ်းစောင့်ရှောက်မယ့်သူ မရှိ၍ လုံးဝ သုံးမရအောင် ဖြစ်နေ၏။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့သည် နံ့သာဥယျာဉ်သို့ ရောက်ရှိလာကြသည်။

သူတို့နှစ်ယောက် နံ့သာဥယျာဉ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် သန်းဖုံးတစ်ယောက် အခန်းထဲမှာ ရှာဖွေနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့က ပြတင်းပေါက်မှနေပြီး အကဲခတ်ကြည့်နေကြသည်။

အတန်ကြာသွားသည့်တိုင် သန်းဖုံးသည် ရှာမတွေ့ပဲ ဖြစ်နေသည်။

အခန်းတွင်းရှိ ပစ္စည်းများမှာ မြေပေါ်သို့ ပြန့်ကျဲနေ၏။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ထို့နောက်...

အခန်းထဲသို့ ပြိုင်တူလှမ်းဝင်လိုက်ကြလေသည်။

ဝေ့ထင်းက ပြုံးစစဖြင့်...

"ဒီမှာ သန်းဖုံး ... ခင်ဗျား ဘာလုပ်နေတာလဲဗျ"

သန်းဖုံးသည် ဝေ့ထင်းတို့အား တွေ့မြင်လိုက်သည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။



ထို့နောက် ...

သူသည် ဆက်လက်မနေဝံ့တော့ပဲ ပြတင်းပေါက်မှ ခုန်ထွက်၍ ပြေးလွှားသွားလေသည်။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့က ပြိုင်တူရယ်မောလိုက်လေတော့သည်။

✿✿✿

## အခန်း (၄၉)

## *အဆိပ်မယ် မာယာ*

ဝေထင်းသည် အခန်းတစ်ခုလုံးကို မွှေနှောက်၍ ရှာဖွေနေသည်။

သို့ရာတွင်...

သူတွေ့လိုသော အတုမဲ့သိုင်းကျမ်းစာအုပ်ကို ရှာမတွေ့ပါချေ။

ပေ့ယို့ချင်းကလဲ ကူပြီးရှာပေး၏။

သို့သော် ...

အချိန်သာ ကုန်သွားသည်။

သူတို့တွေ့လိုသော အတုမဲ့သိုင်းကျမ်းကိုမူ လုံးဝရှာမတွေ့မိချေ။

ထိုစဉ် ...

အပြင်ဘက်မှ လန်ကွေ့နှင့် စုတုံးတို့ ရောက်ရှိလာကြသည်။

အခန်းထဲသို့ ကြည့်လိုက်၏။



ထိုအခါ...

အခန်းထဲ၌ ဝေထင်းနှင့်ပေ့ယို့ချင်းတို့ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် မဝင်ဘဲ အကဲခတ်ကြည့်နေကြ၏။

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဝေထင်းနှင့် ပေ့ယို့ချင်းတို့သည် စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်ကြသည်။

ပေ့ယို့ချင်းက...

"ဟုတ်မှဟုတ်ရဲ့လား အစ်ကိုရယ်၊ ရှာလို့လဲ မတွေ့ပါလား"

နှုတ်မှ စိတ်ပျက်အားလျော့သံ တစ်ခွန်းတစ်စ ထွက်ပေါ်လာလေသည်။

ဝေထင်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်မှာပါ ... သေချာပါတယ်၊ အစ်ကိုတို့ ရှာမတွေ့သေးလို့သာ ဖြစ်မှာပါ"

အားပေးစကား ပြောလိုက်၏။

ပေ့ယို့ချင်း သက်ပြင်းတစ်ချက် ချလိုက်၏။

"တစ်အိမ်လုံးလဲ ရှာလို့ကုန်သွားပြီ၊ ရှာစရာနေရာတောင် မရှိတော့ဘူး"

ပြောရင်းဆိုရင်းမှာပင် သူ၏မျက်လုံးများသည် ဘုရားစင်တွင် ဘုရား၏ရုပ်ပွားတော်ပန်းချီကားတစ်ချပ် ချိတ်ထားသည်ကို တွေ့ရလေသည်။

သူမ၏မျက်လုံးသည် ရုပ်ပွားတော်၏ လက်ဖဝါးတော်ရှိရာသို့ ရောက်ရှိသွားပြန်သည်။

ထိုအခါ...

ရုပ်ပွားတော်၏ လက်တော်တစ်ဖက်မှာ အပေါ်သို့ လက်ညှိုး ထောင်ထားသည်ကို တွေ့ရှိသွားလေသည်။

ပေ့ယို့ချင်း၏ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

"အစ်ကို ရုပ်ပွားတော်ကို လာကြည့်စမ်း"

ဝေ့ထင်းသည် ရုပ်ပွားတော်အား ကြည့်လိုက်လေသည်။

"ဘာဖြစ်လို့လဲ"

"ဘာထူးခြားချက် တွေ့သလဲဟင်"

ဝေ့ထင်းက ခေါင်းခါယမ်းပြလိုက်၏။

"ဘာမှ မတွေ့ပါလား"

"ရုပ်ပွားတော်ကို ကြည့်စမ်း၊ လက်ညှိုးတစ်ချောင်း အပေါ် ထောင်နေတာ တွေ့တယ်မဟုတ်လား"

ဝေ့ထင်းမှာ အတန်ကြာ မှင်တက်သွားမိသည်။

နောက်မှ ဘုရားဝင်ပေါ်သို့ ခုန်တက်သွားပြီး ဘုရားစင်၏ ခေါင်မိုးပေါ် မျက်နှာကြက်ရှိရာသို့ လက်လျှို၍ စမ်းကြည့်လိုက် လေသည်။

ထိုအခါ...

သူ့လက်ထဲမှာ စာအုပ်ငယ်တစ်အုပ် ပါရှိလာသည်ကို ပေ့ယို့ချင်း တွေ့မြင်လိုက်ရလေတော့သည်။

ဝေ့ထင်းက ဘုရားစင်ပေါ်မှ ဆင်းလိုက်ပြီး စာအုပ်အဖုံးတွင် ရေးသားထားသောစာကို ဖတ်ကြည့်လိုက်လေသည်။

"အတုမဲ့သိုင်းကျမ်း"

"ဟင်..."

ပေ့ယို့ချင်းမှ ထခုန်မတတ် ဝမ်းသာသွားရလေသည်။

နှုတ်မှလည်း...



"ဟော... ဝမ်းသာလိုက်တာရှင်၊ အတုမဲ့သိုင်းကျမ်းကို ကျွန်မ တို့ ရလိုက်ပြီ"

ဝမ်းသာအားရ ပြောဆိုလိုက်လေသည်။

ထိုစဉ်...

ပြတင်းပေါက်အပြင်ဘက်မှ ငါးမျှားချိတ်တစ်ခုသည် သူတို့ ထံသို့ လွင့်ပျံရောက်ရှိလာလေသည်။

ယင်းငါးမျှားချိတ်သည် ဝေ့ထင်းလက်ထဲမှ အတုမဲ့သိုင်း ကျမ်းစာအုပ်ကို ချိတ်ယူသွားခြင်းဖြစ်၏။

ဝေ့ထင်း၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သူသည် ပြတင်းပေါက်မှ ခုန်ထွက်ပြီး စာအုပ်နောက်သို့ လိုက်သည်။

ငါးမျှားချိတ်တွင် ပါသွားသော အတုမဲ့သိုင်းကျမ်းအား စုတုံး၏လက်ထဲသို့ မရောက်မီ ကြားဖြတ်ဖမ်းယူလိုက်လေ၏။

ယခုမှ သူသည် စုတုံးနှင့် လန်ကွေ့တို့အား တွေ့မြင်လိုက် လေသည်။

"ခင်ဗျားတို့ကိုး"

ဝေ့ထင်းက ပြောလိုက်သည်။

စုထုံး ရင်ကော့လိုက်၏။

"ဟုတ်တယ်... ကျုပ်တို့ပဲ"

ဝေ့ထင်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့က ဘာကြောင့် ကျုပ်ကို ရန်သူထင်နေရတာလဲ"

စုတုံးက တည်ငြိမ်သော မျက်နှာပေးဖြင့်...

"တို့ဟာ ချင်းစုလျှံရဲ့အမိန့်နဲ့ အတုမဲ့သိုင်းကျမ်းစာအုပ်ကို လာယူတာပဲ"

ဝေ့ထင်းက မဲ့ပြုံးပြုံးလိုက်၏။

"သူ့ကို ပြောလိုက်၊ အတုမဲ့သိုင်းကျမ်းစာအုပ် ကျုပ်ရထားပြီလို့"

စုတုံးက မည်သို့မျှ ပြန်မပြောပါ။

ခပ်မဆိတ်သာ နေနေ၏။

သို့သော်...

နေရာမှလည်း ရွေ့လျားခြင်း မရှိကြသေးပါ။

ရပ်တန့်လျက်သာ ရပ်နေ၏။

ဝေ့ထင်းက သူ့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဘယ်လိုလဲ ... ခင်ဗျားတို့ မသွားကြသေးဘူးလား"

စုတုံးက အံ့အားသင့်စွာဖြင့် ...

"ခင်ဗျားက ကျုပ်တို့ကို မသတ်တော့ဘူးလား"

မေးလိုက်၏။

ဝေ့ထင်း၏ မျက်လုံးအစုံသည် ဝိုင်းစက်သွားလေသည်။

"ကျုပ်က ခင်ဗျားတို့ကို ဘာလို့သတ်မှာလဲ"

စုတုံးက ထပ်မံအံ့အားသင့်ရပြန်၏။

"ဒါဖြင့် ခင်ဗျား မသတ်ဘူးပေါ့"

"မသတ်ပါဘူး"

"ခင်ဗျား တကယ်ပြောနေတာလား"

"တကယ်ပါ"

စုတုံးနှင့် လန်ကျွေ့တို့သည် ဝေ့ထင်းအား တစ်ချက်ကြည့်လိုက်ပြီး ထိုနေရာမှ ပြေးသွားကြလေတော့သည်။

✿✿✿



ဝေ့ထင်းသည် အတုမဲ့သိုင်းကျမ်းကို အနည်းငယ်လှန်လှော ကြည့်ပြီးနောက် ပြန်ပိတ်ကာ ပေ့ယို့ချင်းအား လှမ်းပြောလိုက်လေသည်။

"ယို့ချင်း တို့ မြို့ထဲသွားရအောင်"

ပေ့ယို့ချင်းက...

"ဘာလုပ်မလို့လဲ အစ်ကို"

ဝေ့ထင်းက ပြုံးကာ...

"တို့ ဗိုက်ဆာနေပြီမဟုတ်လား၊ တစ်ခုခုဝင်စားရင်း စုတ်တံတစ်ချောင်းလဲ ဝယ်ရဦးမယ်"

ပေ့ယို့ချင်း မျက်မှောင်ကြုတ်သွားမိသည်။

"စုတ်တံက ဘာလုပ်မလို့လဲ"

သူမသည် ဝေ့ထင်းအားကြည့်ကာ နားမလည်နိုင်စွာဖြင့် မေးလိုက်မိ၏။

ဝေ့ထင်းက ပြုံးပြလိုက်သည်။

"နောက်တော့ သိမှာပေါ့ကွယ်"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

✿✿✿

နောက်တစ်နေ့နံနက်။

ဝေ့ထင်းနှင့်ပေ့ယို့ချင်းတို့သည် အတုမဲ့သိုင်းကျမ်းအား ဖတ်ရှုလေ့လာနေကြသည်။

အမှန်စင်စစ် ဤပတ်ဝန်းကျင်တွင် သူတို့နှစ်ယောက်တည်း ရှိနေကြသည်တော့ မဟုတ်ပါ။

သန်းဖုံးက ပြတင်းပေါက်အပြင်ဘက်မှ ပုန်းကွယ်၍ ချောင်းကြည့်နေ၏။

သူ၏နောက် ဝါးတစ်ရိုက်ခန့်အကွာတွင် ချုံပုတ်တစ်ခု ရှိနေသည်။

ယင်းချုံပုတ်ထဲ၌ မိန်းကလေးတစ်ယောက် ပုန်းအောင်းနေသည်။

ထိုမိန်းကလေးမှာ မာယာပင် ဖြစ်သည်။

ဝေထင်းသည် စာအုပ်ကို ပြတင်းပေါက်အနီး၌ ချထားလိုက်ပြီး ယို့ချင်းအား လှမ်းပြောလိုက်သည်။

"ကဲ ... ပေ့ယို့ချင်း အစ်ကိုတို့ ဒီပုံအတိုင်း ကြည့်ပြီး လက်တွေ့ကျင့်ရအောင်"

ပေ့ယို့ချင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ် အစ်ကို"

ပေ့ယို့ချင်းသည် ဝေ့ထင်းနှင့်အတူ အတုမဲ့သိုင်းကျမ်းစာအုပ်မှ ဖော်ပြထားသော သိုင်းကွက်၏အနေအထားများကို လေ့ကျင့်နေလေ၏။

ဤတွင်...

အလစ်ချောင်းနေသော သန်းဖုံးသည် အတုမဲ့သိုင်းကျမ်းကို ပြေးယူ၍ တဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့သည် အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်၏။

"စာအုပ်ခိုးတဲ့သူခိုး ... လိုက်ဟ"

မာယာသည် သန်းဖုံးက ကျမ်းစာအုပ်လုယူသွားသည်ကို တွေ့ရသောအခါ သန်းဖုံးနောက်သို့ ပြေးလိုက်သွား၏။



ပေ့ယို့ချင်းနှင့် ဝေ့ထင်းတို့ကမူ သန်းဖုံးနောက်သို့ မလိုက်သွားဘဲ ကျေနပ်အားရစွာဖြင့် ရယ်မောရင်း ကျန်ရစ်ခဲ့ကြလေသည်။

✿✿✿

ကျောက်တောင်များအကြားမှ လိုဏ်ဂူတစ်ခု။

လိုဏ်ဂူထဲ၌ သန်းဖုံးတစ်ယောက် တင်ပျဉ်ခွေထိုင်နေ၏။

သူ့ရှေ့တွင် အတုမဲ့သိုင်းကျမ်းစာအုပ် ချထားသည်။

သူသည် ယင်းအတုမဲ့သိုင်းကျမ်းမှာ ဝေ့ထင်းနှင့်ပေ့ယို့ချင်းတို့ညလုံးပေါက် ကူးယူရေးဆွဲသော စာအုပ်အတုဖြစ်မှန်း မသိပါ။

ဝေ့ထင်းနှင့်ပေ့ယို့ချင်းတို့သည် သိုင်းကျမ်းမှာဖော်ပြထားသော နည်းများကို ပြောင်းပြန်ရေးထားသောကြောင့် သူလေ့ကျင့်ရာ၌ သွေးကြောများသည် ပြောင်းပြန်လည်ပတ်နေသည်ဟု ခံစားလိုက်ရလေသည်။

သူသည် သွေးကြောပြောင်းပြန် လည်ပတ်လာသောအခါ မခံမရပ်နိုင်အောင် ဖြစ်လာမိလေသည်။

"ငါ ဒီအတိုင်း လေ့ကျင့်တာ နည်းလမ်းမှားနေပြီ ထင်တယ်"

သန်းဖုံးသည်တွေးပြီး ကင်းမြီးကောက်ထောင်၍ လေ့ကျင့်လိုက်သည်။

ယင်းသို့လေ့ကျင့်လိုက်သောအခါမှ သက်သာရာရသွားသည်။

"ဟူး ... တော်ပါသေးရဲ့"

သန်းဖုံးမှာ စိတ်မသက်မသာစွာဖြင့် ညည်းညူလိုက်သည်။

ထိုအချိန်၌ ...

ဝေ့ထင်းနှင့်ပေ့ယို့ချင်းတို့သည် ဥယျာဉ်အတွင်း ထွက်ခွာခဲ့ကြသည်။

သူတို့သည် ဆိုင်ထဲဝင်ရောက်လာသည်နှင့် ဆိုင်ထဲတွင် မာယာက ပြုံး၍စောင့်နေသည်ကို တွေ့ရလေသည်။

ဝေ့ထင်းက မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"မင်း ဘာလာလုပ်ပြန်တာလဲ"

မာယာက ပြုံးလိုက်သည်။

"ရှင့်ကို တွေ့ချင်လို့ပေါ့"

"ဘာကိစ္စနဲ့ တွေ့ချင်တာလဲ"

မာယာက ပြုံးလိုက်ပြန်သည်။

"ကျွန်မက တွေ့ချင်တာမဟုတ်ပါဘူး၊ ချင်းစုလျှံက တွေ့ချင်လို့ပါ"

ဝေ့ထင်း မျက်မှောင်ကြုတ်သွားမိလေသည်။

"သူက ဘာကိစ္စနဲ့ ကျုပ်ကိုတွေ့ချင်ရတာလဲ"

မာယာက ဖြေလိုက်၏။

"ရှင် ကြောက်တယ်ဆိုရင် မတွေ့နဲ့ပေါ့"

ပြောလိုက်၏။

ဝေ့ထင်း ဒေါသဖြစ်သွား၏။

သူက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ ကျုပ်သွားတွေ့လိုက်ပါ့မယ်"

ဤတွင်...

မာယာက ထိုင်ရာမှထလိုက်သည်။

"ကျွန်မနောက်ကို လိုက်ခဲ့ပါ၊ သူ ဟောဒီအနီးအနားမှာ ရှိပါတယ်"

ဝေ့ထင်းသည် မာယာနောက်သို့ လိုက်သွားသည်။



မာယာ သွားသည်မှာ အခြားနေရာမဟုတ်၊ စားသောက်ဆိုင် တစ်ခုဖြစ်သည်။

ကျောက်နဂါးဂိုဏ်း၏ စခန်းတစ်ခုလည်း ဖြစ်လေသည်။

ထိုစားသောက်ဆိုင်ထဲတွင် ဝေ့ထင်းသည် ချင်းစုလျှံအား တွေ့မြင်လိုက်ရသည်။

"ကျုပ်ကို တွေ့ချင်တယ်ဆို"

ဝေ့ထင်းက မေးလိုက်၏။

ချင်းစုလျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"ရှင့်ကို ကယ်တင်မလို့"

ဝေ့ထင်းက အံ့သြသွားသည်။

"ကျုပ်ကို ကယ်တင်မလို့ ဟုတ်လား"

ချင်းစုလျှံက ပြုံးလိုက်သည်။

"ရှင့်မှာ ရန်သူတွေ ပတ်လည်ဝိုင်းနေတယ် မဟုတ်လား၊ ဒီ အတိုင်းသာနေရင် ရှင်ဒုက္ခရောက်လိမ့်မယ်"

ချင်းစုလျှံ၏စကားကို ဝေ့ထင်းက စိတ်ဝင်စားစွာ နားထောင်နေသည်။

သူမသည် ပြုံး၍ စကားဆက်လိုက်ပြန်သည်။

"ဒါကြောင့် ကျွန်မရဲ့အဖွဲ့ထဲဝင်ပါ၊ ကျွန်မအဖွဲ့ထဲကိုဝင်ရင် ဘယ်သူမှ ရှင့်ကို ဒုက္ခမပေးဝံ့တော့ဘူး"

ဝေ့ထင်းက သူမ၏စကားကြောင့် အားရပါးရ ရယ်မောလိုက်လေတော့၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့လို သစ္စာဖောက်ဂိုဏ်းထဲကို မဝင်ပါစေနဲ့"

ချင်းစုလျှံက မဲ့ပြုံးပြုံးလိုက်၏။

"သေသေချာချာ စဉ်းစားပါဦး၊ ကျွန်မတို့နဲ့ ထိပ်တိုက်လာတွေ့ရင် ရှင့်ဒုက္ခရောက်မှာ သေချာတယ်"

ဝေ့ထင်းက တည်ငြိမ်စွာဖြင့်...

"ဒုက္ခဆိုတာ ကျုပ်အဖို့ ရိုးနေပါပြီ"

မရဏာပုချန်းက မခံမရပ်နိုင်အောင် ဖြစ်လာလေတော့သည်။

"ဒီမှာ ဝေ့ထင်း ...မင်းကို သခင်မကြီးက အခွင့်အရေးပေးတာ အလိုက်ကန်းဆိုး မသိရင်တော့ ကျုပ်က သတ်ပစ်မှာ"

သူသည်ပြောပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ချင်းစုလျှံက ဟန့်တားလိုက်သည်။

"ပုချန်း ...ရှင်မလုပ်နဲ့"

သူမသည် ဝေ့ထင်းအား စိုက်ကြည့်လိုက်သည်။

ထို့နောက် တစ်လုံးချင်း ပြောလိုက်လေ၏။

"ရှင် ...သွားနိုင်ပြီ"

ဝေ့ထင်းက ဘာမှမပြောဘဲ ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

ပေ့ယိုချင်းသည် ဆိုင်ထဲ၌ ထိုင်စောင့်နေ၏။

ဝေ့ထင်း ထွက်လာသည်ကို တွေ့တော့မှ စိတ်သက်သာရာရသွားလေသည်။

"အစ်ကို သူတို့က ဘာကိစ္စနဲ့ ခေါ်တာလဲ"

ပေ့ယိုချင်းက မေးလိုက်၏။

ဝေ့ထင်းက ပခုံးတစ်ချက် တွန့်ပြလိုက်၏။



"သူတို့ဂိုဏ်းထဲ ဝင်ဖို့ စည်းရုံးတာပါ"

"အစ်ကိုကော လက်ခံလိုက်လား"

ပေ့ယိုချင်းက စိတ်ဝင်စားစွာ မေးလိုက်ပြန်၏။

ဝေ့ထင်းက ခေါင်းခါယမ်းလိုက်သည်။

"လက်မခံဘူး"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ဆိုင်ထဲမှထွက်လာပြီး လမ်းလျှောက်လာကြသည်။

ထိုစဉ်...

လူတစ်ယောက် ဝေ့ထင်းအား အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ဝေ့ထင်းက ရှောင်တိမ်းလိုက်ပြီး တိုက်ခိုက်လာသော လှံတံအား လုယူလိုက်၏။

သေချာစွာကြည့်လိုက်တော့မှ ရှောင်လန်းဖြစ်နေသည်ကို တွေ့ရလေသည်။

ဝေ့ထင်းက မျက်မှောင်ကြုတ်လျက် မေးလိုက်၏။

"ရှောင်လန်း ဘာဖြစ်လို့ ကျုပ်ကိုတိုက်ခိုက်ရတာလဲ"

ရှောင်လန်းက အံတင်းတင်း ကြိတ်လိုက်၏။

"ရှင်က လူယုတ်မာ၊ ကျွန်မဆရာအတွက် ရှင့်ကိုသတ်မလို့"

နှုတ်မှလည်း နာကြည်းစွာ ပြောလိုက်၏။

ဝေ့ထင်းက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် ရှင်းပြပါ့မယ်၊ ခင်ဗျားဆရာကို ကျုပ်သတ်တာ မဟုတ်ဘူး"

သူသည် စကားဆုံးသည်နှင့် လှံတံပြန်ပေးလိုက်ပြီး ပေ့ယိုချင်းနှင့်အတူ လှည့်ထွက်သွားလေသည်။

သို့ရာတွင်...

"ရပ်လိုက်"

ရှောင်လန်းက ဟန့်တားကာ လှံတံဖြင့် ဝေ့ထင်း၏ကျေ
ကို ထောက်ထားလိုက်သည်။

ဝေ့ထင်းကမူ ခြေလှမ်းရပ်တန့်လိုက်၏။

ထို့နောက်...

ပြတ်သားစွာ ပြောလိုက်၏။

"ကျုပ်ပြောတာမယုံဘူးဆိုရင် သတ်လိုက်ပါ"

ဤတွင် ရှောင်လန်းမှာ လှံတံကို အတန်ကြာထောက်ထိုး၍
ပြီးမှ ချာခနဲလှည့်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားေ
တော့သည်။

သူမသည် မြို့ပြင်သို့ထွက်ပြီး စမ်းချောင်းတစ်ခုအနီ
စိတ်ပျက်စွာ ထိုင်ချလိုက်သည်။

သူမသည် ဆရာဖြစ်သူ သေဆုံးသွားသည့်အတွက် ဝေ့ထ
အားသတ်လိုသည်။

သို့သော်...

ဝေ့ထင်းက သူမသတ်ကြောင်း ငြင်းဆိုသည်ကို ကြားလို
ရသောအခါတွင်မူ သူမ၏စိတ်ထဲတွင် မတင်မကျ ဖြစ်လာရ
သည်။

ထို့ကြောင့်...

သူမ၏စိတ်ထဲမှာ ဆောက်တည်ရာမရဘဲ နောက်
ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေမိလေတော့သည်။

သူမသည် ရင်ထဲမှဖြစ်ပေါ်လာသော ခံစားမှုများကြေ



လှိုက်လှိုက်လှဲလှဲ ငိုကြွေးနေခြင်းဖြင့် ခံစားမှုများကို ပြေပျောက်
အောင် ဖြေရှင်းနေခြင်းဖြစ်သည်။

ထိုစဉ်...

ချူစန်းက ရောက်ရှိလာသည်။

သူမ ငိုကြွေးနေသည်ကို တွေ့မြင်လိုက်ရသောအခါ စိတ်
မကောင်း ဖြစ်သွားမိလေ၏။

"ရှောင်လန်း မင်းဘာဖြစ်လို့ ငိုကြွေးနေတာလဲ"

ရှောင်လန်းသည် ချူစန်းအား တွေ့မြင်လိုက်ရသောအခါ
ဝမ်းနည်းသွားသည်။

ချူစန်းက သူမ၏အနီး၌ ထိုင်ချလိုက်သည်။

"မင်းက ဝေ့ထင်းနောက်လိုက်သွားတာတွေ့လို့ စိတ်မချ
တာနဲ့ လိုက်လာတာ"

ချူစန်းက ပြောလိုက်၏။

ရှောင်လန်းက ငိုကြွေးနေရာမှ ပြောလိုက်မိသည်။

"ကျွန်မ သူ့ကိုလိုက်သတ်မလို့၊ ဒါပေမယ့် ဘာဖြစ်မှန်း
မသိပါဘူး၊ သူ့ကိုမသတ်ရက်ဘူး"

ချူစန်းက သက်ပြင်းချလိုက်၏။

"ရှောင်လန်း မင်းဘာဖြစ်နေတယ်ဆိုတာ ငါနားလည်ပါ
တယ်"

ရှောင်လန်းက သူ့အားမော့ကြည့်လိုက်၏။

"ရှင် ကျွန်မကို စိတ်ဆိုးနေသလားဟင်"

မဝံ့မရဲဖြင့် မေးလိုက်သည်။

ချူစန်းက ကြင်နာစွာပြုံးပြသည်။

ထို့နောက်...

"မင်းဘာပဲလုပ်လုပ် ကိုယ်ဘယ်တော့မှ စိတ်မဆိုးပါဘူး ကွယ်"

ရှောင်လန်းသည် ချုစန်း၏ပခုံးပေါ်သို့ ခေါင်းကိုနွဲ့မှီထား လိုက်လေတော့သည်။

✿✿✿

ပေ့ယို့ချင်းသည် လျှင်မြန်သွက် လက်စွာဖြင့် ရှေ့မှလျှောက် သွားနေသည်။

"ညီမ အစ်ကို့ကို စောင့်ပါဦး"

ဝေ့ထင်းက အော်ပြောရင်း နောက်မှလိုက်သွားလေသည်။

သို့သော်...

ပေ့ယို့ချင်းသည် သူ့အားမစောင့်ပါ။

သူမသည် စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်သွား လေသည်။

ထို့နောက်...

လွတ်နေသော စားပွဲတစ်လုံးရှိရာသို့ သွားရောက်ထိုင်နေ လိုက်သည်။

ဝေ့ထင်းက လိုက်လာသည်။

ဝေ့ထင်းက အနားရောက်တော့မှ...

"ပေ့ယို့ချင်း ဘာစိတ်ကောက်နေတာလဲ"

ပေ့ယို့ချင်းက နှုတ်ခမ်းစူလျက် သူ့အားမကြည့်ဘဲ မျက်နှာ လွှဲထားသည်။

ဝေ့ထင်းက ဝင်ရောက်ထိုင်ချလိုက်သည်။

"စိတ်မကောက်ပါနဲ့ကွာ၊ ငါက ဘာလုပ်လို့လဲ"



ထိုစဉ်...

ဆိုင်လုလင်က စားသောက်ဖွယ်ရာများ လာရောက်ချပေး သွားသည်။

ပေ့ယို့ချင်းက စားသောက်ဖွယ်ရာများ ယူစားလိုက်ရင်း ပြောလိုက်လေ၏။

"ရှောင်လန်းက ရှင့်ကို ဘာဖြစ်လို့ မသတ်တာဆိုတာ မသိရင် ခက်မယ်"

သူမသည် သဝန်တိုစွာပြောလေ၏။

ဝေ့ထင်းက မုန့်တစ်ခုနှိုက်စားရင်း ရယ်မောလိုက်သည်။

"ခက်တာပဲညီမရယ်၊ သူ့ကို အစ်ကိုက တစ်ခါကယ်ခဲ့ဖူး တယ် မဟုတ်လား၊ ဒါကြောင့်ပါကွာ"

ပေ့ယို့ချင်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး ... သူက ရှင့်အပေါ် မေတ္တာရှိနေတာ"

ရုတ်တရက် ...

သူသည်ပြောရင်း ရုတ်တရက် သတိမေ့သွားလေတော့၏။

ရုတ်တရက် ဝေ့ထင်း အံ့အားသင့်သွားသည်။

"ဟောဗျာ ဘယ်လိုဖြစ်သွားတာလဲ"

သူသည် ပေ့ယို့ချင်းအားဖေးမရန် ထိုင်ရာမှထရပ်လိုက်လေ သည်။

သို့သော် သူသည်လည်း ထရပ်လိုက်သည်နှင့် ခေါင်းငိုက် စိုက်ကျပြီး သတိမေ့ကာ လဲကျသွားရလေတော့သည်။

မာယာသည် အခန်းထဲမှ ပြုံးရွှင်စွာ ထွက်လာသည်။

သူသည် ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့အားကြည့်ကာ သဘော ကျစွာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"တော်တော်ဉာဏ်များတဲ့လူ၊ အတုမဲ့သိုင်းကျမ်းအတုကို သန်းဖုံးကိုပေးလိုက်တာ သန်းဖုံး တော်တော် ဒုက္ခရောက်သွားပြီ"

ထို့နောက်...

သူမသည် သတိမေ့နေသော ဝေ့ထင်း၏ကိုယ်ပေါ် ရှာဖွေကြည့်ရာ အတုမဲ့သိုင်းကျမ်းကို တွေ့ရှိလိုက်ရသည်။

သူမသည် ကျေနပ်စွာပြုံးလိုက်သည်။

"ဝေ့ထင်း ကျွန်မနဲ့တွေ့ရင် ရှင်မလွယ်ဘူးသာ မှတ်ပါ"

မာယာသည် အောင်နိုင်သူအပြုံးမျိုးဖြင့် ကျေနပ်စွာ ပြောဆိုလိုက်လေသည်။

ထိုစဉ်...

လူထူးဆန်းအဘိုးအိုနှင့် ကြူးကြူးတို့ လျှောက်လာနေသည်ကို တွေ့သဖြင့် ထိတ်လန့်တုန်လှုပ်သွားလေသည်။

နှုတ်မှလည်း အလန့်တကြား ရေရွတ်လိုက်မိသည်။

"ဟော ... တုရှောင်ရောက်လာပြီ ပြေးမှပဲ"

နောက်ဆုံးတွင် သူမသည် ကမန်းကတန်း ပြေးလွှားထွက်ခွာသွားလေတော့သည်။

လူထူးဆန်းအဘိုးအိုနှင့် ကြူးကြူးတို့သည် ဆိုင်ထဲသို့ ဝင်ရောက်လာသည်နှင့် သတိမေ့နေသော ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့အားတွေ့မြင်လိုက်ရ၍ အံ့သြသွားကြသည်။

လူထူးဆန်းအဘိုးအိုက ဝေ့ထင်းအား လှုပ်နှိုးကြည့်သည်။

"ဟေ့ ... ကြွက်ကလေး ဘယ်လိုဖြစ်လို့ နေ့ခင်းကြောင်တောင် အိပ်နေရတာလဲ"

လူထူးဆန်းအဘိုးအိုသည် ဝေ့ထင်းအား လှုပ်နှိုးရင်း ပြောဆိုနေသည်။



ကြူးကြူးက အေးတိအေးစက် ပြောလိုက်လေ၏။

"သူ အိပ်ပျော်နေတာမဟုတ်ဘူး၊ အဆိပ်မိသွားတာရှင့်"

ဤတွင် ...

လူထူးဆန်းအဘိုးအိုက သေချာစွာကြည့်လိုက်သည်။

ထိုအခါကျမှ...

"ဟုတ်သားပဲ"

သူသည် တစ်စုံတစ်ခုကို သတိရလာလေသည်။

"ခုနက မာယာထွက်သွားတာ တွေ့မိလိုက်သလိုပဲကွ"

ကြူးကြူးက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါလိမ့်မယ်၊ မာယာရဲ့လက်ချက်ပဲ ဖြစ်ရမယ်"

လူထူးဆန်းအဘိုးအိုက ဒေါသပြင်းစွာ ထွက်လာသည်။

"တော်တော် ယုတ်မာတဲ့မိန်းမပဲ၊ လိုက်သွားပြီး သတ်လိုက်ဦးမယ်"

သူသည်ပြောရင်း လိုက်သွားရန် ဟန်ပြင်လိုက်သည်။

ကြူးကြူးက ဟန့်တားလိုက်သည်။

"မလိုက်ပါနဲ့တုရှောင်၊ သူ့တို့ကို ကယ်တင်ဖို့က အရေးကြီးတယ်"

လူထူးဆန်း အဘိုးအိုက မကျေမနပ်ဖြင့် ခြေထောက်တစ်ချက် ဆောင့်လိုက်၏။

"ကြွက်ကလေး ... မင်းတစ်နေ့ မိန်းမအတွက်နဲ့ ဒုက္ခရောက်မယ်ဆိုတာ ငါပြောခဲ့တယ် မဟုတ်လား"

သူသည် တဖျစ်တောက်တောက် ပြောဆိုလေတော့၏။

✿✿✿

## အခန်း (၂၀)

# စိတ်သစ်လူသစ်

မာယာသည် လူထူးဆန်းအဘိုးအို လိုက်လာမည်ကို စိုးရိမ်သဖြင့် အစွမ်းကုန် ပြေးလွှားထွက်ခွာသွားလေသည်။

လူထူးဆန်းအဘိုးအို လိုက်လာသည်ကို မတွေ့ရတော့မှ ခြေလှမ်းရပ်တန့်လိုက်သည်။

သူမသည် မောဟိုက်နေ၏။

ရင်ဝကို လက်ဖြင့်ဖိကာ...

"အင်း ... ကံကောင်းပေလို့"

နှုတ်မှ တီးတိုးရေရွတ်လိုက်၏။

သူမသည် အမောပြေနေစဉ်မှာပင် လောက်အော့က သူမထံသို့ လျှောက်လာလေသည်။

မာယာ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ထိုစဉ် ...

လောက်အော့က လက်ဝါးဖြန့်လိုက်သည်။

"ပေးပါ ..."



မာယာက ဖြူးပြလိုက်၏။

မည်သို့မျှ နားမလည်သည့် မျက်နှာပေးဖြင့် ပြန်မေးလိုက်သည်။

"ကျွန်မ ဘာပေးရမှာလဲ"

လောက်အော့က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းက ငါ့ကို ဝေ့ထင်းရဲ့ အစားအစာထဲမှာ အဆိပ်ခတ်ခိုင်းလို့ ခတ်လိုက်တယ်၊ ဒီတော့ မင်းလဲ ဝေ့ထင်းဆီက ကျမ်းစာအုပ် ရလာတယ် မဟုတ်လား"

မာယာက ရယ်မာလိုက်လေသည်။

"သြော် ... ဒါလား ပေးမှာပေါ့ရှင်"

သူမသည် သိုင်းကျမ်းစာအုပ်ကို လှမ်းပေးလိုက်လေသည်။

လောက်အော့က ယူ၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

နှုတ်မှလည်း ပြောလိုက်သည်။

"ဒီစာအုပ်ကို ငါအပိုင်ယူမှာမဟုတ်ပါဘူး၊ တို့ဆရာကို ပေးဖို့ပါပဲ"

မာယာက ဖြူးလိုက်သည်။

"ဟုတ်တာပေါ့၊ ကျွန်မလဲ စေတနာနဲ့ပေးလိုက်တာပါ"

လောက်အော့ ခေါင်းညိတ်လိုက်၏။

"ပြောပေးပါ့မယ်"

လောက်အော့က လက်ဇော့ယမ်းပြ၍ ထွက်ခွာသွားလေတော့သည်။

လောက်အော့က တစ်ဖက်သို့လှည့်၍ ခြေလှမ်းပြင်လိုက်သည်နှင့် မာယာ၏မျက်နှာမှာပြုံးရွှင်နေရာမှ ရက်စက်ကြမ်းကြုတ်သော အသွင်သို့ တမဟုတ်ချင်း ပြောင်းလဲသည်။

သူမသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ပုဝါနီတစ်ခုသည် လောက်အော့လည်ပင်းရှိရာသို့ လွင့်ပျံသွားပြီး ရစ်ပတ်လိုက်သည်။

ပဝါနီသည် လောက်အော့၏လည်ပင်းကို ကျပ်သထက်ကျပ်အောင် ညစ်နေလေသည်။

လောက်အော့မှာ မမျှော်လင့်ပဲ ခံလိုက်ရသဖြင့် ရုန်းရင်းကန်ရင်းပင် သေဆုံးသွားလေ၏။

ထိုအခါ မာယာသည် သူ့အိတ်ထဲမှ အတုမဲ့သိုင်းကျမ်းကို လှမ်းယူလိုက်သည်။

ထို့နောက်...

သူမသည် လောက်အော့၏ အလောင်းကိုကြည့်ကာ ပြုံးနေ၏။

"လောက်အော့ ကျွန်မလိုချင်တဲ့ပစ္စည်းကို ဘယ်သူမှ မပေးဘူးဆိုတာ မေ့နေပြီထင်တယ်"

မာယာက အေးဆေးသက်သာစွာ ပြောလိုက်၏။

ထိုစဉ်...

သူ့နောက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

"မင်းက သူများကိုမပေးချင်ပေမယ့် ငါ့ကိုတော့ ပေးရမယ်"

ယင်းအသံနှင့်အတူ ဓားတစ်လက်က သူ၏လည်ပင်းကို ကန့်လန့်ဖြတ် ထောက်ထားလိုက်လေသည်။

မာယာက ထိတ်လန့်တုန်လှုပ်သွားသည်။

"ရှင် ... ဘာလိုချင်လို့လဲ"

နောက်မှလူက ရယ်မောလိုက်သည်။

"မင်းလက်ထဲက ကျမ်းစာအုပ်လေ"



မာယာက မတတ်နိုင်တော့ဘဲ ကျမ်းစာအုပ်ကို နောက်သို့ လှမ်းပေးလိုက်သည်။

မာယာအနေဖြင့် နောက်မှရပ်နေသူမှာ မည်သူမည်ဝါဖြစ်သည်ကို သိလိုသော်လည်း မည်သို့မျှကြည့်၍ မရပါ။

ထိုလူ၏ဓားကိုင်ထားသော လက်ကိုသာတွေ့မြင်လိုက်ရသည်။

ဓား၏လက်ကိုင်တွင် အပ ရောင်ပိုးကြိုးဖြင့် ကျစ်ထားသည်ကိုသာ မှတ်သားထားလိုက်လေသည်။

နောက်မှလူသည် စာအုပ်ကိုလှမ်းယူလိုက်ပြီး နောက်အေးစက်တင်းမာစွာ သတိပေးစကား ပြောဆိုလိုက်ပြန်၏။

"မင်းသတိထားရမှာက နောက်ကိုလှည့်ပြီး မကြည့်ရဘူး၊ နောက်လှည့်ကြည့်ရင် အသေပဲ"

နောက်မှလူသည် ပြောပြီးသည်နှင့် ဓားကိုလျှပ်တစ်ပြက် ရုပ်သိမ်းလိုက်လေသည်။

မာယာသည် နောက်မှလူထွက်သွားသောခြေသံကို နားစွင့်နေ၏။

သို့သော်...

အတန်ကြာသွားသည့်တိုင်အောင် ခြေသံမကြားရသဖြင့် မေးလိုက်လေသည်။

"ဘယ်လိုလဲရှင့်၊ ကျွန်မ ဒီတိုင်းပဲရပ်နေရမှာလား"

သို့သော် သူ့နောက်မှ မည်သည့်အသံမျှထွက်လာခြင်းမရှိပါ။

သူမသည် အရဲစွန့်၍ လှည့်ကြည့်လိုက်ရာ လူရိပ်ကိုပင် မမြင်တွေ့ရတော့ပါ။

သူမသည် အံကိုတင်းတင်းကြိတ်ကာ ကြုံးဝါးလိုက်သည်။

"မင်းဘယ်သူလဲဆိုတာ ငါသိရင် မလွယ်ဘူးလို့သာမှတ်"

✿✿✿

နန်းကုန်းသက်သည် အတုမဲ့သိုင်းကျမ်းအား စိတ်ဝင်စားစွာ ဖတ်ရှုနေ၏။

သူသည် မမျှော်လင့်ဘဲ မာယာထဲ အတုမဲ့သိုင်းကျမ်းအား လုယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခု သူသည် အတုမဲ့သိုင်းကျမ်းမှာပါသော သိုင်းကွက်များကို လေ့လာဖတ်ရှုနေလေသည်။

အတုမဲ့သိုင်းကျမ်းတွင် ပါရှိသောသိုင်းကွက်များမှာ လွန်စွာ စိတ်ဝင်းစာဖွယ်ကောင်းလှသည်။

သူသည် အတုမဲ့သိုင်းကျမ်းအား သေချာစွာဖတ်ပြီးနောက် ကျေနပ်အားရစွာဖြင့် ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

သူသည် ရယ်မောရာမှရပ်တန့်ပြီး လက်သီးလက်မောင်း တန်းလိုက်သည်။

"ငါအခု အတုမဲ့သိုင်းကျမ်းကိုရထားပြီကွ၊ ဝေ့ထင်း ... မင်း သေဖို့သာပြင်ထားပေတော့"

ကြုံးဝါးလိုက်လေတော့သည်။

✿✿✿

ကြူးကြူးသည် ဝေ့ထင်းနှင့် ပေ့ယို့ချင်းတို့အား ကုသပေးပြီးသည့်နောက် ပေ့ယို့ချင်းနှင့် ဝေ့ထင်းတို့မှာ သက်သာရာရရှိသွားသည်။



အသက်အန္တရာယ် စိုးရိမ်မှုမရှိတော့သည်ကို တွေ့ရှိလိုက်သောအခါ ကြူးကြူးက တုရှောင်အား မှာကြားလေ၏။

"တုရှောင် ဆေးသုံးရက်စာထားခဲ့မယ်၊ ရှင်က သူတို့ကို ပြုစုဖို့ နေရစ်ခဲ့ပါ"

ကြူးကြူး၏စကားကြောင့် တုရှောင် အံ့အားသင့်သွားရ၏။

"ဆရာက သွားတော့မလို့လား"

အံ့သြမှုကို မဖုံးကွယ်နိုင်ဘဲ နှုတ်မှဖွင့်ဟမေးလိုက်မိ၏။

ကြူးကြူး ခေါင်းညိတ်ပြလိုက်၏။

"တာဝန်ကျေပြီပဲ၊ ဒီမှာနေလဲ အကြောင်းထူးမှာမဟုတ်ဘူး"

"ဆရာက သူသတိရလာတဲ့အထိ မစောင့်တော့ဘူးလား"

"ဟင့်အင်း ..."

လူထူးဆန်းအဘိုးအို ခေါင်းရှုပ်သွားသည်။

သူနားမလည်နိုင်စွာဖြင့် ပြောသည်။

"ကျုပ်တော့ ခေါင်းရှုပ်သွားပြီ"

ကြူးကြူးက မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

တုရှောင်က သက်ပြင်းချလိုက်၏။

"ဝေ့ထင်း သေတယ်ကြားတုန်းက ဆရာမျက်ရည်ကျတာ နေ့စဉ်လိုပဲ၊ ဝေ့ထင်း မသေဘူးကြားတာနဲ့ သူ့ကို ပင်ပင်ပန်းပန်း လိုက်ရှာတယ်၊ အခုတွေ့တော့လဲ ထွက်သွားဦးမယ်ဆိုတော့..."

လူထူးဆန်းအဘိုးအိုက စကားကိုဖြတ်ကာ ကြူးကြူးအား နားမလည်စွာကြည့်နေ၏။

ကြူးကြူးက ဟန့်တားလိုက်သည်။

"တုရှောင် ရှင့်ပါးစပ်ပိတ်ထားစမ်း"

လူထူးဆန်းအဘိုးအိုသည် ဆရာ့အမိန့်အတိုင်း ပါးစပ်ပိတ်ထားရလေတော့၏။

ကြူးကြူးသည် ပြောပြီးသည်နှင့် ထွက်ခွာသွားတော့သည်။

လူထူးဆန်းအဘိုးအို စိတ်ရှုပ်သွားလေသည်။

နှုတ်မှလည်း အသံထွက်ကာ ညည်းညူလိုက်၏။

"အင်း ... မိန်းမ ... ဟာ အတော်ခက်ပါလား"

ထိုစဉ် ...

ဝေထင်းနှင့် ပေယို့ချင်းတို့ ကောင်းစွာ သတိရလာကြသည်။

တုရှောင်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"သူတို့ကတော့ ကောင်းသွားပါပြီ"

တစ်ဖန် ထွက်ခွာသွားနေသော ကြူးကြူးအားလှမ်းကြည့်လိုက်သည်။

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ့ဆရာက အခုသိုင်းပညာဘာမှမရှိတော့ဘူး၊ ငါ သူ့ကိုစောင့်ရှောက်မှ ဖြစ်တော့မယ်"

သူသည် ပြောပြီးသည်နှင့် ကြူးကြူးနောက်သို့ ပြေးလိုက်သွားလေတော့သည်။

✿✿✿

ချင်းစုလျှံက ဒေါသထွက်နေ၏။

"ညည်းဆီက လုတဲ့လူ ဘယ်သူလဲဆိုတာ နည်းနည်းလေးမသိဘူးလား"

မာယာ ခေါင်းခါယမ်းလိုက်သည်။



"သူက ကျွန်မနောက်မှာနေတဲ့အတွက် သူ့ကိုလှည့်မကြည့်နိုင်ပါဘူး"

ချင်းစုလျှံ မျက်မှောင်ကြုတ်သွားသည်။

"အေး ... ကောင်းတယ်၊ မင်းဟာ အခြားလူတွေအပေါ် အမြဲတမ်း ကလိန်ကျခဲ့တယ်၊ အခုတော့ မင်းအလှည့်ပေါ့၊ ဒါပေမယ့် ငါ့တပည့်တစ်ယောက် အသတ်ခံရတာကို စိတ်မကောင်းဘူး"

ချင်းစုလျှံက ဝမ်းပန်းတနည်း ပြောဆိုနေသည်။

မာယာက ပခုံးတွန့်လိုက်သည်။

"ဒါကတော့ ကိုယ်မနိုင်မှန်းသိလျက်နဲ့ လွတ်အောင်မှ မပြေးဘဲ ခံရတာပေါ့"

ချင်းစုလျှံ သူမအား လှည့်ကြည့်လိုက်၏။

"မာယာ"

"ရှိပါတယ် သခင်မကြီး"

"ညည်းလက်ထဲက ကျမ်းကို ဘယ်သူလုယူသွားတယ်ဆိုတာ လိုက်စုံစမ်းပါ"

"ဟုတ်ကဲ့ပါ သခင်မကြီး"

မာယာသည် ပေးအပ်သည့်အမိန့်ကို ဦးထိပ်ပန်ဆင်လိုက်ရလေတော့သည်။

ထိုအချိန်၌ ...

ဝေထင်းနှင့် ပေယို့ချင်းတို့သည် အဆိပ်များကွယ်ပျောက်ပြီး ပြန်လည်ကောင်းမွန်လာကြသည်။

သူတို့သည် ရွှေဓားဂိုဏ်းသို့ပြန်သွားရန် မြို့ကလေးမှထွက်လာလေသည်။

လမ်းခရီးတစ်ဝက် ရောက်ရှိလာသောအခါ ...

နန်းကုန်းစုနှင့် ပေဝမ်းတို့လူစုအား ကြုံကြိုက်စွာ တွေ့မြင်လိုက်ရလေတော့သည်။

ပေယို့ချင်းသည် ဖခင်ပေဝမ်းအား တွေ့မြင်လိုက်သည်နှင့် ဦးဆောက်၍ ဂါရဝပြုလိုက်မိသည်။

ဝေ့ထင်းကလည်း ယင်းနည်းတူ ဦးထောက်လိုက်သည်။

နန်းကုန်းစုက ဝေ့ထင်းအား ဒေါသကြီးစွာဖြင့် ကြည့်လိုက်လေသည်။

နှုတ်မှလည်း ပြစ်တင်ကြိမ်းမောင်းလိုက်၏။

"မင်းက ငါ့နှာမည်ကိုဖျက်တဲ့ကောင်ပဲ၊ နောက်တစ်ခါ မင်းကိုတွေ့ရင် ငါသတ်မယ်လို့ပြောခဲ့တယ် မဟုတ်လား"

သူသည် ပြောပြီးဓားကိုဆွဲထုတ်လိုက်၏။

ပေယို့ချင်းက ဟန့်တားထားလိုက်ပြီး ...

"မသတ်ပါနဲ့ ဂိုဏ်းချုပ်ကြီးရယ်၊ ဝေ့ထင်းမှာ အပြစ်မရှိပါဘူး"

ပေယို့ချင်းက ပျာပျာသလဲပြောလိုက်ပြီး ပေဝမ်းက မဲ့ပြုံးပြုံးလိုက်၏။

"သူက တို့ဂိုဏ်းသား သုံးယောက်ကို သတ်သွားတာ ဘာဖြစ်လို့ အပြစ်မရှိရမှာလဲ"

ပေယို့ချင်းက ခေါင်းခါယမ်းလိုက်၏။

"သူသတ်တာ မဟုတ်ဘူး"

ပေယို့ချင်းက ဝေ့ထင်းဘက်မှ ဝင်ရောက်ပြောဆိုလိုက်လေသည်။

သို့သော် ...

ဝေ့ထင်းက ဟန့်တားလိုက်၏။



"ပေယို့ချင်း မပြောနဲ့"

နန်းကုန်းစု ဝေ့ထင်းအား စိုက်ကြည့်လိုက်သည်။

ထို့နောက် ...

"မင်း ဓားကိုဆွဲထုတ်လိုက်စမ်း"

ဝေ့ထင်း ခေါင်းခါယမ်းကာ ငြင်းလိုက်လေ၏။

"မဟုတ်ဘူး"

နန်းကုန်းစုက ပြောလိုက်၏။

"မင်း ဓားမထုတ်ရင် ငါကမသတ်ဘူးလို့ထင်နေသလား"

ဝေ့ထင်းက ...

"သတ်ချင်သတ်လိုက်ပါ ဂိုဏ်းချုပ်ကြီး၊ ကျုပ်ဓားမထုတ်ဘူး"

ဤတွင် ...

နန်းကုန်းစုက ဓားဖြင့် ဝေ့ထင်း၏လည်ပင်းကို ထောက်ထားလိုက်လေသည်။

ထိုစဉ် ...

လူထူဆန်းအဘိုးအိုက ပြေးလွှားရောက်ရှိလာ၏။

"နန်းကုန်းစု၊ မင်း ဝေ့ထင်းကိုသတ်ရင် မှားမယ်"

သူ့နောက်တွင် စုတုံးနှင့် လန်ကျွေ့တို့ပါ လိုက်လာကြသည်။

ဝေ့ထင်းသည် လူထူးဆန်းအဘိုးအိုတို့ရောက်ရှိလာသည်ကို တွေ့ရသောအခါ မကျေနပ်သည့်လေသံဖြင့် ဟစ်အော် ပြောဆိုလိုက်၏။

"ဟော့ ... တုရှောင် ခင်ဗျား လာမရှုပ်စမ်းပါနဲ့၊ သွားစမ်းပါဗျာ"

သို့သော် ...

သူတို့သည် နန်းကုန်းစုတို့အား ဟန့်တားကြသည်။

"မလုပ်ပါနဲ့ဗျာ၊ ခေါင်းအေးအေးထားပြီး စဉ်းစားရင် ကောင်းမယ်"

သို့ရာတွင်...

နန်းကုန်းစုက ခေါင်းခါယမ်း ပြလိုက်လေသည်။

"မဖြစ်ဘူး၊ သူကျူးလွန်တဲ့ပြစ်မှုက သေဒဏ်ထိုက်တဲ့ အပြစ်မျိုး ဖြစ်နေတယ်"

ဝေ့ထင်းကလည်း သူတို့အား တွန်းဖယ်ပစ်လိုက်လေသည်။

"သွားကြစမ်းပါ၊ လာမရှုပ်ပါနဲ့"

လူထူးဆန်းအဘိုးအိုသည် ဝေ့ထင်းအား ခေါ်မရမှန်းသိလိုက်သဖြင့် စုတုံးအား မျက်ရိပ်ပြလိုက်လေသည်၊

ထို့နောက်...

အနီးသို့ချဉ်းကပ်သွားပြီး တောင်ဝှေးနှင့် လျှပ်တစ်ပြက်ရိုက်ချပစ်လိုက်သည်။

"ဝုစ်..."

"ဝုန်း..."

ဟူသော အသံနှင့်အတူ ဝေ့ထင်းမှာ သတိမေ့သွားလေတော့၏။

ထိုအချိန်မှာပင် စုတုံးနှင့်လန်ကွေ့တို့သည် ရှေ့သို့မှောက်လျက်ကျလာသော ဝေ့ထင်း၏ ခန္ဓာကိုယ်အား ဝဲယာတစ်ဖက်တစ်ချက် မွေ့ထူလိုက်ပြီး ပြေးလွှားသွားကြလေ၏။

နန်းကုန်းစုတို့မှာ ကြောင်အမ်းအမ်းဖြစ်ကျန်ရစ်ခဲ့ကြလေတော့သည်။

✿✿✿



လေပြည်ဝှေ့ယမ်းတိုက်ခတ်နေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

မည်မျှ ကြာသွားမှန်းမသိ။

ဝေ့ထင်း သတိရလာသည်။

သူသတိရလာသောအခါ စိမ်းလန်းစိုပြည်သော နေရာတစ်ခုကို ရောက်နေသည်ကို တွေ့ရှိရသည်။

သူသည် ကမန်းကတန်း လူးလိမ့်ထလိုက်၏။ သူ၏ဦးခေါင်းမှာ အနည်းငယ်နာကျင်သော ဝေဒနာကို ခံစားရလေ၏။

ထိုစဉ်...

"မင်း သတိရလာပြီလား"

အသံတစ်သံကို ကြားလိုက်ရသည်။

ဝေ့ထင်း လှည့်ကြည့်လိုက်သောအခါ လူထူးဆန်းအဘိုးအိုအား တွေ့မြင်လိုက်လေသည်။

"ကျုပ် ဘယ်ကိုရောက်နေတာလဲ"

ဝေ့ထင်းက မေးလိုက်၏။

လူထူးဆန်းအဘိုးအိုက ပြုံးပြလိုက်သည်။

"မင်းကို သေမင်းလက်ထဲကနေ ပြန်ခေါ်ခဲ့တာပေါ့ကွာ"

ဝေ့ထင်း ထခုန်လိုက်လေသည်။

"ဒုက္ခပဲ ခင်ဗျားတို့ကျုပ်ကိုဘာကြောင့် ခေါ်လာကြရတာလဲ"

"ငါတို့ ခေါ်မလာရင် မင်းအသတ်ခံရမှာပေါ့"

ဝေ့ထင်းက ခေါင်းညိတ်ကာ ပြောလိုက်လေ၏။

"အို ... သူတို့သတ်ရဲမှတော့ ကျုပ်လဲသေရဲ့ပါတယ်ဗျာ"

လူထူးဆန်းအဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"မင်းသဘောကို ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့်

မင်း အခုလိုသေသွားရင် မင်းဟာ စည်းကမ်းဖောက်ဖျက်တဲ့လူ ကိုယ့်အဖွဲ့သားကို သတ်တဲ့လူ ကိုယ့်ဂိုဏ်းကို သစ္စာဖောက်တဲ့လူ ဆိုတဲ့ အမည်ဆိုးကသာ ကမ္ဘည်းတင်ကျန်ရစ်ခဲ့တော့မှာပေါ့"

လူထု ဆန်းအဘိုးအိုက ရှင်းပြလိုက်သောအခါ ဝေ့ထင်းမှာ တွေဝေသွားလေတော့သည်။

လူထုးဆန်းအဘိုးအိုက စကားဆက်လိုက်ပြန်သည်။

"အခုချိန်မှာ မင်းမသေရဘူးကွ၊ တရားခံအစစ်ဘယ်သူလဲဆိုတာ မင်းဖော်ထုတ်ရမှာ၊ မင်းကို စွပ်စွဲတဲ့အပြစ်တွေကိုလဲ မင်းကမြေရှင်းဖို့ တာဝန်ရှိတယ်မဟုတ်လား၊ ဒါမှလဲ ရွှေဓားဂိုဏ်းဟာ မင်းကြောင့်ဂုဏ်သရေညှိုးနွမ်းမသွားဘူး မျက်နှာမငယ်ရဘူး ဆိုတဲ့ မင်းရဲ့စေတနာဟာ ပေါ်လွင်လာမှာ ဖြစ်တယ်"

ဝေ့ထင်းက ထိုင်ရာမှ ထခုန်လိုက်၏။

သူသည် လူထုးဆန်းအဘိုးအို၏ လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။

"တုရှောင် ဒီတစ်ခါ ခင်ဗျားပြောတာမှန်တယ်၊ ကျုပ်ကိုနားလည်အောင်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူသည် လက်သီးလက်မောင်း တန်းလိုက်သည်။

ကျယ်လောင်စွာလည်း အော်ဟစ်သည်။

"ကျုပ်အပြစ်တွေကို ရှင်းသွားအောင်ကြိုးစားမယ်၊ ရွှေဓားဂိုဏ်းကိုပြန်သွားမယ်၊ သိုင်းလောကအလယ်မှာ ရွှေဓားဂိုဏ်း မျက်နှာမငယ်ရအောင် ကျုပ်အစွမ်းကုန်ကြိုးစားပါ့မယ် တုရှောင်"

ဝေ့ထင်း၏ စကားများကား အလွန်တက်ကြွနေလေသည်။

စုတုံးနှင့်လန်ကျွေ့တို့သည် ဝေ့ထင်း၏စကားကိုကြားလိုက်ရသောအခါ ဝမ်းသာသွားကြလေသည်။



သူတို့သည် သူတို့၏ အသက်ကိုချမ်းသာပေးခဲ့သော ဝေ့ထင်းအား လွန်စွာကျေးဇူးတင်သွားပြီး ကျောက်နဂါးဂိုဏ်း၏ သစ္စာကို မခံယူကြတော့ပေ။

စုတုံးက အနည်းငယ်စဉ်းစားပြီး ပြောလိုက်၏။

ခင်ဗျားကို နာမည်အမျိုးမျိုးပျက်အောင် ကြံစည်တာ ကျောက်နဂါးဂိုဏ်းကပဲဗျ"

ဝေ့ထင်းက သက်ပြင်းချလိုက်သည်။

"ခက်တာက ကျုပ်တို့မှာ သက်သေအထောက်အထားမရှိတာပဲ၊ ပြောပြလည်း သူများက ယုံမှာမဟုတ်ဘူးလေ"

လန်ကျွေ့ ရင်ကော့လိုက်၏။

"တစ်ခုတော့ ရှိတယ်၊ ကျောက်နဂါးဂိုဏ်းက လွှတ်ထားတဲ့ သူလျှိုကို မိအောင်ဖမ်းနိုင်တယ်ဆိုရင်တော့ သူတို့ရဲ့ကောက်ကျစ်တဲ့အကြံအစည်ဟာ ဘူးပေါ်သလိုပေါ်လာမှာပဲ"

လူထုးဆန်းအဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် တို့အခုလုပ်ရမှာက သူတို့လွှတ်ထားတဲ့သူလျှို မိအောင် ဖမ်းနိုင်မယ်ဆိုရင် ဝေ့ထင်းအတွက် အများကြီး အကျိုးရှိလာနိုင်တယ်"

လူထုးဆန်းအဘိုးအိုက စကားကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံနေကြသည်။

ဝေ့ထင်းက သူတို့အားလုံးကို ဦးညွှတ်လိုက်၏။

"အခုလို ကျွန်တော့်အပေါ်မှာ စေတနာထားတာ ကျေးဇူးတင်လို့မဆုံးပါဘူး"

✿✿✿

## အခန်း (၁၁)

# နှုတ်ပိတ်ခြင်း

နေခြည်ဖြာကျနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ဝေ့ထင်း၊ လူထူးဆန်းအဘိုးအို၊ စုတုံးနှင့်လန်ကွေ့တို့သည် ကမ်းခြေဘက်သို့ လျှောက်သွားကြသည်။

ထိုနေရာသည် စုတုံးနှင့်လန်ကွေ့တို့၏ စခန်းဖြစ်ပေသည်။

တောင်ပင်လယ်ဂိုဏ်းအဖွဲ့သားများသည် စုတုံးတို့ပြန်လာသည်ကိုတွေ့ရသောအခါ ဝမ်းသာအားရစွာ ကြိုဆိုကြတော့သည်။

စုတုံးနှင့်လန်ကွေ့တို့သည် ဝေ့ထင်းနှင့် သူ၏အဖွဲ့သားများအား မိတ်ဆက်ပေးလိုက်၏။

ထို့နောက်...

သူတို့သည် ဒ ဖွဲ့သားတို့အား ကြေညာလိုက်လေသည်။

"ဂိုဏ်းသားတို့ အခု မင်းတို့ကို မိတ်ဆက်ပေးလိုက်တဲ့ ဝေ့ထင်းဟာ သိုင်းပညာနေနဲ့ပဲဖြစ်ဖြစ် ဉာဏ်ပညာအနေနဲ့ပဲဖြစ်ဖြစ် ငါတို့ထက်အများကြီးသာလွန်တဲ့အတွက် အခုချိန်ကစပြီး



ဝေ့ထင်းကို မင်းတို့ငါတို့ရဲ့ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်တယ်"

"ဝေး...ဟေး...ဟေး"

"ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီး ငါတို့ရဲ့ဂိုဏ်းချုပ်ကြီး"

အသံများ ဆူညံစွာ ထွက်ပေါ်လာတော့သည်။

ဝေ့ထင်းသည် မမျှော်လင့်သော စကားကြားလိုက်ရသောကြောင့် အံ့အားသင့်သွားမိသည်။

"ဟေး... "

"ဖြောင်း...ဖြောင်း"

တောင်ပင်လယ်ဂိုဏ်းသားများသည် ဝမ်းမြောက်ဝမ်းသာဖြင့် အော်ဟစ်လျက် ခေါင်းဆောင်သစ်ကို ကြိုဆိုကြသည်။

ဝေ့ထင်း သတိဝင်လာသောအခါ ငြင်းပယ်ရန် နောက်ကျသွားပြီဖြစ်ပါသည်။

သူသည် မတတ်နိုင်တော့ပဲ ထိုင်ရာမှ ထရပ်လိုက်ရလေသည်။

သူ၏နှုတ်မှ...

"ကဲ ... ဂိုဏ်းသားတို့ခင်ဗျား"

သူ စကားအစချီလိုက်သည်နှင့် အသံဗလံများသည် ငြိမ်သက်သွားကြလေသည်။

ဝေ့ထင်းက ပြုံးလိုက်သည်။

"အားလုံးရဲ့စေတနာကို ကျုပ်လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်ကိုခေါင်းဆောင်တင်ရင် ကျုပ်ပြောမယ့်စကားကို နားထောင်ရမယ်"

အဖွဲ့သားအားလုံးတို့သည် ငြိမ်သက်စွာဖြင့် နားထောင်ကြ၏။

ထိုအခါ...

ဝေထင်းက စကားဆက်လိုက်ပြန်သည်။

"အဖွဲ့အစည်းတစ်ခုဆိုတာ စည်းကမ်းရှိရမယ်၊ ညီညွတ်ရမယ်၊ နောက်ပြီး မရမ်းကားရဘူး၊ လူတစ်ယောက်ကို အကြောင်းမဲ့ မသတ်ရဘူး၊ တရားဥပဒေကို ရိုသေရမယ်၊ အဖွဲ့စည်းကမ်းကို လိုက်နာရမယ်၊ ဒါကို အားလုံးလိုက်နာမှ ခေါင်းဆောင်နေရာကို ကျုပ်လက်ခံပါမယ်ဗျာ"

ဝေထင်း၏စကား အဆုံးသတ်သွားသောအခါ တောင်ပင်လယ်ဂိုဏ်းသားတို့၏ တစ်ခဲနက်သောအော်သံကြီး ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီးရဲ့စကားကို နားထောင်ပါမယ်"

✿✿✿

ကျွေ့ရှမ်းသည် အထုပ်အပိုး ပြင်နေ၏။

သူမသည် ခရီးထွက်ရန် အဝတ်အစားများကို အဆင်သင့် ပြင်နေခြင်းဖြစ်သည်။

အာဝီးက သူမအား ကြည့်လိုက်၏။

နားမလည်စွာဖြင့် မေးလိုက်သည်။

"မင်းကဘယ် သွားမလို့လဲ"

ကျွေ့ရှမ်းက အထုပ်အပိုးပြင်နေရင်းမှ...

"ကျွန်မ သားကို လိုက်ရှာမလို့"

အာဝီးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘယ်သူ့ကိုရှာမှာလဲ၊ နန်းကုန်းသက်လား ဝေထင်းလား"

ကျွေ့ရှမ်းက ခမ်မဲ့မဲ့ပြုံး၍ ပြောလိုက်၏။



"နှစ်ယောက်စလုံး ရှာမလို့"

အာဝီးက ခေါင်းညိတ်လိုက်သည်။

ထို့နောက် လက်ညှိုးထောင်ပြီး သူမ၏ အကြံကိုသူသိကြောင်း ဗေဒင်ဟောလိုက်လေသည်။

"မင်းဟာ နန်းကုန်းသက်ကို လိုက်ရှာရင်း ဝေထင်းကိုသတ်မလို့ မဟုတ်လား"

ကျွေ့ရှမ်းက နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မ လုပ်တဲ့ကိစ္စ ရှင်ဘာမှဝင်မစွက်နဲ့"

အာဝီးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကောင်းပါပြီဗျာ"

✿✿✿

ဝေထင်းသည် သူ၏လုပ်ငန်းကို စတင်လှုပ်ရှားနေ၏။

မိုးပြာဂိုဏ်းချုပ်ကို သတ်သွားသော တရားခံကို မည်သူမည်ဝါဖြစ်သည်ကို သဲလွန်စလိုက်ရှာနေ၏။

တစ်ဖန် ကျောက်နဂါးဂိုဏ်း၏ သူလျှိုမှာ မည်သူမည်ဝါ ဖြစ်နေသည်ကိုလည်း လိုက်လံစုံစမ်းနေ၏။

လူထူးဆန်းအဘိုးအိုနှင့် စုတုံးတို့မှာလည်း လူစုခွဲ၍ စုံစမ်းနေကြလေ၏။

ထိုစဉ်...

ဝေထင်းမှာ မမျှော်လင့်ပဲ မာယာနှင့် ပက်ပင်းတိုးမိသွားလေတော့သည်။

ဝေထင်းက မာယာကိုတွေ့သောအခါ နာကြည်းစွာ ပြုံးလိုက်၏။

မာယာသည် ဝေထင်းအား တွေ့မြင်လိုက်သည်နှင့် မျက်နှာပျက်သွား၏။

သူမသည် ထွက်ပြေးရန် ကြံစည်နေသည်မှာပင် ဝေထင်းက သူမ၏သွားလမ်းကို ပိတ်ဆို့ရပ်တန့်လိုက်၏။

မာယာက ပြုံးပြလိုက်လေသည်။

"ဟဲ... ဟဲ ရှင့်ကိုအသေမသတ်ပါဘူး၊ ရှင်သတိမေ့အောင် လုပ်လိုက်တာပါ"

သူမ၏ပြစ်မှုအတွက် လျှောက်လဲချက်ပေးသည်။

ဝေထင်းက သူမအား စိုက်ကြည့်လိုက်သည်။

"ပြောစမ်း... ငါ့ဆီကလုယူသွားတဲ့ ကျမ်းဘယ်မှာလဲ"

မာယာက သက်ပြင်းတစ်ချက် ချလိုက်၏။

"တခြားလူတစ်ယောက် လုသွားတယ်"

ဝေထင်းက မျက်မှောင်ကြုတ်သွားမိသည်။

"ဘာလဲ... မင်းငါ့ကို လိမ်ဖို့မကြိုးစားနဲ့နော်"

မာယာက ခေါင်းခါယမ်းလိုက်၏။

"တကယ်ပြောတာပါ ကျွန်မဆီက လူတစ်ယောက် လုယူသွားပါတယ်"

"ဘယ်သူလဲ ..."

"ကျွန်မ မသိဘူး ... သူက ကျွန်မနောက်နေပြီး ဓားနဲ့ခြိမ်းခြောက်တာနဲ့ လှည့်မကြည့်ဝံ့ဘူး"

ဝေထင်းက သူမအား စိုက်ကြည့်လိုက်၏။

မာယာက ခေါင်းငုံ့ထားသည်။

"မလိမ်နဲ့ မင်းကို ငါသတ်ပစ်မယ်၊ ငါဟာ လူမသတ်နဲ့



ပေမဲ့ မင်းကိုသတ်ဖို့တော့ လုံလောက်တဲ့ အကြောင်းအချက်တွေ ငါ့မှာရှိနေတယ်"

မာယာက လက်ကာပြလိုက်ကာ...

"ကျွန်မ ... ကျွန်မ မလိမ်ဝံ့ပါဘူး"

ထိတ်ထိတ်လန့်လန့်ဖြင့် ပြောလိုက်၏။

ဝေထင်း မျက်မှောင်ကြုတ်သွား၏။

"ဒါဆို တကယ်ပဲပေါ့"

မာယာ ခေါင်းညိတ်လိုက်၏။

"တကယ်ပါ"

ဝေထင်း အနည်းငယ် စဉ်းစားလိုက်၏။

အတန်ကြာမှ...

"ကောင်းပြီလေ မင်းစကားကို ငါယုံလိုက်မယ်၊ ငါ့ကိုလိမ်တာ ပေါ်လာရင်တော့ မင်းကို ငါသတ်ပစ်မယ်"

သူသည် စကားဆုံးသည်နှင့် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

✿✿✿

လန်ကွေ့သည် ချင်းစုလျှံ၏လုပ်ရပ်ကို သက်သေအထောက်အထားဖြင့် ဖော်ထုတ်နိုင်ရန် အကြံအစည် ထုတ်နေ၏။

ချင်းစုလျှံက ဝေထင်း၏ အဝတ်အစားများကို ဝတ်ဆင်ရင်းဖျက်ပြီး မိုးပြာဂိုဏ်းချုပ် ဝါမေအား သတ်သွားခြင်းကိုလည်း သူ ကောင်းစွာသိထားသည်။

သို့သော်...

သက်သေအထောက်အထားမရှိသဖြင့် ဖွင့်ပြောရ၍လည်း ဘယ်သူကမှ ယုံကြည်မည်မဟုတ်ဟု နားလည်ထားသည်။

ထို့ကြောင့်...

သူသည် အထောက်အထားရရှိနိုင်ရန် အကြံထုတ်နေခြင်း ဖြစ်လေသည်။

ယင်းသို့ အကြံထုတ်နေရင်းမှ သူသည်အကြံတစ်ခုကို ရရှိလာတော့သည်။

လန်ကျွေ့သည် စုတုံးဘက်သို့ လှည့်ကာပြောလိုက်၏။

"စုတုံး ... ငါအကြံတစ်ခုရပြီကွ"

စုတုံး မျက်မှောင်ကြုတ်သွားသည်။

"ဘာအကြံလဲ ဗျ"

လန်ကျွေ့က ပြော၏။

"ချင်းစုလျှံက မိုးပြာဂိုဏ်းချုပ်ကို သတ်တဲ့အထောက် အထားကို ငါစဉ်းစားမိပြီ"

စုတုံးကလည်း စိတ်ဝင်စားစွာဖြင့် မေးသည်။

"ဟုတ်လား ... ပြောစမ်းပါဦး၊ မင်းအကြံက ဘယ်လိုလဲ"

ဤတွင် လန်ကျွေ့က သူ၏အကြံကို ပြောပြသည်။

"ဒီကိစ္စမှာ မရဏာပုချုန်းရဲ့ တပည့်ကြီးလောက်တက အကုန်လုံးသိတယ်၊ သူ့ကိုဖမ်းပြီး စစ်ဆေးလိုက်ရင် သူဖော်ပြောမှာပဲ"

စုထုံးက သဘောကျသွားသည်။

"အေး ... မင်းအကြံမဆိုးဘူး၊ ဒါပေမယ့် လောက်တကို ဘယ်လိုလုပ် မျှားခေါ်မလဲ"

လန်ကျွေ့က လျှို့ဝှက်စွာ ပြုံးလိုက်၏။

"သူ့ကို မျှားခေါ်ဖို့ လွယ်ပါတယ်"



သူသည် ပြောရင်း လက်ခုပ်တီးလိုက်သည်။

နှုတ်မှလည်း အော်ခေါ်လိုက်လေသည်။

"ဟေ့ ... မုရှမ်း"

ထိုအခါ...

လူငယ်တစ်ယောက်သည် အခန်းထဲသို့ ပြေးဝင်လာပြီး ဦးညွှတ်လိုက်၏။

"ရှိပါတယ် ဂိုဏ်းချုပ်ကြီး

လန်ကျွေ့က သူ့အားကြည့်လိုက်၏။

"ငါ့ဆီကို လာစမ်း"

မုရှမ်းက အနီးသို့ချဉ်းကပ်သွားရာ လန်ကျွေ့က သူ၏နားနားသို့ တီးတိုးပြောဆိုနေလေသည်။

✿✿✿

လောက်တသည် လောင်းကစားဂေဟာမှ ထွက်လာသည်။

သူသည် ဤကစားဝိုင်းမှ အနည်းငယ် အနိုင်ရရှိသဖြင့် မျက်နှာတစ်ခုလုံး ပြုံးရွှင်နေ၏။

ထိုစဉ်...

လူတစ်ယောက်သည် သူ့ထံသို့လျှောက်လာသည်။

"ဘယ့်နှယ်လဲလောက်တ ... တော်တော်နိုင်ခဲ့ရဲ့လား"

ထိုလူသည် သူ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။

လောက်တက မျက်မှောင်ကြုတ်သွားမိသည်။

အမှန်စင်စစ် ထိုလူကသာ သူ့အားရင်းရင်းနှီးနှီး နှုတ်ဆက်နေသော်လည်း သူကမူ ထိုလူအား မှတ်မိခြင်းမရှိပါချေ။

သူသည် ထိုလူအားကြည့်၍ စဉ်းစားနေစဉ် သူ့ပခုံးကို ထိုလူက အသာအယာလှမ်းပုတ်လိုက်၏။

ထိုလူသည် အသံတိုးတိုးဖြင့် ပြောလိုက်၏။

သူ့အသံက သူပြောသည်ကို အခြားသူများကြားမည်စိုးရိမ်သည့်ပုံပင်။

"သခင်မလေးကိုတောင် တွေ့ခဲ့သေးတယ်"

သခင်မလေး ဟူသော စကားကြောင့် လောက်တက စိတ်ဝင်စားလာသည်။

"ဟုတ်လား ... အခုဘယ်မှာလဲ"

"တည်းခိုခန်းမှာ ရောက်နေတယ်"

"ဘယ်သူများ ပါသေးလဲ"

"သူတစ်ယောက်တည်းကွ၊ ဒါကြောင့်မို့ ပြောတာ"

လောက်တ၏ မျက်နှာ ဝင်းလက်သွား၏။

ဝမ်းသာအားရဖြင့် ပြောလိုက်လေ၏။

"ဒါဖြင့် ကျေးဇူးပြုပြီး ငါ့ကိုလိုက်ပို့စမ်းပါကွာ"

ထိုလူက လက်ဝါးဖြန့်လိုက်သည်။

လောက်တက မျက်မှောင်ကြုတ်သွားသည်။

ထိုလူက ပြုံးလျက် ပိုက်ဆံတောင်းလေတော့၏။

"ဆုကလေးတော့ ချဦးပေါ့"

လောက်တက ရယ်မောလိုက်၏။

"စိတ်ချပါ တည်းခိုခန်းကိုသာ အရင်လိုက်ပြပါ၊ သခင်မလေးကိုတွေ့ရင် ပေးပါ့မယ်"

လောက်တက ကတိပေးလိုက်၏။

ဤတွင်...



ထိုလူက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ ကတိမဖျက်ရဘူးနော်"

လောက်တက ခေါင်းညိတ်လိုက်၏။

"စိတ်ချ"

ထိုလူ ပြုံးလိုက်၏။

"ဒါဖြင့် လိုက်ခဲ့ပေတော့"

လောက်တမှာ ထိုလူ၏ခေါ်ဆောင်ရာသို့ စိုက်စိုက်မတ်မတ် လိုက်သွားလေတော့၏။

✿✿✿

မှုရှမ်းသည် လောက်တအား ခေါ်ဆောင်ကာ အိမ်တစ်အိမ်သို့ဝင်ရောက်သွားသည်။

မှုရှမ်း၏ အမူအရာက ထူးဆန်းနေ၏။

လောက်တ၏ ရင်ထဲ၌ သံသယဖြစ်လာသည်။

"သခင်မလေးက ဘယ်မှာလဲ"

သူက မေးလိုက်၏။

ထိုစဉ်မှာပင်...

လူလေးယောက်က ထွက်ပေါ်လာပြီး သူ့အားဖမ်းချုပ်ထားလိုက်ကြလေသည်။

လောက်တ ထိတ်လန့်အံ့သြသွားမိ၏။

"ဒါ ဘာလုပ်တာလဲဗျ"

ထိုအချိန်၌ စုတုံးနှင့် လန်ကျွေ့တို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လောက်တသည် စုတုံးအား အံ့သြစွာ ကြည့်နေမိသည်။

"ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ"

စုထုံးက ပြုံးပြုံးလိုက်၏။

"မင်းကို နည်းနည်းမေးစရာရှိလို့၊ မှန်မှန်ပြောရင် အသက်ချမ်းသာရာရမယ်"

လောက်တက မျက်မှောင်ကြုတ်လိုက်၏။

"ပြောပါ"

စုတုံးသည် သူ့အား စိုက်ကြည့်လိုက်၏။

"မိုးပြာဂိုဏ်းချုပ်ကို သတ်လိုက်တာ ဘယ်သူလဲ"

လောက်တ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မသိဘူး"

စုတုံးက မဲ့ပြုံးပြုံးလိုက်၏။

"အဲဒီနေ့က မင်းဟာတံခါးပေါက်မှာ တာဝန်ကျတယ်၊ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

စုတုံးက ပိုင်နိုင်စွာပြောလိုက်၏။

လောက်တက သူတို့အား ကြည့်လိုက်သည်။

ပြီးမှ...

"ခင်ဗျားတို့ သခင်မကြီးကို သစ္စာဖောက်ဖို့ ကြံစည်နေကြသလား၊ ကျုပ်ကိုအမြန်ဆုံးပြန်လွှတ်ပါ၊ တော်ကြာ ကျုပ်သွားတိုင်လိုက်ရင် အကုန်လုံး ဒုက္ခရောက်သွားနိုင်တယ်"

လောက်တက သခင်မကြီးနှင့် ကိုင်ပေါက်ခြိမ်းခြောက်လိုက်၏။

စုတုံးက ရယ်လိုက်၏။

ထို့နောက်...

အေးစက်စွာ ပြောသည်။



"ဟား... ဟား... ဟား လူသေက ဘယ်လိုလုပ် တိုင်နိုင်မှာလဲကွာ၊ မင်း ငါတို့မေးတဲ့စကားကို အမှန်အတိုင်းပြောရင် လူရှင်ဖြစ်မယ်၊ မပြောလို့ကတော့ လူသေပဲ၊ အခုမကြာခင်ကလေးမှာ မင်းဟာ လူရှင် သို့မဟုတ် လူသေဖြစ်တော့မှာ ကဲ... ပြောပေတော့"

သို့သော်...

လောက်တက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်မသိဘူး"

လန်ကွေ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"မင်းက အနာခံချင်လို့ မပြောတာနဲ့တူတယ်"

သူသည်ပြောပြီးသည်နှင့် လက်ညှိုးဖြင့် လောက်တ၏ သွေးကြောအချို့ကို တောက်လိုက်လေသည်။

ထိုအခါ...

လောက်တ ခန္ဓာကိုယ် တစ်ခုလုံးသည် ထောင်ပေါင်းများစွာသော ပုရွက်ဆိတ်များက ရွှေ့လျားသွားလာသည့်အလား ယားယံလာလေတော့၏။

ပထမတွင် သူကအံကြိတ်၍ တောင့်ခံနိုင်သေး၏။

သို့သော်...

အချိန်အတော်ကြာသွားသောအခါ သူသည် မခံနိုင်အောင်ဖြစ်လာလေတော့၏။

နဖူးပေါ်မှာလည်း ချွေးသီးချွေးပေါက်များ ကျဆင်းလာလေတော့၏။

သူသည် မခံမရပ်နိုင်လွန်းစွာဖြင့် ပြောလိုက်လေတော့သည်။

"ကျုပ် ပြောပါတော့မယ်၊ သွေးကြောဖွင့်ပေးပါ"

လန်ကွေ့က ပြုံးလိုက်၏။

စောစောကတည်းက ဖွင့်ပြောလိုက်ရင် အခုလို ဝေဒနာ မခံရဘူးပေါ့"

သူသည် ပြောရင်း လောက်တ၏ သွေးကြောများကို ဖွင့်ပေးလိုက်လေသည်။

ယခုမှ လောက်တခံစားနေရသော ဝေဒနာများသည် သက်သာရာရရှိသွားလေသည်။

စုတုံးက လောက်တအား စိုက်ကြည့်လိုက်၏။

"ကဲ ... ငါမေးမယ်၊ မင်းက မှန်မှန်ဖြေရမယ်"

လောက်တက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

စုထုံးက စတင်မေးလိုက်၏။

"ဒီမှာလောက်တ ချင်းစုလျှံဟာ ဝေ့ထင်းဝတ်နေကျအဝတ်အစားတွေကို ဝတ်ဆင်ပြီး ထွက်လာခဲ့တယ် မဟုတ်လားကွ"

လောက်တက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"သူ ဘယ်ကိုသွားတယ်ဆိုတာ မင်းသိလား"

"ဟုတ်ကဲ့ ... သူဟာ ဝေ့ထင်းအယောင်ဆောင်ပြီး မိုးပြာဂိုဏ်းချုပ်ကို သွားသတ်မယ်လို့ ပုချန်းနဲ့ဆွေးနွေးတာကို ကြားရပါတယ်"

လောက်တက သူသိသမျှ အမှန်အတိုင်း ဖွင့်ဟဝန်ခံနေလေသည်။

စုတုံးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ငါအခု မင်းကို ခေါ်သွားမယ်၊ ဟိုရောက်ရင် မင်း ဒီအတိုင်း မှန်မှန် ဖွင့်ဟ ဝန်ခံပေးရမယ်"

လောက်တက ခေါင်းညိတ်လိုက်၏။



"ဟုတ်ကဲ့"

စုတုံးသည် အခန်းဘက်သို့လှည့်လိုက်၏။

"ကဲ ... ဝေ့ထင်း ထွက်လာပါဗျာ"

ထိုအခါ ...

အခန်းထဲမှ ဝေ့ထင်းနှင့် လူထူးဆန်းအဘိုးအိုတို့ ထွက်လာလေသည်။

စုတုံးက ဦးညွှတ်လိုက်သည်။

"ကဲ ... ဝေ့ထင်း၊ သူ့ကို မိုးပြာဂိုဏ်းကို ခေါ်သွားပါ၊ သူ အမှန်အတိုင်း ပြောပြပါလိမ့်မယ်"

ဝေ့ထင်းက စုတုံးနှင့် လန်ကွေ့တို့အား လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်လေသည်။

"အခုလို ဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက် ...

လောက်တအား ခေါ်ဆောင်ကာ မိုးပြာဂိုဏ်းသို့ ထွက်ခွာသွားလေတော့သည်။

သူတို့သည် ခရီးပြင်းနှင်ကြသဖြင့် မကြာမီမှာပင် မိုးပြာဂိုဏ်းသို့ ရောက်ရှိသွားကြသည်။

ချူစန်းနှင့် ရှောင်လန်းတို့သည် ဝေ့ထင်းနှင့် လူထူးဆန်းအဘိုးအိုတို့ ရောက်ရှိလာသည်ကို တွေ့လိုက်သည်နှင့် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိကြသည်။

ရှောင်လန်းသည် ဝေ့ထင်းအား မြင်သည်နှင့် မည်သည့်စကားမျှ ဆိုမနေဘဲ လှံတံကို လှမ်းဆွဲလိုက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လေတော့၏။

ထိုအခါ ...

ဝေ့ထင်းက လက်ကာပြီး ဟန့်တားလိုက်သည်။

"ခဏ နေပါဦး၊ ကျုပ်ပြောမယ့်စကားကို နားထောင်ကြည့်ပါဦး"

ချူစန်းကလည်း ရှောင်လန်းအား ဟန့်တားလိုက်ပြီး...

"သူဘာပြောလဲဆိုတာ နားထောင်ကြည့်ပါဦး"

ဤတွင်...

ဝေ့ထင်းသည် လောက်တအား လည်ကုပ်မှဆွဲကာ ရှေ့သို့ တွန်းပို့လိုက်သည်။

"ခင်ဗျားတို့ ဂိုဏ်းချုပ်ကို ကျုပ်မသတ်ဘူး၊ သတ်တာက ချင်းစုလျှံပဲ ဖြစ်တယ်၊ ချင်းစုလျှံက ကျုပ်အဝတ်အစားဝတ်ပြီး ကျုပ်အပေါ် အပြစ်ပုံချချင်လို့ ကျုပ်ဟန်ဆောင်ပြီး ခင်ဗျားတို့ဂိုဏ်းချုပ်ကို သတ်သွားတာဗျ"

လူထူးဆန်း အဘိုးအိုက လောက်တအား ညွှန်ပြလိုက်သည်။

"မင်းတို့မယုံရင် သူ့ကိုမေးပါ"

ချူစန်းက လောက်တအား ကြည့်လိုက်၏။

ပြီးမှ...

"သူက ဘယ်သူလဲ"

မေးလိုက်လေသည်။

ဝေ့ထင်းက ရှင်းပြလိုက်၏။

"ကျောက်နဂါး ဂိုဏ်းသားတွေထဲက ခေါင်းဆောင်ငယ် တစ်ယောက်ပေါ့၊ ပုချန်းရဲ့ တပည့်လည်းဖြစ်တယ်၊ သူ့နာမည်က လောက်တလို့ ခေါ်တယ်"

ချူစန်းက သူ့အား အကဲခတ်ကြည့်လိုက်သည်။

"ကဲ... မင်းက အမှန်ကို အမှန်အတိုင်း ပြောပြပါ"



လောက်တက ပြောရန် ပါးစပ် ဟလိုက်၏။

သို့သော်...

သူသည် စကား မပြောနိုင်တော့ပါ။

သေးငယ်သော လက်နက်ပုန်းတစ်ခုသည် သူ၏ နဖူးပေါ်သို့ ထိမှန်သွားသောကြောင့် ပါးစပ်ဟောင်းလောင်းဖြစ်ကာ မြေပေါ်သို့ လဲကျသေဆုံး သွားလေတော့သည်။

လူထူးဆန်း အဘိုးအိုက အော်လိုက်သည်။

"လိုက်..."

ဝေ့ထင်းနှင့် ချူစန်းတို့သည် အပြင်ဘက်သို့ ပြေးလိုက်သွားကြလေသည်။

သို့သော်...

တစ်စုံတစ်ယောက်မျှ မတွေ့ရသဖြင့် အိမ်ခန်းထဲသို့ ပြန်လည် ဝင်ရောက်လာလေသည်။

ဝေ့ထင်းသည် အိမ်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာသည်နှင့် ရှောင်လန်းအား တောင်းပန်ပြောဆိုလိုက်၏။

"ကျုပ်ကို ယုံပါ့မလား၊ ခင်ဗျားဆရာကို ကျုပ်ကမသတ်ပါဘူး"

ရှောင်လန်းသည် မူလကတည်းက ဝေ့ထင်းအား လူသတ်သမားမဟုတ်ဟု ယုံကြည်ထားသည်။

ယခုလည်း သူက မသတ်ရကြောင်း လာရောက်ရှင်းပြနေသည်ကို တွေ့ရသဖြင့် ဝေ့ထင်းအပေါ် ထားသောရန်ငြိုးများ အနည်းငယ် ပြေပျောက်သွားလေတော့သည်။

ထိုစဉ်မှာပင်...

ချွန်ယိ ရောက်ရှိလာ၏။

ချွန်ယီသည် ရောက်လျှင် ရောက်ချင်းပင် ဝေ့ထင်းအား စွပ်စွဲပြောဆိုလေ၏။

"ဒီမှာ ရှောင်လန်း၊ သူ့စကားကို မယုံပါနဲ့၊ ခင်ဗျားရဲ့ဆရာကို သတ်တာ သူပါပဲ၊ ကျုပ်ကိုယ်တိုင် မြင်ခဲ့တယ်"

ချွန်ယီ၏ စကားကြားလိုက်ရသောအခါ ရှောင်လန်းသည် ဝေ့ထင်းအား ရွံ့မုန်းစွာ ကြည့်လိုက်မိပြန်လေသည်။

"ရှင် ဘာမှလာမပြောနဲ့၊ ကျွန်မ လုံးဝမယုံဘူး"

ရှောင်လန်းသည် ဝေ့ထင်းအား ပြောလိုက်သည်။

ဝေ့ထင်းက ချွန်ယီအား ကြည့်လိုက်၏။

"ခင်ဗျား ဘယ်က ပြေးလာတာလဲဗျ"

ချွန်ယီ၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

"ကျုပ်လား အခန်းထဲမှာ ရှိပါတယ်"

ချက်ချင်းပင် သူက တုံ့ပြန်ပြောဆိုလိုက်၏။

ဝေ့ထင်းက သူ့အား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်လေသည်။

"လောက်တကို လက်နက်ပုန်းနဲ့ ပစ်သွားတာ ခင်ဗျားများ ဖြစ်နေမလားလို့ပါ"

ဝေ့ထင်းသည် အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

ချွန်ယီ မျက်နှာတစ်ခုလုံး မည်းမှောင်သွား၏။

"ခင်ဗျား ဘာပြောတာလဲဗျ"

သို့သော်...

ဝေ့ထင်းက တုံ့ပြန်ပြောမနေတော့ပါချေ။

ဝေ့ထင်းသည် ရှောင်လန်းအား လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်လိုက်၏။



"ရှောင်လန်း၊ အမှန်တရားဆိုတာ တစ်နေ့ပေါ်လာစမြဲပါပဲ၊ ကျုပ်သွားလိုက်ဦးမယ်"

သူသည် ပြောပြီး လူထူးဆန်း အဘိုးအိုနှင့်အတူ ထွက်ခွာသွားလေတော့သည်။

✿✿✿

## အခန်း (၅၂)

## အသံမှန်ကို ထုတ်ဖော်ခြင်း

ချင်းစုလျှံ၏ မျက်နှာမှာ ဒေါသရောင် သန်းနေ၏။

သူမက မျက်မှောင်ကြုတ်ကာ...

"ငါ့ကို သစ္စာဖောက်ရင် သေစေရမယ်"

သူမက ကြုံးဝါးလိုက်၏။

ပုချန်းကလည်း ဒေါသထွက်နေ၏။

"သူတို့က ဓေ့ထင်းနဲ့ ပေါင်းပြီး ကျုပ်တပည့်ကို သတ်တာ၊ လုံးဝမကျေနပ်ဘူး"

ထို့နောက်...

သူသည် ချင်းစုလျှံအား ဦးညွှတ်လိုက်၏။

"သူတို့လာရင် ကျုပ်တပည့်အတွက် ကလဲ့စားချေပါရစေ သခင်မကြီး"

ခွင့်တောင်းလိုက်သည်။

သို့သော်...

ချင်းစုလျှံက လက်ကာပြလိုက်၏။



"ရှင် ဘာမှမလုပ်ပါနဲ့၊ ဒီကိစ္စကို ကျွန်မ စီစဉ်မယ်"

ပုချန်းမှာ ဘဝင်မကျ နိုင်သော်လည်း ခေါင်းညိတ်လက်ခံလိုက်ရ၏။

ထိုစဉ်မှာပင် လန်ကျွေ့နှင့် စုတုံးတို့ ရောက်ရှိလာလေသည်။

သူတို့သည် ချင်းစုလျှံအား ငြိမ်တူ ဂါရဝ ပြုလိုက်ကြလေသည်။

ချင်းစုလျှံက ပြုံးလိုက်၏။

"ဂိုဏ်းချုပ်တို့ အတော်ပင်ပန်းလာကြပြီနဲ့တူတယ်"

စုတုံးနှင့် လန်ကျွေ့တို့က...

"မပင်ပန်းပါဘူး ခင်ဗျာ"

ပြောလိုက်၏။

ချင်းစုလျှံက ပြုံးပြလိုက်ပြန်သည်။

"ဒါဖြင့်ရင် ရှင်တို့ကို တာဝန်တစ်ခု ထပ်ပေးလိုက်ဦးမယ်ရှင့်"

"ဟုတ်ကဲ့ပါ သခင်မကြီး"

ချင်းစုလျှံက ပြုံးလျက်မှပင်...

"မနက်ဖြန် ရှင်တို့ ဝါးတစ်ထောင် တောင်ကုန်းကိုသွားကြပါ၊ ကြယ်တံခွန် ဂိုဏ်းကလူတွေ အဲဒီက ဖြတ်ကျော်လိမ့်မယ်လို့ သတင်းရတယ်၊ ရှင်တို့က သူတို့ကို တိုက်ခိုက်ချေမှုန်းလိုက်ပါ"

စုတုံးနှင့် လန်ကျွေ့တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ငြိမ်တူခေါင်းညိတ်လိုက်ကြလေသည်။

"အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်ခင်ဗျာ"

✿✿✿

မွန်းတည့်ချိန် ဖြစ်သည်။

လန်ကျွေ့နှင့် စုတုံးတို့သည် ဝါးတစ်ထောင် တောင်ကုန်းသို့ ရောက်ရှိနေ၏။

သူတို့ ရှောင်လင်ကျောင်းမှ လူများအား တိုက်ခိုက်ရန် လာကြခြင်း မဟုတ်ပါ။

ထို့ကြောင့်...

ဂိုဏ်းသားများပင် ခေါ်မလာခဲ့ပါချေ။

သူတို့သည် ရှောင်လင်ကျောင်းမှ လူများနှင့်တွေ့လျှင် ချင်းစုလျှံ၏ အကြောင်းများကို ပြောဆိုရှင်းလင်းပြရန်သာ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

သို့သော်...

သူတို့ ဤတောင်ကုန်းသို့ ရောက်ရှိလာသည်မှာ အတန်ကြာသွားပြီ ဖြစ်သည်။

သို့သော်လည်း ရှောင်လင်ကျောင်းမှ လူများ၏ အရိပ်အယောင်မျှကိုပင် မတွေ့ရပါချေ။

စုတုံးက စိတ်မရှည် နိုင်တော့ပါ။

နှုတ်မှ လွှတ်ခနဲ ပြောလိုက်၏။

"လန်ကျွေ့... ချင်းစုလျှံ ရတဲ့သတင်းဟာ မှားနေပြီနဲ့တူတယ်ကွ"

လန်ကျွေ့က ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်တယ်"

ထိုစဉ်...

ရုတ်တရက် အေးစက်သော ရယ်မောသံ တစ်သံကိုကြားလိုက်ရလေသည်။



"ဟား... ဟား... ဟား"

လန်ကျွေ့နှင့် စုတုံးတို့က ချာခနဲ လှည့်ကြည့်လိုက်ရာ ချင်းစုလျှံ ရောက်ရှိလာသည်ကို တွေ့ရှိလိုက်ရ၏။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ချင်းစုလျှံအား ဦးညွှတ်လို ကြသည်။

"သခင်မကြီးကို လေးစားပါတယ်"

ချင်းစုလျှံက လက်နှစ်ဖက် နောက်ပစ်၍ သူတို့ထံလျှောက်လာသည်။

"ရှင်တို့ ရန်သူကို တိုက်ခိုက်ဖို့ ထွက်လာတယ်ဆိုပြီး လူတွေလည်း တစ်ယောက်မှ ပါမလာပါလား ရှင့်"

စုတုံး အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။

"အဲ... အဲဒါ...

လန်ကျွေ့မှာလည်း မျက်နှာပျက်နေ၏။

ချင်းစုလျှံက မဲ့ပြုံး ပြုံးလိုက်သည်။

"ဟင်း... ဟင်း၊ ရှင်တို့အကြံ မသိရင်ခက်မယ်"

ချက်ချင်းပင် သူမ၏ မျက်နှာထားမှာ ရက်စက်ကြမ်းကြုတ်သည့်အသွင် ပြောင်းလဲလာလေသည်။

"ရှင်တို့တွေ ဝေ့ထင်းနဲ့ပေါင်းပြီး ကျွန်မကို သစ္စာဖောက်တာ မသိဘူးများ မှတ်နေသလား"

စုတုံးနှင့် လန်ကျွေ့တို့မှာ မိမိတို့အကြောင်း ချင်းစုလျှံက သိရှိသွားပြီးဟု သိလိုက်ကြရသည်။

"ယား..."

ကြာသံပေးကာ ချင်းစုလျှံအား လက်ဦးမှုရရှိရန် သူတို့သည် ပြိုင်တူတိုက်ခိုက်လိုက်ကြလေ၏။

ချင်းစုလျှံက လှောင်ပြုံး ပြုံးလိုက်သည်။

ထို့နောက် ...

"သေဖို့သာ ပြင်ထား"

သူမသည် ဝင်ရောက် ိုက်ခိုက်လာသော စုတုံးနှင့် လန်ကျွေ တို့အား လက်ဝါးနှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်တို့ကို အသုံးပြု၍ တန်ပြန်လိုက်သည်။

ဤတွင် ...

"ဝုန်း ..."

"အား ..."

"အင့် ..."

ဟူသော အသံများနှင့်အတူ စုတုံးနှင့် လန်ကျွေ့တို့သည် အဝေးသို့ လွင့်စင်သွားပြီး လဲကျသေဆုံး သွားရလေတော့၏။

ချင်းစုလျှံက သူတို့၏ အလောင်းများကိုကြည့်ကာ မဲ့ပြုံး ပြုံးလိုက်လေသည်။

"ငါ့ကို သစ္စာဖောက်ရင် ဒီလို သေရမယ်ဆိုတာ မသိကြ သေးဘူးလား"

ထို့နောက် ...

သူမသည် အေးဆေးစွာဖြင့် ထိုနေရာမှ ပြန်လည်ထွက်ခွာ သွားလေတော့သည်။

ထိုအ ဖြစ်အပျက်များသည် ဝါးတစ်ထောင် တောင်ကုန်း၏ သာယာမှုကို မဖျက်ဆီးနိုင်ချေ။



နေရောင်ခြည်က ဝါးတစ်ထောင်တောင်ကုန်းသို့ အနည်း ငယ်မျှသာ ဖြာကျနေ၏။

သားရဲ တိရစ္ဆာန်များနှင့် ငှက်များ၏အော်သံများသည် ဟိုမှ သည်မှ ထွက်ပေါ်နေ၏။

လေပြည်လေညင်း ကလေးမှာလည်း တစ်ချက်တစ်ချက် တိုက်ခတ်လိုက်လျှင် ကျောရိုးထဲအ ိ စိမ့်ဝင်သွားသည်ဟု ခံစား ရ၏။

ဝါးတစ်ထောင် တောင်ကုန်းမှ ချင်းစုလျှံ ထွက်ခွာသွားသည် မှာ အတော်ကြာသွားပြီ ဖြစ်သည်။

ချင်းစုလျှံ ထွက်သွားပြီး မကြာခင်မှာပင် လူထူးဆန်းတရှောင် နှင့် ဝေ့ထင်းတို့ ရောက်ရှိလာလေသည်။

ထိုအခါ ...

မြေပေါ်၌ လဲကျသေဆုံးနေသော အလောင်းနှစ်လောင်း ကိုသာ တွေ့ရ၏။

ထိုအလောင်းများမှာ စုတုံးနှင့် လန်ကျွေ့တို့၏ အလောင်းပင် ဖြစ်ပေသည်။

ဝေ့ထင်းနှင့် လူထူးဆန်း အတိုးအိုတို့သည် မြေပေါ်တွင် သေဆုံးနေသော စုတုံးနှင့် လန်ကျွေ့တို့၏ အလောင်းများကို ကြည့်နေ၏။

သူတို့၏ မျက်နှာပေါ်တွင် ခံပြင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူတို့သည် လန်ကျွေ့နှင့် စုတုံးတို့က ချင်းစုလျှံ၏ ခိုင်းစေ ချက်အရ ဝါးတစ်ထောင်တောင်ကုန်းသို့ သွားကြသည်ကို သတင်း ကြားလိုက်ရ၏။

ယင်းသတင်းကြားလိုက်သည်နှင့် ချင်းစုလှျံ၏ထောင်ချောက်တစ်ခုဖြစ်ရမည်ဟု ဇော်ထင်းက တွေးမိလိုက်သည်။

စုတုံးနှင့် လန်ကျွေ့တို့မှာ အသက်အန္တရာယ် ရှိနိုင်သည်ဟု တွေးမိသဖြင့် သူတို့သည် ဝါးတစ်တောင် တောင်ကုန်းသို့ အချိန်မီ လိုက်လာကြခြင်း ဖြစ်သ ည်။

သို့သော်...

ယခုမှ သူတို့ နောက ျသွားချေပြီ။

သူတို့ ရောက်လာသောအခါ စုတုံးနှင့် လန်ကျွေ့တို့၏ အလောင်းကိုသာ တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ဇော်ထင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

သူသည် အံကြိတ်ကာ ကြုံးဝါးလိုက်လေတော့သည်။

"ချင်းစုလှျံ မင်းကို ငါသတ်မယ်"

✿✿✿

ချူစန်းသည် ရွှေဓားဂိုဏ်း တည်ရှိရာသို့ ရောက်ရှိလာသည်။

နန်းကုန်းစုသည် သူ့အား နေရာထိုင်ခင်း ပေးလိုက်ပြီးနောက် မေးလိုက်၏။

"ချူစန်း ... မင်း ဘာကိစ္စနဲ့ လာတာလဲ"

ချူစန်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လျက် အရိုအသေ ေ းလိုက်လေသည်။

"ဇော်ထင်းရဲ့သတင်းကို လာပြောတာပါ"

နန်းကုန်းစုက လက်ကာပြလိုက်သည်။

"မလိုပါဘူး"

ချူစန်းက ပြုံးပြလိုက်သည်။



သူသည် အားမလျှော့သေးဘဲ ဆက်ပြောလေ၏။

"လိုအပ်တယ်ထင်လို့ လာပြောတာပါ"

နန်းကုန်းစု မျက်မှောင်ကြုတ် သွားမိသည်။

နောက်ဆုံးတွင် မနေနိုင်ဘဲ ဖွင့်မေးလိုက်လေသည်။

"သူက ဘာတွေ ရှုပ်ပြန်ပြီလဲ"

"ရှုပ်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"တစ်နေ့က ကျောက်နဂါးဂိုဏ်းက လူတစ်ယောက်ကို သက်သေအဖြစ် ဖမ်းခေါ်ခဲ့တယ်၊ မိုးပြာဂိုဏ်းချုပ်ကို သူသတ်တာ မဟုတ်တဲ့အကြောင်း သက်သေထူခဲ့တယ်"

နန်းကုန်းစု မျက်မှောင်ကြုတ်သွားသည်။

"သူခေါ်လာတဲ့ သက်သေက ဘယ်သူလဲ"

"ပုချန်းရဲ့ အားထားရတဲ့ တပည့်လောက်တပါ"

နန်းကုန်းစုက ခေါင်းညိတ်ကာ ဆက်မေး၏။

"သူ ဘယ်လို ဝန်ခံသွားသလဲ"

ချူစန်းက ခေါင်းခါယမ်းလိုက်၏။

"သူက ဝန်ခံမလို့လုပ်တုန်း တစ်ယောက်ယောက်က နှုတ်ပိတ်သတ်သွားတယ်"

သူသည် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါပေမယ့် ဇော်ထင်းကတော့ မိုးပြာဂိုဏ်းချုပ်ကို သတ်တဲ့လူဟာ ချင်းစုလှျံလို့ ပြောခဲ့ပါတယ်"

နန်းကုန်းစုက မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ခင်ဗျားတို့က ဘာကြောင့် ဇော်ထင်းလို့ စွပ်စွဲတာလဲဗျ"

"ဒါကတော့ မိုးပြာကိုဏ်းသားက သူကိုယ်တိုင် မြင်တွေ့ခဲ့ရတာကို ပြန်ပြောပြလို့ပါ"

"သူက ဘယ်သူလဲ"

"သူ့နာမည်က ချွန်ယိပါ"

"နေပါဦး၊ သူက ချင်းစုလျှံနဲ့ ဝေ့ထင်းကို ဘယ်လိုလုပ်မှား သွားတာလဲ"

"ဝေ့ထင်းက ပြောတော့ ချင်းစုလျှံဟာ သူရဲ့အဝတ်အစားကို ဝတ်ဆင်ပြီး သွားရောက်တိုက်ခိုက်ခဲ့တာလို့ ပြောပါတယ်၊ ညဘက်မှာ သွားတိုက်တယ်ဆိုတော့ ဝေ့ထင်းလို့ တင်တာကိုး"

ချူစန်းက သေချာစွာ ရှင်းပြနေ၏။

နန်းကုန်းစုက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ကိုယ်တိုင်တွေ့သလား"

ချူစန်းက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ပါဘူး၊ ကျုပ်အသံကြားလို့ ထွက်လာတဲ့အခါမှာ ချွန်ယိနဲ့ ဝေ့ထင်းကိုပဲ တွေ့ရတယ်၊ ချွန်ယိရဲ့လက်မောင်းမှာ ဒဏ်ရာရနေတာ တွေ့ရတယ်"

နန်းကုန်းစုက...

"သူက ဘာလို့ ဒဏ်ရာရသွားတာလဲ"

မေးလိုက်လေသည်။

ချူစန်းက ပြောလိုက်၏။

"ဝေ့ထင်းက လူမှား ခုတ်မိတာလို့ ပြောတယ်"

"ဒါနဲ့ ဝေ့ထင်းက ခင်ဗျားတို့ဆီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"



"သူက လူတစ်ယောက် နောက်ကိုလိုက်ရင်း ရောက်လာတာတဲ့"

နန်းကုန်းစုက အနည်းငယ် စဉ်းစားလိုက်၏။

အတန်ကြာမှ...

"ဝေ့ထင်းက ကိုယ်ထိလက်ရောက် မိုးပြာကိုဏ်းချုပ်ကို သတ်တယ်ဆိုတာ ဘယ်သူမြင်သလဲ"

ဤတွင် ချူစန်းက...

"ချွန်ယိ တစ်ယောက်တည်းပါ"

မဆိုင်းမတွပင် ပြော၏။

နန်းကုန်းစု သက်ပြင်းချလိုက်၏။

ထို့နောက် မတင်မကျ ပြောလိုက်လေသည်။

"အေးလေ ဘာပဲဖြစ်ဖြစ် ဝေ့ထင်းဟာ တရားခံမဟုတ်ဘူးဆိုတာ ဆုံးဖြတ်ဖို့ဆိုတာကတော့ အချိန်စောပါသေးတယ်"

ချူစန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ဖြေရှင်းဖို့ အခွင့်အရေး ပေးသင့်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်ဗျာ"

နန်းကုန်းစုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်က သူ့ကို အချိန်ပေးလိုက်ပါ့မယ်"

✿✿✿

ချွန်ယိသည် ရှောင်လန်းအား တိုက်တွန်း ပြောဆိုနေ၏။

"ရှောင်လန်း ... ဝေ့ထင်းဟာ အလွန်ကောက်ကျစ်တဲ့ လူတစ်ယောက်ပါ၊ သူ့စကားကို မယုံဖို့လိုတယ်"

ရှောင်လန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမသည် ချွန်ယိ၏ စကားကိုလည်း လက်ခံဟန်မပြချေ။

"ဘာပဲဖြစ်ဖြစ် ဆရာရဲ့ညီမ ရောက်လာမှသာ ဒီကိစ္စရှင်းလိမ့်မယ်ထင်တယ်"

ချွန်ယိသည် မည်သို့မျှ မပြောသာဘဲ ထွက်ခွာသွားရလေတော့သည်။

✿✿✿

ကျွေ့ရှမ်းသည် ရွှေစားဝိုဏ်းမှ ထွက်လာခဲ့ပြီးနောက် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသည်။

သူမသည် ဗေဒင်ဆရာတစ်ဦး၏ အိမ်သို့ ရောက်သွားသည်။

ထို့နောက် ...

နန်းကုန်းသက်အား တွေ့ဖို့နှင့် ဝေ့ထင်း ဒုက္ခရောက်စေရန် ဗေဒင်ဆရာအား ပြလုပ်ခိုင်းသည်။ ဓာတ်ဆင် ဓာတ်ရိုက်အတတ်ကို ထိုဗေဒင်ဆရာက တတ်သည်။

ဗေဒင်ဆရာက သူမ၏ ငွေများကို လိမ်လည်ယူလိုက်သည်။

အာဝီးသည် ကျွေ့ရှမ်းအား စိတ်မချသဖြင့် သူမနောက်သို့ တိတ်တဆိတ် လိုက်လာလေ၏။

ဗေဒင်ဆရာနှင့် သူ၏တပည့်များက ကျွေ့ရှမ်း၏ငွေကို လိမ်လည်၍ ယူနေသည်ကို တွေ့ရသောအခါ ဒေါသတကြီးဝင်ရောက် ကန့်ကွက်လေတော့၏။

"ကျွေ့ရှမ်း၊ သူတို့က လူလိမ်တွေ မင်းငွေကို လိမ်နေတာ"

ကျွေ့ရှမ်းသည် မမျှော်လင့်ဘဲ အာဝီး ဝင်လာသည်ကို တွေ့ရသဖြင့် ငွေမပေးဘဲ ရင်ထဲ၌ ပိုက်ထားလိုက်လေသည်။

ဗေဒင်ဆရာနှင့် သူ၏တပည့်တို့သည် အာဝီးကြောင့် သူတို့၏



အလိမ်များ ပေါ်သွားသည်ကို တွေ့ရသဖြင့် အာဝီးအား ဓားဖြင့် ထိုးလိုက်သည်။

ကျွေ့ရှမ်းသည် အာဝီး ဓားထိုးခံရသည်ကို တွေ့ရသောအခါ ...

"ကယ်ကြပါရှင် ... ကျွန်မယောကျ်ားကို ဓားနဲ့ထိုးနေတယ်"

အော်ဟစ် အကူအညီ တောင်းလိုက်သည်။

ထိုစဉ်မှာပင် ...

ဝေ့ထင်းနှင့် လူထူးဆန်း အဘိုးအိုတို့သည် ထိုလမ်းအနီးမှ ဖြတ်လျှောက်သွားကြရာ ကျွေ့ရှမ်း၏ အသံကြားလိုက်ရသဖြင့် ပြေးဝင်လာကြသည်။

ဝေ့ထင်းသည် အာဝီး မြေပေါ်သို့လဲကျ နေသည်ကိုတွေ့ရသောအခါ ထိတ်လန့်တုန်လှုပ် သွားမိသည်။

သူသည် မဆိုင်းမတွပင် လူလိမ်များကို ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

လူလိမ်များက မဟန်မှန်းသိ၍ ကမန်းကတန်း ထွက်ပြေးသွားကြတော့သည်။

ဝေ့ထင်းနှင့် လူထူးဆန်း အဘိုးအိုတို့မှာ လူလိမ်များနောက် မလိုက်သွားတော့ဘဲ အာဝီးတို့ရှိရာသို့ ပြေးလာလေတော့၏။

အာဝီး၏ ဒဏ်ရာသည် အလွန်ပြင်းထန်နေ၏။

ဝေ့ထင်းက သူ့အား ပွေ့မ၍ထားသည်။

"ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်"

ဝေ့ထင်းက မချိတင်ကဲ မေးလိုက်၏။

အာဝီးသည် ဝေ့ထင်းအား မြင်တွေ့လိုက်သောအခါ သူ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပလာသည်။

"မင်းကို တွေ့ရတာ ငါသိပ်ဝမ်းသာတာပဲ သားရယ်"

အာဝီးက ပြောလိုက်သည်။

သို့သော်...

ဝေ့ထင်းက လက်ကာပြလိုက်၏၊

"ဖေဖေ စကားမပြောနဲ့ဦး။ သမားတော်ကြီးဆီ သွားဖို့ အရေးကြီးတယ်"

အာဝီးက ခေါင်းခါယမ်းပြ၏။

"သွားဖို့မလိုပါဘူး သားရယ်၊ ငါသေရတော့မှာပါ၊ ငါ့အကြောင်း ငါသိပါတယ်"

အာဝီးက အားလျော့စွာ ပြောဆိုလိုက်သည်။

ဝေ့ထင်းက စိတ်မကောင်း ဖြစ်လာသည်။

"အားမငယ်ပါနဲ့ ဖေဖေရယ်၊ ဖေဖေ မသေနိုင်ပါဘူး"

သူသည် အာဝီးအား အားပေးစကား ပြောလိုက်၏။

အာဝီးက လက်ကာပြလိုက်၏။

"ငါမသေခင် သိပ်ပြီး အရေးကြီးတဲ့ စကားပြောပြချင်လို့ပါ"

အာဝီး၏ အမူအယာက တကယ့်ကို အရေးတကြီး ဖြစ်နေသည်ကို တွေ့ရှိရသည်။

ဝေ့ထင်း မျက်မှောင် ကြုတ်သွားသည်။

သူသည် စိတ်ဝင်စားစွာဖြင့် မေးလိုက်မိလေ၏။

"ဖေဖေ ဘာပြောချင်လို့လဲ"

အာဝီးက သူ့အား စိုက်ကြည့်လိုက်သည်။

ထို့နောက်...

အားဝီးက အပီသဆုံး လေသံဖြင့် တစ်လုံးချင်း ပြောဆိုလိုက်လေတော့သည်။



"မင်းဟာ ငါ့သားမဟုတ်ဘူး၊ ဂိုဏ်းချုပ်ကြီးနန်းကုန်းစုရဲ့ သားအရင်းပဲ"

ဝေ့ထင်းလွန်စွာ အံ့ဩတုန်လှုပ်သွားမိသည်။

"ဗျာ"

နှုတ်မှ အာမေဋိတ်သံပင် ထွက်သွားမိရှာသည်။

အာဝီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ နန်းကုန်းသက်ကသာ တို့သားအရင်းပါ"

တစ်ဆက်တည်းမှာပင် သူသည် ကွေ့ရှမ်းအား လက်ညှိုးထိုးပြလိုက်သည်။ တကယ်တော့ ကွေ့ရှမ်း ရှိမနေတော့ပါချေ။

"သူက ငါ့သားနဲ့ မင်းနဲ့ လဲလိုက်တာပါ"

ဝေ့ထင်းက တွေဝေသွားသည်။

သူသည် အာဝီးအား တုန်လှုပ်စွာကြည့်ကာ...

"ဖေဖေ တကယ်ပြောနေတာလား၊ ကျွန်တော်တော့ မယုံနိုင်ဘူး"

အားဝီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါစာတစ်စောင်ရေးထားပါတယ်၊ ဒီစာကို ငါ့ခုတင်ရဲ့ ခေါင်းအုံးအောက်မှာ ထားခဲ့ပါတယ်၊ ဒီစာကို မင်းဖတ်လိုက်ရရင်တော့ အကြောင်းစုံ သိသွားမှာပါကွာ"

ဝေ့ထင်းသည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် စိတ်ထဲမှာဝေခွဲ၍ မရနိုင်အောင်ဖြစ်လာလေသည်။

အားဝီးက စကားဆက်လိုက်ပြန်၏။

"ကွေ့ရှမ်းဟာ ဒီအကြောင်းပေါ်သွားမှာစိုးလို့ မင်းကိုသတ်ဖို့ လူသတ်သမားကို လိုက်ငှားနေတာပဲ၊ ငါက မင်းအတွက်စိုးရိမ်လို့ လိုက်လာတာပါ"

သူသည် ယင်းသို့ပြောဆိုပြီးနောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

ဝေထင်းသည် အာဝီးအား တင်းကျပ်စွာ သိုင်းဖက်ထားလိုက်မိ၏။

နှုတ်မှလည်း ယူကြုံးမရစွာ ပြောဆိုနေမိ၏။

"ဖေဖေ ... ဖေဖေ ကျွန်တော်က ဖေဖေရဲ့သားအရင်းပါဗျာ"

သူသည် ယင်းသို့အော်ဟစ်ရင်း ရင်ထုမနာငိုကြွေးအော်ဟစ်လိုက်လေသည်။

ထိုစဉ်...

လူထူးဆန်း အဘိုးအိုက ဝေထင်းအား သတိပေးလိုက်လေ၏။

"ဝေထင်း ... မငိုမနေနဲ့၊ အရေးကြီးဆုံးကတော့ သူ ရေးထားတဲ့စာကို အမြန်ဆုံး သွားယူမှဖြစ်မယ်"

ဝေထင်း လှည့်ကြည့်လိုက်သောအခါ ကျွေ့ရှမ်းမှာ ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် အာဝီး၏ အလောင်းကို လူထူးဆန်း အဘိုးအို လက်သို့ အပ်နှင်းလိုက်၏။

"ဒီမှာ တရှောင် သူက ကျုပ်အဖေအရင်း မဟုတ်ပေမယ့် ကျုပ်ကို ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုလာခဲ့တာ၊ သူ့ကျေးဇူး အများကြီး ရှိပါတယ် ...

ဒါကြောင့် သူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်ပါ၊ ကျွန်တော်လည်း ချက်ချင်းပြန်လာပါ့မယ်"

ဝေထင်းက မှာကြားလိုက်၏။

လူထူးဆန်း အဘိုးအိုက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချသာသွားပါ၊ ငါအကုန်လုပ်လိုက်ပါမယ်"



အာဝီးအား အဘိုးအို၏ လက်သို့အပ်လိုက်ပြီးနောက် ဝေထင်းသည် ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ကျွေ့ရှမ်းသည် အခန်းထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးဝင်သွားသည်။

သူမသည် အာဝီး၏ အိပ်ရာကို ရှာဖွေလိုက်သည်။

အာဝီး ပြောခဲ့သည့်အတိုင်းပင် သူ၏ ခေါင်းအုံးအောက်တွင် စာတစ်စောင် ရှိနေသည်။

ယင်းစာအိတ်ပေါ်တွင် ဂိုဏ်းချုပ်ကြီး နန်းကုန်းစုအား ပေးရန်ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ကျွေ့ရှမ်းက စာကို လျင်မြန်စွာဖတ်လိုက်၏။

စာထဲတွင် ဂိုဏ်းချုပ်နန်းကုန်းစုအား မိမိ၏သား နန်းကုန်းသက်ကို ဂိုဏ်းချုပ်၏ သားအရင်း ဝေထင်းနှင့် လဲလှယ်ခဲ့ကြောင်းများကို အသေးစိတ် ဝန်ခံထားသည်ကို တွေ့ရှိရလေသည်။

ကျွေ့ရှမ်းက မဲ့ပြုံး ပြုံးလိုက်၏။

"ကြည့်စမ်း ... ငါ့ကိုသစ္စာဖောက်ပြီး ငါ့ရဲ့လျှို့ဝှက်ချက်ကို သွားဖော်မလို့ ကြံစည်နေတာကိုး၊ သေတာပဲကောင်းတယ်"

သူသည် ခင်ပွန်းသည် သေဆုံးသည်ကို ကြင်နာခြင်းမရှိဘဲ ရက်စက်စွာ ပြောလိုက်သည်။

ထို့နောက် ...

မဲ့ပြုံး ပြုံးလိုက်ပြီး ထိုစာကို အစိတ်စိတ် အပိုင်းပိုင်း ဆုတ်ဖြဲလိုက်လေသည်။

ထိုစဉ်မှာပင် ...

ဝေထင်းက ရောက်ရှိလာလေတော့၏။

ကွေ့ရှမ်း လက်ထဲမှ စုတ်ပြဲနေသော စာရွက်အပိုင်းအစများကို မြင်သောအခါ မျက်နှာတင်းမာသွားပြီး မေးခွန်းထုတ်လိုက်လေ၏။

"စာကို ဘာဖြစ်လို့ ဖြဲဆုတ်လိုက်ရတာလဲ"

ကွေ့ရှမ်းသည် ယင်းစာရွက်စုတ်များကို ပါးစပ်ထဲသို့ထည့်ပြီး မျိုချလိုက်သည်။

ဝေ့ထင်းက မျက်မှောက်ကြုတ်သွားမိသည်။

"ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ"

ကွေ့ရှမ်းက အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

ဝေ့ထင်းက ကွေ့ရှမ်းအားကြည့်ကာ သူသိလိုရာကို မေးလိုက်၏။

"ကျွန်တော်က ဂိုဏ်းချုပ် နန်းကုန်းစုရဲ့ သားရင်းဆိုတာ ဟုတ်ရဲ့လား"

ကွေ့ရှမ်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် ဒီအကြောင်းကိုသိတာ ဒီလောကမှာ ငါတစ်ယောက်တည်းပဲ ရှိတယ်"

ဝေ့ထင်း စိတ်မကောင်း ဖြစ်သွားသည်။

"ခင်ဗျားက မကြံစည်အပ်တဲ့အရာကို ဘာကြောင့် ကြံစည်ရတာလဲဗျာ"

ကွေ့ရှမ်းက မဲ့ပြုံး ပြုံးလိုက်သည်။

ထို့နောက်...

အတ္တကြီးစွာ ပြောဆိုလိုက်၏၊

"ငါ့သား တစ်သက်လုံး ကောင်းစားဖို့ ကြံတာပေါ့"



သူမသည် ရှုံ့စရာကောင်းသော အပြုံးဖြင့်ပင် ဆက်ပြောသည်။

"မင်းဟာ ဂိုဏ်းချုပ်ရဲ့သားလို့ပြောရင် ဘယ်သူကယုံမှာလဲ ဘာသက်သေ အထောက်အထား ရှိသလဲ"

ဝေ့ထင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ကွေ့ရှမ်းက ဆက်ပြောပြန်သည်။

"ဒီမှာ ဝေ့ထင်း၊ မင်းက ကျွန်စာတာပါတယ်၊ တစ်သက်လုံး လူမဖြစ်တော့ဘူးသာမှတ်"

သူမသည် ပြောပြီးအားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား"

အတ္တကြီးသော ကွေ့ရှမ်းမှာ သူရူးတစ်ယောက်နှယ် ဟားတိုက်ရယ်မောနေလေသည်။

ဝေ့ထင်းသည် ကွေ့ရှမ်းအား ပြင်းထန်စွာအရေးယူသင့်သော်လည်း ကျေးမီခင်ဖြစ်၍ ထောက်ထားလိုက်သည်။

ဝေ့ထင်းသည် သက်ပြင်းတစ်ချက်ချကာ အခန်းထဲမှထွက်မိလေတော့၏။

တစ်နေ့။

ချင်းစုလျှံသည် အလွန်အရေးကြီးသော ဧည့်သည်တစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည်။

ထိုလူမှာ မင်းသားလေး ဝမ်းယန်ဖြစ်သည်။

ဝမ်းယန်က ကျောက်နဂါးဂိုဏ်း အနေဖြင့် သိုင်းလောကအား လွှမ်းမိုးစေရန် အခြေအနေ မည်သို့ရှိသည်ကို မေးမြန်းသည်။

ချင်းစုလျှံက မကြာမီ သိုင်းလောကတစ်ခုလုံး သူမ၏လက်ထဲသို့ ရောက်ရှိလာရမည်ဟု အာမခံလိုက်၏။

ဤတွင် မင်းသားလေးဝမ်းယန်ကျော့နပ်ကာ ချီးကျူးစကား ပြောပြီး ပြန်သွားလေ၏။

သူပြန်သွားသောအခါ သူ၏အားထားရသော ကိုယ်ရံတော် နှစ်ယောက်အား ချင်းစုလျှံကို ကူညီရန် ထားရစ်ခဲ့၏။

ထိုလူနှစ်ယောက်မှာ နယ်ခြား၌ အလွန်ကျော်ကြားသည့် ဓားညီနောင် ဖြစ်လေတော့သည်။

✿✿✿

# အခန်း(၁၃)

## ဖြေဆေး

မွန်းတည့်ချိန် ဖြစ်သည်။

နေရောင်ကလည်း တောက်သည်။

ကောင်းကင်တစ်ခုလုံးမှာ တိမ်တိုက်များ ကင်းရှင်းကာ ကြည်လင်ပြာလဲ့နေ၏။

ရာသီဥတု ပူပြင်းခြင်းမရှိ။

ကျွေ့ဝုသည် စိတ်ရွှင်လန်းစွာဖြင့် တောလမ်းအတိုင်း လျှောက် လာနေသည်။

ကျွေ့ဝုသည် ကြယ်တံခွန်ဂိုဏ်းမှ ဒုတိယခေါင်းဆောင် တစ်ယောက်ဖြစ်သည်။

သူသည် ရွှေဓားဂိုဏ်းသို့ သွားရောက်ရန် ခရီးထွက်လာခြင်း ဖြစ်သည်။

ခရီးတစ်လျှောက်လုံးမှာ ချောချောမောမော လာနိုင်ခဲ့သည့် အတွက် သူ၏စိတ်ထဲမှာ ကြည်နူးနေ၏။

သို့သော်...

သူခများ ကြည့်နှုးခြင်း အရသာကို ကြာကြာမခံလိုက်ရပါ။

ရုတ်တရက် လူကာစ်ရသည့် ကွယ်ရာမှာ ထွက်လာကြပြီးလျှင် သူ့အား ဝိုင်းရံထားလိုက် ကြလေ၏။

ကျွေ့ဝုက ခြေလှမ်း ရပ်တန့်လိုက်သည်။

သူသည် ဝိုင်းရံထားသူများအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

သို့သော်...

ထိုလူစုသည် စကားမပြောဘဲ သူ့အား ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ကျွေ့ဝုက ဓားကိုဆွဲထုတ်ပြီး ခုခံတိုက်ခိုက်လိုက်၏။

သို့ရာတွင် အများနှင့်တစ်ယောက် အင်အားက မမျှတသဖြင့် ကျွေ့ဝု ရှုံးနိမ့်သွားလေသည်။

ထိုစဉ်မှာပင်...

နန်းကုန်းသက် ရောက်ရှိလာ၏။

သူသည် ထိုလူစုတို့အား ဝင်ရောက်တိုက်ခိုက်လိုက်ရာ ထိုလူများသည် ဖရိုဖရဲဖြစ်သွား ကြလေတော့သည်။

ထိုအခိုက်မှာပင် မာယာလည်း ရောက်ရှိလာလေသည်။

နန်းကုန်းသက် ကိုင်ဆောင်သောဓားတွင် မိုးကြိုးအဝါရှိနေသည်ကို တွေ့ရသောအခါ သူမသည် ယင်းဓားပိုင်ရှင်မှာ တစ်ချိန်တုန်းက မိမိလက်ထဲမှ အတုမဲ့သိုင်းကျမ်းကို လုယူသွားသောသူဖြစ်သည်ဟု မှတ်မိလိုက်လေသည်။

ထိုသို့ မှတ်မိသိရှိလိုက်သည်နှင့် တစ်ပြိုင်နက် သူမသည်



ဝင်ရောက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ချာခနဲလှည့်ကာ ပြန်လည်ထွက်သွားသည်။

ကျွေ့ဝုအား ဝိုင်းဝန်းတိုက်ခိုက် နေကြသောလူစုများသည်လည်း အခြေအနေမဟန်မှန်း သိလိုက်သဖြင့် သူတို့ထွက်ပြေးတိမ်းရှောင်သွားကြလေ၏။

ကျွေ့ဝုနှင့် နန်းကုန်းသက်တို့ မလိုက်ဘဲ ကျန်ရစ်ခဲ့လေသည်။

ကျွေ့ဝုသည် နန်းကုန်းသက်အား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်သည်။

နှုတ်မှလည်း လှိုက်လှဲစွာဖြင့် ပြောသည်။

"အခုလို ကျုပ်ရဲ့အသက်ကို ကယ်တင်တာ ကျေးဇူးအများကြီး တင်ပါတယ်ဗျာ"

နန်းကုန်းသက်က ပြုံးပြလိုက်သည်။

"မလိုပါဘူးဗျာ"

ကျွေ့ဝုက နန်းကုန်းသက်အား သေချာစွာ အကဲခတ်ကြည့်လိုက်၏။

"ဒါနဲ့ မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်သလဲ"

မေးလိုက်လေသည်။

နန်းကုန်းသက်က မဆိုင်းမတွပင် ပြောဆိုလိုက်လေ၏။

"နန်းကုန်းသက်ပါ၊ ရွှေဓားဂိုဏ်းချုပ်ရဲ့ သားပါ"

ကျွေ့ဝု၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

သူသည် အားတက်သရောဖြင့်...

"အတော်ပဲဗျာ၊ ကျုပ်က ခင်ဗျားအဖေ နန်းကုန်းစုနဲ့ တွေ့ဖို့ သွားမလို့"

ဝမ်းသာအားရ ပြောဆိုလိုက်သည်။

နန်းကုန်းသက်က အံ့ဩသွားသည်။

သူ့အနေဖြင့် ယခု ပြောဆိုနေသူကို မသိပါ။

ထို့ကြောင့်...

"ခင်ဗျားက ဘယ်သူ ... ဗျ"

မေးလိုက်လေသည်။

"ကျုပ်နာမည် ကွေ့ဝုပါ၊ ကြယ်တံခွန်ဂိုဏ်းကပါ"

ကွေ့ဝုက အစြည့်အစုံပြန်လည် ပြောပြလိုက်သည်။

နန်းကုန်းသက်က ပြုံးလိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကဲ ... ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါခင်ဗျာ"

ထို့နောက် ရှေ့မှဦးဆောင်ကာ ခေါ်သွားလေတော့သည်။

နန်းကုန်းသက် ပြန်လည်ရောက်ရှိ လာသောအခါ နန်းကုန်းစု ဝမ်းသာသွားသည်။

ကွေ့ဝုက လက်မထောင်ပြလိုက်၏။

"ခင်ဗျား သားရဲ့ဓားပညာဟာ အတော်ကို ထူးချွန်နေပါလား ဗျ"

နန်းကုန်းစုက လက်ကာပြလိုက်သည်။

"သူက လူငယ်ပါ၊ ပညာအများကြီး လိုပါသေးတယ်"

ကွေ့ဝု ခေါင်းခါယမ်းလိုက်၏။

"ဒီလို မပြောပါနဲ့ဗျာ၊ ကျုပ်လမ်းမှာ ရန်သူတွေချောင်းမြောင်း တိုက်ခိုက်တာခံရလို့ ဒုက္ခရောက်မယ့်ဆဲဆဲမှာ ခင်ဗျားသား လာ



ကယ်ပေလို့ပေါ့၊ မဟုတ်ရင် သူငယ်ချင်းနဲ့တွေ့ဖို့ အသက်ပါလာမှာ မဟုတ်ဘူး"

ကွေ့ဝုက ပြည့်စုံစွာ ရှင်းပြလိုက်၏။

နန်းကုန်းစုသည် နန်းကုန်းသက်အား ကြည့်လိုက်သည်။

နန်းကုန်းသက်က ခေါင်းငုံ့၍ အခန်းထဲသို့ ဝင်သွားသည်။

ကွေ့ဝုက စကားဆက်လိုက်သည်။

"တစ်ခုတော့ရှိတယ်၊ ခင်ဗျားသားရဲ့ ဓားပညာဟာ ရွှေဓားဂိုဏ်းရဲ့ သိုင်းကွက်မဟုတ်ဘူး၊ သူဟာ ထိပ်တန်းသိုင်းပညာသည် ဆရာတစ်ယောက်နဲ့ တွေ့ထားတယ်နဲ့ တူတယ်ကွ"

ထိုစကား ကြားလိုက်ရသောအခါ နန်းကုန်းစုမှာ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့သည်။

ထို့နောက်...

သူတို့သည် ပြောစရာရှိသည်များကို ဆက်လက်၍ ပြောဆိုလိုက်ကြ လေတော့သည်။

✿✿✿

ဝေ့ထင်း၊ လူထူးဆန်း အဘိုးအိုနှင့် ကြူးကြူးတို့သည် ဝိုင်းဖွဲ့၍တိုင်ပင် ဆွေးနွေးနေကြလေ၏။

ထိုစဉ်...

သန်းဖုံး တစ်ယောက် ရောက်ရှိလာသည်။

သို့သော် သန်းဖုံးသည် အပေါ်အင်္ကျီမပါဘဲ ဘောင်းဘီတိုဖြင့် ဖြစ်နေသည်။

သူ၏ မျက်လုံးများမှာလည်း ငေးငိုင်နေသည်ကို တွေ့ရ၏။

သူသည် ဝေထင်းတို့ လူစုအား တွေ့မြင်လိုက်သည်နှင့် ထခုန်လိုက်လေတော့သည်။

နှုတ်မှလည်း တောင်စဉ်ရေမရ ပြောဆိုလိုက်သည်။

"ဟော့ လူတွေ ငါ့ကိုသိကြလား၊ ငါဟာ သိုင်းလောကရဲ့ သိုင်းဘုရင်ကွ"

သူသည် ပြောဆိုရင်း ခုန်ပေါက်၍ ထွက်ပြေးသွားတော့၏။

ဝေထင်းက စိတ်မကောင်း ဖြစ်သွားသည်။

ကြူးကြူးက မျက်မှောင်ကြုတ်သွားသည်။

"ဒီလူ ဘာဖြစ်သွားပါလိမ့်"

လူထူးဆန်း အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"သူက သိုင်းပညာ လေ့ကျင့်ရင်းနဲ့ ဖောက်ပြန်သွားတာပေါ့"

ကြူးကြူးက...

"သနားစရာ ကောင်းလိုက်တာရှင်"

ပြောလိုက်သည်။

ဝေထင်း သက်ပြင်းချပြီး ပြောလိုက်မိသည်။

"ကျုပ်က ရန်အေးအောင်ဆိုပြီး အတုမဲ့သိုင်းကျမ်းအတု ပေးလိုက်တာ အခုလိုဖြစ်ရတော့လဲ စိတ်မကောင်းပါဘူးဗျာ"

လူထူးဆန်း အဘိုးအို သက်ပြင်းချလိုက်၏။

"ဘယ်လို ကိစ္စမျိုးမဆို စိတ်ထဲမှာအပြင်းအထန် ဖြစ်တတ်ရင် ရူးတတ်တယ်"

ထို့နောက်...

သူတို့သည် ဆွေးနွေးလက်စ စကားများကို ဆက်လက်ပြော နေကြလေတော့သည်။

✿✿✿



ချင်းစုလျှံသည် ရွှေဓားဂိုဏ်းအား တိုက်ခိုက်ရန် ပုချန်းနှင့် တိုင်ပင်ဆွေးနွေးနေ၏။

"ဘာပဲဖြစ်ဖြစ် ရွှေဓားဂိုဏ်းကို ဖြိုခွဲလိုက်ရင် ကျန်အဖွဲ့ အစည်းတွေလဲ ကြောက်ရွံ့ပြီး တို့လက်အောက်ကို အလိုလိုဝင် ရောက်လာလိမ့်မယ်လို့ ယူဆတယ်"

ချင်းစုလျှံက ပြောဆိုလိုက်သည်။

ပုချန်းက ခေါင်းညိတ်လိုက်၏။

"လက်ရှိ အခြေအနေမှာ ရှောင်လင်းဂိုဏ်းကလွဲလို့ ရွှေဓား ဂိုဏ်းဟာ အင်အားအကောင်းဆုံးပဲ၊ အထူးသဖြင့် ဂိုဏ်းချုပ်နန်း ကုန်းစုရဲ့ ကောင်းကင် ရွှေဓားသိုင်းကွက်ဟာလဲ အကော်ကိုထက် မြက်တယ်လို့ ကြားတယ်"

ချင်းစုလျှံ ရယ်မောလိုက်သည်။

"ဒီပ်လဲ မစိုးရိမ်ပါနဲ့လေ၊ တို့မှာ စစ်ကူနှစ်ယောက် ရောက် နေပြီပဲ"

ပုချန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်တော်တို့ အမြန်ဆုံး လှုပ်ရှားလိုက် ရင် ကောင်းမယ်"

ချင်းစုလျှံက ခေါင်းညိတ်လိုက်၏။

"တို့ဘက်ကတော့ အဆင်သင့်ပဲ၊ ရှင့်ဘက်ကသာ အဆင် သင့် ဖြစ်ပါစေရှင်"

ပုချန်း ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ သခင်မကြီး"

ထို့နောက် အပြင်သို့ ထွက်ခွာ သွားလေတော့သည်။

✿✿✿

နန်းကုန်းစုသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေ၏။

ပေ့ဝမ်းက ခန်းမထဲသို့ ဝင်ရောက်လာသည်။

"ဂိုဏ်းချုပ်ကြီး မအိပ်သေးဘူးလား"

မေးလိုက်သည်။

နန်းကုန်းစုက ခေါင်းခါယမ်းလိုက်၏။

"မအိပ်နိုင်သေးပါဘူး"

ထိုအခါ...

ပေ့ဝမ်း မျက်မှောင်ကြုတ်သွား၏။

"အခြေအနေ မကောင်းလို့လား ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက...

"ဟုတ်တယ်၊ အခြေအနေအရ ချင်းစုလျှံတို့ နောက်ထပ်တိုက်ခိုက်မယ့် နေရာဟာ တို့ရဲ့ရွှေဓားဂိုဏ်း ဖြစ်ရမယ်လို့ ထင်မိပါတယ်"

တွေးတွေးဆဆ ပြောလိုက်သည်။

ပေ့ဝမ်းက ရင်ကော့လိုက်၏။

"လာစမ်းပါစေ၊ ကျုပ်တို့ရဲ့ ရွှေဓားဂိုဏ်းအကြောင်း သိသွားတော့မယ်"

ပေ့ဝမ်းက ကြုံးဝါးလိုက်၏။

နန်းကုန်းစုက ခေါင်းညိတ်လိုက်၏။

"မှန်တယ်၊ အခုချိန်ကစပြီး အစစအရာရာ သတိဝီရိယရှိဖို့ပဲ လိုတယ်"

ပေ့ဝမ်းက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်...

"ဟုတ်ကဲ့၊ ဒါနဲ့ သခင်လေး တစ်ယောက်လဲ မတွေ့ပါလား"



နန်းကုန်းစုက သက်ပြင်းချလိုက်၏။

"ဟုတ်တယ်၊ အခုတလော သူဘာဖြစ်နေမှန်း မသိဘူး၊ ငါ့ကို အတွေ့မခံဘူး"

ပေ့ဝမ်းက မျက်မှောင်ကြုတ်လျက် စဉ်းစဉ်းစားစား ပြောမိလေ၏။

"ဟုတ်လား ... ဘယ်လို ဖြစ်သွားပါလိမ့်"

နန်းကုန်းစုသည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားမိဟန်ဖြင့် မျက်မှောင်တွန့်လိုက်သည်။

"နောက်ပြီး သူ့ရဲ့သိုင်းပညာဟာ ရွှေဓားဂိုဏ်းရဲ့ သိုင်းပညာမဟုတ်ဘဲ တခြားသိုင်းပညာ ဖြစ်နေတယ်"

ထိုစကား ကြားရသော ပေ့ဝမ်း အံ့ဩသွားလေသည်။

"ဟုတ်လား၊ ကျွန်တော် သတိမထားမိဘူး"

နန်းကုန်းစုက သက်ပြင်းချလိုက်လေသည်။

"ကဲပါ ... ညဉ့်နက်လှပြီ၊ ခင်ဗျားလဲ သွားအိပ်ပေတော့"

ပေ့ဝမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး၊ ကျုပ်..."

"ဘာပြောစရာ ရှိသလဲ၊ ပြောပါ"

နန်းကုန်းစုက ခွင့်ပေးလိုက်သည်။

ထို့ကြောင့် နန်းကုန်းစုအား ကြည့်ကာပြောလိုက်သည်။

"နန်းကုန်းသက်ကြည့်ရတာ ပေယို့ချင်းအပေါ်မှာ သံယောဇဉ်အတော်လေးရှိပုံရတယ်၊ ဒါကြောင့် ပေ့ယို့ချင်းကို ဂျာဖို့ သူ့ကိုတာဝန်ပေးရင် မကောင်းဘူးလား"

ထိုစဉ်မှာပင်...

အခန်းထဲသို့ လက်နက်ပုန်း တစ်ခုက လွင့်ပျံဝင်ရောက်လာသည်။

"ဗြိုး"

နန်းကုန်းစုက ခန်းမထဲမှ မီးကို ငြိမ်းသတ်လိုက်သည်။

ထို့နောက်...

လျှပ်တစ်ပြက် ပြတင်းပေါက်မှ ခုန်ထွက်လိုက်သွား၏။

နန်းကုန်းစုသည် အပြင်သို့ ရောက်ရှိလာသောအခါ လရောင်အောက်တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

ရပ်နေသူမှာ တခြားလူ မဟုတ်ပေ။

ချင်းစုလျှံပင် ဖြစ်နေ၏။

နန်းကုန်းစုက လက်နှစ်ဖက်ဆုပ်၍ အလေးပြုလိုက်သည်။

နှုတ်မှလည်း ပြောဆိုနှုတ်ဆက်လိုက်၏။

"ကျောက်နဂါးဂိုဏ်းက သခင်မကြီးပါလား"

ချင်းစုလျှံက ပြုံးပြလိုက်၏။

"ဟုတ်ပါတယ်"

နန်းကုန်းစုက သူမအား စိုက်ကြည့်လိုက်သည်။

ထို့နောက်...

"ခင်ဗျား ဘာနှောင့်ယှက်မလို့လဲ"

သူက မေးလိုက်သည်။

ချင်းစုလျှံက မဲ့ပြုံး ပြုံးလျက်မှ...

"ကျွန်မမှာ အသစ်ရောက်လာတဲ့ သိုင်းသမားနှစ်ယောက်ရှိပါတယ်၊ ရှင့်ပညာကို စမ်းချင်လို့ ခေါ်ခဲ့ပါတယ်ရှင်"

သူမ၏ စကားဆုံးသွားသည်နှင့် အဖြူရောင် ဝတ်ဆင်ထား



သောသူနှင့် အမည်းရောင် ဝတ်ဆင်ထားသောလူတို့သည် နန်းကုန်းစုအား ဝင်ရောက်တိုက်ခိုက် လိုက်ကြလေတော့သည်။

သို့သော်...

သူတို့သည် နန်းကုန်းစု အနီးသို့မရောက်မီ ပေဝမ်းကကြားဖြတ်၍ တိုက်ခိုက်လိုက်သည်။

ချင်းစုလျှံက ရယ်မောလိုက်ပြန်၏။

"ကြည့်ရတာ ရှင်နဲ့ကျွန်မ ယှဉ်ပြိုင်ဖို့အချိန် တန်ပြီနဲ့တူတယ်ရှင့်"

နန်းကုန်းစုက ပြုံးပြလိုက်သည်။

"ဒါကတော့ တစ်နေ့မဟုတ် တစ်နေ့ကြ ကြုံတွေ့ရမယ့်ကိစ္စပါပဲ"

ပြောလိုက်လေသည်။

"ယား..."

ဩသံပေးကာ အော်ဟစ်လိုက်သံနှင့်အတူ ချင်းစုလျှံသည် နန်းကုန်းစုအား ဝင်ရောက်တိုက်ခိုက် လိုက်လေတော့သည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် သတိကြီးစွာထားကာ ယှဉ်ပြိုင်တိုက်ခိုက် နေကြခြင်းဖြစ်၏။

ထိုစဉ်မှာပင်...

သန်းဖုံး ရောက်ရှိလာသည်။

"ဟား...ဟား...ဟား"

သန်းဖုံးက ရယ်မောရင်း နန်းကုန်းစုအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

နန်းကုန်းစုက တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ရသဖြင့် ချင်းစုလျှံအဖို့ အခွင့်အရေး ခေါ်သွားသည်။

သူသည် ရေခဲလက်ဝါးဖြင့် နန်းကုန်းစု၏ ရင်ဝသို့လျှပ်တစ်ပြက် ရိုက်ချလိုက်လေတော့သည်။

နန်းကုန်းစုသည် နောက်သို့ ယိမ်းယိုင်သွားလေသည်။

ထိုစဉ် ...

ရွှေဓားဂိုဏ်းသားများက လက်နက်ကိုယ်စီဖြင့် ပြေးလွှားလာကြသည်။

ချင်းစုလျှံသည် နန်းကုန်းစုမှာ ဒဏ်ရာရရှိသွားသည်ကို တွေ့ရှိလိုက်သဖြင့် ဝမ်းသာသွားသည်။

သူမသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ထိုနေရာမှ ပြေးလွှားထွက်ခွာ သွားလေတော့သည်။

ဓားညီနောင်တို့ကလည်း ချင်းစုလျှံနောက်သို့ လိုက်ပါသွားကြသည်။

ပေ့ဝမ်းသည် ဒဏ်ရာရနေသော နန်းကုန်းစုအား ဖေ့မန္တြီ အိမ်ထဲသို့ ဝင်သွားလေတော့သည်။

✿✿✿

လူထူးဆန်း အဘိုးအိုသည် ဝေ့ထင်းထံသို့ ပြေးလွှားလာသည်။

ဝေ့ထင်းက မျက်မှောင်ကြုတ်လျက် ပြောလိုက်၏။

"တုရှောင် ဘယ်လိုဖြစ်လာတာလဲ"

လူထူးဆန်း အဘိုးအိုက ခရီးရောက်မဆိုက်ပင် သတင်းပေးလေ၏။

"ဟော့ ... ကြွက်ကလေး၊ တစ်နေ့ညတုန်းက ချင်းစုလျှံဟာ ရွှေဓားဂိုဏ်းကိုသွားပြီး တိုက်ခိုက်လာတယ်လို့ ကြားတယ်"



ဝေ့ထင်းက ရင်ထိတ်သွားသည်။

"ဟုတ်လား ... အခြေအနေက ဘယ်လိုတဲ့လဲ"

"မင်းအဖေ ဒဏ်ရာ ရသွားတယ်ကွ"

လူထူးဆန်း အဘိုးအိုက ပြောလိုက်သည်။

ဝေ့ထင်းမှာ ထိုသတင်းအား ကြားလိုက်သည်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေတော့သည်။

"ဒဏ်ရာက တော်တော်ပြင်းသလား"

မေးလိုက်လေသည်။

တုရှောင် ခေါင်းညိတ်လိုက်၏။

"သူက ရေခဲလက်ဝါး မိသွားတာ၊ ဖြေဆေးမရရင် သေနိုင်တာပေါ့"

ဝေ့ထင်းက ကြူးကြူးဘက်သို့ လှည့်လိုက်၏။

"တုရှောင် ဒဏ်ရာရသွားတုန်းက ခင်ဗျားက ဖြေဆေးတိုက်လိုက်တယ် မဟုတ်လား"

ကြူးကြူး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"အဲဒီ ဖြေဆေး ရှိသေးလား"

ကြူးကြူး ခေါင်းခါယမ်း ပြလိုက်လေသည်။

"မရှိတော့ဘူး"

ဝေ့ထင်းက ထိုင်ရာမှ ထရပ်လိုက်သည်။

ကြူးကြူးက သူ့အားကြည့်လိုက်၏။

"ရှင် ... ဘယ်သွားမလို့လဲ"

"ကျောက်နဂါးဂိုဏ်း သွားမလို့"

"ဘာလုပ်မလို့လဲရှင်"

"ဖြေဆေး သွားတောင်းမလို့"

ကြုံးကြုံး ရင်ထိတ်သွားသည်။

"သူတို့က ပေးပါ့မလားရှင်"

ဝေထင်းက အံကိုတင်းတင်း ကြိတ်လိုက်သည်။

ထို့နောက်...

သန္နိဋ္ဌာန် ချမှတ်ပြီးသား လေသံဖြင့်...

"မပေးလဲ ရအောင် တောင်းရမယ်"

သူသည် လူထူးဆန်း အဘိုးအို ဟန့်တားနေသည့်ကြားမှ ထွက်ခွာသွားလေတော့သည်။

✿✿✿

ကျောက်နဂါးဂိုဏ်း။

ဝေထင်းသည် ကျောက်နဂါးဂိုဏ်းထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာသည်။

"နေဦး"

အစောင့်နှစ်ယောက်က သူ့အား ဟန့်တားလိုက်ကြ၏။

သို့ရာတွင်...

ဝေထင်းသည် လက်ကိုဝေ့ယမ်းလိုက်သောအခါ...

အစောင့်နှစ်ယောက်မှာ အဝေးသို့ လွင့်စဉ်သွားရလေတော့သည်။

ဝေထင်းက တံခါးဝမှ ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်။

ခြံဝင်းထဲသို့ ဝင်လိုက်သည်နှင့် ကျောက်နဂါး ဂိုဏ်းသားများက သူ့အား ဝိုင်းရံထားလိုက်ကြပြန်သည်။



သူတို့သည် ဝေထင်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်...

"ရပ်လိုက်"

ချင်းစုလျှံက ဟန့်တားလိုက်လေသည်။

"မင်းတို့အားလုံး နောက်ဆုတ်သွားကြစမ်း"

ချင်းစုလျှံက အမိန့်ပေးလိုက်၏။

ဝေထင်းအား ဝိုင်းရံထားကြသော ဂိုဏ်းသားများတို့သည် နောက်သို့ ဆုတ်သွားကြသည်။

ချင်းစုလျှံက လက်နှစ်ဖက် နောက်ပစ်ထားလိုက်သည်။

သူမသည် ဝေထင်းအား အကဲခတ်ကြည့်နေ၏။

"ရှင် ဘာကိစ္စနဲ့ လာတာလဲ"

ဝေထင်းက လက်ဝါးဖြန့်လိုက်သည်။

သူသည် လာရင်းကိစ္စကိုသာ အတိုဆုံး ပြောဆိုလိုက်၏။

"ဖြေဆေး ပေးပါ"

"ဟား...ဟား...ဟား"

ချင်းစုလျှံက ရယ်မောလိုက်လေသည်။

"ရှင်က အအေးဒဏ် အဆိပ်ဖြေဆေး လာတောင်းတာကိုး"

"ဟုတ်တယ်"

ချင်းစုလျှံက ပြုံးလိုက်၏။

"ဖြေဆေးလိုချင်ရင် ရပါတယ်၊ တစ်ခုတော့ရှိတယ်၊ ကျောက်နဂါးဂိုဏ်းထဲကို ဝင်လိုက်ပါ"

ဝေထင်းက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မဝင်ဘူး"

"မဝင်ရင် ဖြေဆေး မပေးဘူး"

ချင်းစုလှုံကလည်း ယတိပြတ် ပြောဆိုလိုက်သည်။

ဝေထင်းက မဲ့ပြုံး ပြုံးလိုက်ပြီး...

"တခြား နည်းလမ်းမရှိတော့ဘူးလား"

ချင်းစုလှုံကလည်း သူ့နည်းတူပင် ခပ်မဲ့မဲ့အပြုံးဖြင့် ပြောလိုက်၏။

"ရှိပါတယ်၊ ကျွန်မကို နိုင်ရင်တော့ ရှင်တောင်းတဲ့ ဖြေဆေးပေးပါမယ်"

ဝေထင်းက ဦးခေါင်းကို မော့လိုက်ကာ...

"ကောင်းပြီလေ၊ နေရာနဲ့ ရက်စွဲကို ပြောလိုက်ပါ"

မေးလိုက်၏။

ချင်းစုလှုံက အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက်...

"မနက်ဖြန် သန်းခေါင်ယံအချိန်မှာ ရွှေမိုးဆောင်း ဥယျာဉ်မှာတွေ့ကြမယ်"

သူမက ပြောလိုက်လေ၏။

ဝေထင်းက လက်နှစ်ဖက် ဆုပ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ် ဆက်ဆက်လာခဲ့ပါမယ်"

ပြောပြီး ထွက်ခွာသွားလေတော့သည်။

✿✿✿

အခန်း(၄၇)

# ယုတ်မာသော အကြံအစည်

ည။

ထိုညတွင် ကောင်းကင်တစ်ခုလုံး တိမ်စိုင်တိမ်လိပ်များဖြင့် ထူထပ်အုံ့ဆိုင်းနေ၏။

ထို့ကြောင့် ကြယ်ပြာလည်း မလင်း၊ လမင်းလည်း မသာချေ။

ဝန်းကျင် တစ်ခုလုံးမှာလည်း မည်းမှောင်နေသည်။

ရုတ်တရက်...

မိုးခြိမ်းသံ တစ်ခု ဟိန်းထွက်လာသည်။

"ဂျိမ်း..."

လျှပ်စီးတစ်ချက် လက်သွားသည်။

လျှပ်စီး လက်လိုက်သည့် တဒင်္ဂအချိန်အတွင်းမှာ ရွှေမိုးဆောင်း ဥယျာဉ်အတွင်း၌ ဝေထင်းနှင့် လူထူးဆန်း အဘိုးအိုတို့အား တွေ့မြင်လိုက်ရသည်။

ထို့နောက်...

မိုးသည်းထန်စွာ ရွာချလိုက်လေသည်။

လူထူးဆန်း အဘိုးအိုသည် ဝေထင်းအား ထပ်တလဲလဲ မှာကြားနေ၏။

"ငါပြောတာ မင်းသေချာမှတ်ထား၊ သူက မတိုက်ခိုက်ခင် ကိုယ်ကဦးအောင် တိုက်ခိုက်ရမယ်၊ သူကလက်ဦးသွားရင် မင်းမှာ မျှော်လင့်ချက် ရှိတော့မှာ မဟုတ်ဘူး ကြားလား၊ သူရဲ့အဆောင်ဓာတ်အဆိပ်ဟာ အင်မတန် ကြောက်စရာကောင်းတယ်"

ဝေထင်း ခေါင်းညိတ်လိုက်၏။

"စိတ်ချပါဗျာ၊ ကျုပ် ခင်ဗျား ပြောတာ မှတ်ထားပါတယ်"

မိုးသည်းထန်စွာ ရွာသွန်းနေ၏။

ဝေထင်းနှင့် လူထူးဆန်း အဘိုးအိုတို့သည် သစ်ပင်တစ်ပင်အနီးတွင် မိုးခိုနေ၏။

ထိုစဉ်...

"တုံ...တုံ...တုံ"

အဝေးမှ တုံးမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာလေသည်။

ဝေထင်းနှင့် လူထူးဆန်း အဘိုးအိုတို့က စိတ်ရှည်စွာစောင့်ဆိုင်း နေကြဆဲဖြစ်၏။

သို့သော်...

ချင်းစုလျှံ တစ်ယောက် ရောက်ရှိလာသည်ကို မတွေ့ရပါ။

ဝေထင်းက မျက်မှောင်ကြုတ်သွားသည်။

သူသည် လူထူးဆန်း အဘိုးအိုဘက်သို့လှည့်ကာ...

"တရှောင် သူလာပါ့မလား"

မေးလိုက်၏။

လူထူးဆန်း အဘိုးအို ခေါင်းညိတ်လိုက်၏။



"ချင်းစုလျှံဟာ အတော်ဘဝင်မြင့်တဲ့ အမျိုးသမီးပဲ၊ လာမှာတော့ သေချာတယ်"

သူတို့ ပြောဆိုနေစဉ်မှာပင် ချင်းစုလျှံ ဥယျာဉ်ထဲသို့ ဝင်ရောက်လာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

"ဟော ... ဟိုမှာ လာနေပြီ"

လူထူးဆန်း အဘိုးအိုက ညွှန်ပြလိုက်၏။

ဝေထင်းက မိုးခိုနေရာမှ ထွက်လာလေသည်။

လူထူးဆန်း အဘိုးအိုက အသံတိုးတိုးဖြင့် ထပ်မံမှာကြားလိုက်ပြန်၏။

"ဝေထင်း ... မင်းက ဦးအောင်တိုက်ခိုက်ဖို့ သတိမမေ့နဲ့နော်"

ဝေထင်းက ခေါင်းညိတ် ပြလိုက်လေသည်။

သူသည် ချင်းစုလျှံ ရပ်နေသော နေရာသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။

အနီးသို့ ရောက်ရှိသွားသည်နှင့်

"ချင်းစုလျှံ ... မင်းသေဖို့သာ ပြင်ပေတော့"

သူသည် ပြောပြီးသည်နှင့် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

"ဝုန်း ... "

"အင့် ... "

ပြင်းထန်သော အရှိန်နှင့်အတူ သူ၏လက်ဝါးသည် ချင်းစုလျှံ၏ရင်ဝသို့ တည့်မတ်စွာ ဝင်ရောက်ထိရိုက်မိ သွားလေတော့၏။

ချင်းစုလျှံ၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားပြီး မြေပေါ်သို့ လဲကျသွားသည်။

ဝေထင်းက ကြောင်အမ်းအမ်းဖြင့် ရပ်နေမိ၏။

အမှန်စင်စင် သူသည် လူထူးဆန်း အဘိုးအိုမှာကြားသည့် အတိုင်း လက်ဦးမှုရအောင်သာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ့စိတ်ထဲမှာ ချင်းစုလျှံအား ထိမှန်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။

ယခုမှာမူ သူသည် အလွယ်တကူဖြင့် ချင်းစုလျှံအား လွင့်သွားအောင် တိုက်ခိုက်နိုင် သည်။

သူ့စိတ်ထဲ သံသယ ဖြစ်လာမိလေတော့၏။

သူသည် ကိုယ့်မျက်လုံး ကိုယ်မယုံကြည်စွာဖြင့် ချင်းစုလျှံ ထံသို့ လှမ်းကြည့်လိုက်သည်။

ချင်းစုလျှံက ညည်းညူရင်းမှ လူးလိမ့်ထနေသည်ကို တွေ့ရလေသည်။

သူသည် ကြောင်အမ်းအမ်းဖြင့် ရှေ့သို့ခြေလှမ်း တစ်လှမ်း ချင်း တိုးသွားသည်။

ထိုစဉ်...

ကောင်းကင်ပေါ်၌ လျှပ်စီးတစ်ချက် လက်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးမှာ တဒင်္ဂလင်းထိန် သွားလေသည်။

ဝေ့ထင်းသည် ချင်းစုလျှံ၏ အနီးသို့ရောက်ရှိ နေပြီဖြစ်သည်။

လျှပ်စီး၏ အလင်းရောင်ကြောင့် ချင်းစုလျှံ၏ မျက်နှာကို သေချာစွာ မြင်တွေ့လိုက်ရလေသည်။

ထိုအခါ...

သူ၏ ခြေလှမ်းမှာ တုံ့ခနဲ ရပ်တန့်သွားသည်။

တစ်ကိုယ်လုံးလည်း ခတ်လိုက်သည့်အလား တုန်လှုပ် ချောက်ချား သွားလေတော့၏။

သူ့နှုတ်မှလည်း...



"ဟင်...ကြူးကြူး"

လွှတ်ခနဲ ခေါ်လိုက်မိ၏။

မှန်ပါသည်။

ဒဏ်ရာရရှိ၍ မြေပေါ်သို့လဲကျသွားသူမှာ ချင်းစုလျှံ မဟုတ်ပေ။

ကြူးကြူးက ချင်းစုလျှံ၏ အဝတ်အစားများကို ဝတ်ဆင်ကာ ချင်းစုလျှံအသွင် ဟန်ဆောင်လာခြင်း ပင်ဖြစ်သည်။

ပတ်ဝန်းကျင်မှာ မှောင်မည်းနေ၏။

ထို့အပြင် ဝေ့ထင်းကလည်း ချင်းစုလျှံနှင့် တိုက်ခိုက်ရန် အတွက် စိုးရိမ်မှုက လွှမ်းကဲနေသဖြင့် သေချာစွာ မကြည့်မိဘဲ လက်ဦးအောင် တိုက်ခိုက်မိလိုက်ခြင်း ဖြစ်လေသည်။

✿✿✿

ဝေ့ထင်းသည် ကြူးကြူးအား ရင်ခွင်ထဲသို့ သိုင်းဖက်ထား လိုက်သည်။

"ကြူးကြူး မင်းဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွယ်"

နှုတ်မှလည်း မချိတင်ကဲ ပြောဆိုနေ၏။

ကြူးကြူးက အားနည်းစွာဖြင့် ပြုံးပြလိုက်သည်။

"ကျွန်မဆရာရဲ့ ရေခဲလက်ဝါးအကြောင်းကို ကောင်းကောင်း သိထားတယ်၊ ရှင်သူနဲ့ရင်ဆိုင်ရင် ဒုက္ခရောက်မှာ စိုးလို့ပါရှင်"

ဝေ့ထင်းက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကြူးကြူး မင်းမှားနေပြီ၊ မင်းဆရာနဲ့ငါဟာ တစ်ယောက် ယောက် သေမှသာ ရန်အေးမှာကွယ့်"

ကြူးကြူး မချိပြုံး ပြုံးလိုက်သည်။

"တော်ကြာ ကျွန်မဆရာ လာပါလိမ့်မယ်၊ ကျွန်မဖြစ်ပုံကို တွေ့ရင် သူက ရှင့်ကို တိုက်ခိုက်မှာ မဟုတ်တော့ဘူး"

သူမ၏ လေသံမှာ နွမ်းလျှလွန်း၏။

ဝေထင်းမှာ စိတ်မကောင်းစွာဖြင့် မျက်ရည်များ ကျဆင်းလာသည်။

"ကြူးကြူး … ငါ မင်းကို ကျေးဇူးတင်ပါတယ်၊ ငါ့ကို မင်းအမျိုးမျိုး ကယ်ခဲ့တယ်၊ ငါ့အတွက်နဲ့ မင်း ဒုက္ခအမျိုးမျိုး ရောက်ခဲ့တယ်၊ မင်း ငါ့အပေါ်မှာ ထားရှိတဲ့စေတနာကို ငါတစ်သက်မှာ မမေ့နိုင်ပါဘူးကွယ်"

သူသည် တတွတ်တွတ် ရေရွတ်ပြောဆိုလိုက်၏။

ထို့နောက် …

ကြူးကြူးအား ပွေ့ချီလိုက်ရင်း ပြောလိုက်လေ၏။

"ငါ မင်းကို ဆေးကုပေးပါ့မယ်"

ကြူးကြူးက ပြုံးပြလိုက်၏။

"ကျွန်မကို ကုလို့မရတော့ပါဘူး၊ ကျွန်မသေရင် 'တိုင်း' အမှတ်တရခန်းမမှာပဲ မြှုပ်ပေးပါ"

သူမသည် ပြောပြီးနောက် ခေါင်းငိုက်စိုက်ချကာ သေဆုံးသွားလေတော့သည်။

လူထူးဆန်း အဘိုးအိုက ဝမ်းနည်းပက်လက် ငိုကြွေးလိုက်လေ၏။

"ဖြစ်မှဖြစ်ရလေ ဆရာရယ်"

ထိုစဉ်မှာပင် …

ချင်းစုလျှံ ရောက်ရှိလာလေသည်။



ဝေထင်းနှင့် လူထူးဆန်း အဘိုးအိုတို့မှာ ရင်ထိတ်သွားကြရလေသည်။

လူထူးဆန်း အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်၏။ အသံတိုးတိုးဖြင့် ဝေထင်းအား ပြောဆိုလိုက်သည်။

"အခုမှ ဒုက္ခပဲ၊ မင်း သူ့ကိုလက်ဦးအောင် တိုက်ခိုက်ဖို့ လုံးဝအခွင့်အရေး မရတော့ဘူး"

ဝေထင်းက သက်ပြင်း တစ်ချက်ချလိုက်၏။

"ဘယ်တတ်နိုင်မလဲဗျာ၊ အစွမ်းကုန်တော့ ကြိုးစားရမှာပဲ"

သို့သော် …

ချင်းစုလျှံသည် တိုက်ခိုက်ခြင်းမပြုဘဲ ခြေလှမ်း ရပ်တန့်လိုက်လေသည်။

သူမသည် အေးစက်သော လေသံဖြင့် …

"ဝေထင်း … ငါ့တပည့် ကြူးကြူးရဲ့သဘောကို ငါနားလည်တယ်၊ သူက မင်းကိုယ်စား အသေခံသွားတာပဲ၊ ငါ့တပည့်ရဲ့ဆန္ဒကို ငါ ဥပေက္ခာမပြုပါဘူး၊ ဒါကြောင့် မင်းကို အသက်ချမ်းသာပေးလိုက်မယ်"

သူမသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

လူထူးဆန်း အဘိုးအိုက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ကာ …

"ချင်းစုလျှံ ငါ မင်းကို သတ်မယ်ကွ"

ကြုံးဝါးလိုက်လေသည်။

ဝေထင်းနှင့် လူထူးဆန်း အဘိုးအိုတို့သည် ကြူးကြူး၏

အလောင်းကို သူမ မှာကြားထားသည့်အတိုင်း "တိုင်း" အမှတ်တာရ ခန်းမတွင် သဂြိုဟ်လိုက်ကြသည်။

လူထုးဆန်း အဘိုးအိုသည် ဒူးတောက်၍ လှိုက်လှိုက်လှဲလှဲ ငိုကြွေးနေ၏။

"ဆရာရယ်၊ ဆရာ လောကမှာ မရှိတော့တဲ့အတွက် ကျုပ်ကလည်း အထီးကျန်ဘဝနဲ့ပဲ အသက်ရှင်ရတော့မှာပဲ၊ ဆရာ့ကို နေ့စဉ်နဲ့အမျှ သတိရနေမှာပါပဲ"

ဝေ့ထင်းမှာလည်း မလှုပ်မယှက် တွေဝေ ငေးငိုင်နေသည်။

သူ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲမှုများ ထင်ဟပ်နေသည်။

သူသည် ကြူးကြူးနှင့် စတင်တွေ့ဆုံခဲ့ရပုံများကို တရေးရေး ပြန်လည်မြင်ယောင်လာမိသည်။

မိမိအပေါ် အသက်သေဆုံးသည်အထိ မေတ္တာအပ်နှင်းသွားသော ကြူးကြူးအား သူ၏အသည်းနှလုံးထဲတွင် ထာဝရ သတိရနေမည်သာ ဖြစ်ပေတော့သည်။

✿✿✿

နန်းကုန်းသက်သည် ဖခင်၏အခန်းမှ ထွက်လာသောအခါ ကွေ့ရှမ်းက သူ့အား စောင့်နေသည်ကို တွေ့လိုက်ရသည်။

နန်းကုန်းသက် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကိစ္စလာတာလဲ"

ကွေ့ရှမ်း ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး သက်သာလားလို့ လာကြည့်တာပါ"

နန်းကုန်းသက် ခေါင်းခါယမ်းလိုက်၏။



"အခြေအနေ မကောင်းဘူး"

ကွေ့ရှမ်းက ခေါင်းတစ်ချက်ညိတ်၍...

"ငါသိပါတယ်၊ သူမကြာခင် သေသွားမှာပါ၊ မင်းဟာ မကြာခင် ဂိုဏ်းချုပ်ကြီး နေရာရတော့မှာပါ"

နန်းကုန်းသက်က ကွေ့ရှမ်းအား မကြည့်ဘဲ...

"ကျုပ်က သူ့သားပဲ၊ သူသေရင် သူ့နေရာ ရမှာပေါ့ဗျာ"

ကွေ့ရှမ်း ပြုံးလိုက်သည်။

"သားရယ် ... သူသေသွားရင် မေမေ့ကို မေမေလို့ ခေါ်ပါနော်"

နန်းကုန်းသက် တွေဝေသွားသည်။

သို့သော်...

ချက်ချင်းပင် ခေါင်းခါယမ်းလိုက်သည်။

"မခေါ်နိုင်ဘူး"

ကွေ့ရှမ်းက သက်ပြင်း တစ်ချက်ချလိုက်သည်။

"ဒီလို မပြောပါနဲ့သားရယ်၊ မင်းတစ်နေ့ ဂိုဏ်းချုပ် ဖြစ်လာအောင် အခုလို ကလေးချင်း လဲလိုက်တာ၊ တကယ်တော့ မင်းဟာ ငါ့သားအရင်းပဲ မဟုတ်လား၊ ငါ့ကို အမေလို့ ခေါ်သင့်ပါတယ်"

သူတို့သည် ယင်းကဲ့သို့အချီအချပြောနေစဉ် ပေ့ဝမ်း ရောက်ရှိလာသည်။

သူသည် နန်းကုန်းသက်နှင့် ကွေ့ရှမ်းတို့ ပြောဆိုနေသော စကားများကို ကြားလိုက်ရသောအခါ စိတ်ထဲမှာ သံသယဖြစ်လာသည်။

ထို့ကြောင့်...

ကိုယ်ရှိန်သတ်၍ နားထောင်နေ၏။

ထိုစဉ်...

ကျွေ့ရှမ်းက စကား ဆက်လိုက်ပြန်သည်။

"အခုဆိုရင် မင်းအဖေ အားဝီးလဲ သေပြီ၊ သူမသေခင်မှာ ဝေ့ထင်းကို ဖွင့်ပြောသွားတယ်၊ ဒါကြောင့် ဒီကိစ္စမပေါ်အောင် ဝေ့ထင်းကို သတ်ပစ်ရလိမ့်မယ်"

"တောက်..."

ထိုစကား ကြားလိုက်သည်နှင့် ပေ့ဝမ်းဒေါသထွက်သွားသည်။

သူသည် ဆက်လက်သည်းခံ၍ မနေနိုင်တော့ချေ။

"ဟေ့... နန်းကုန်းသက်၊ မင်းအကြံက တော်တော်ပက်စက်ပါလား"

ပေ့ဝမ်းက ဒေါသ ထွက်လွန်းစွာဖြင့် ဝင်ရောက်ပြောဆိုလိုက်၏။

"ဟင်..."

"အို..."

နန်းကုန်းသက်နှင့် ကျွေ့ရှမ်းတို့သည် ပေ့ဝမ်းရောက်ရှိလာသည်ကို တွေ့သောအခါ မျက်နှာ ကွက်ခနဲ ပျက်သွားကြလေတော့သည်။

ပေ့ဝမ်းက ကျွေ့ရှမ်း ဘက်သို့လှည့်လိုက်သည်။

နှုတ်မှလည်း...

"လက်စသတ်တော့ ဝေ့ထင်းဟာ ဂိုဏ်းချုပ်ကြီးရဲ့ သားအရင်းကိုး"

သူသည် ခေါင်းခါယမ်းလိုက်သည်။



"မင်းဟာ တော်တော်ယုတ်မာတဲ့ မိန်းမပါလား၊ ငါအခု ဂိုဏ်းချုပ်ကြီးဆီ သွားအကြောင်းကြားလိုက်မယ်"

စကားဆုံးလျှင် သူကလှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူ မလှမ်းဖြစ်တော့ပါ။

"ရပ်လိုက်..."

နန်းကုန်းသက်က ဟန့်တားရင်း သူ၏နောက်ကျောအား ဓားဖြင့်ထောက်ထားလိုက်ခြင်းကြောင့် ဖြစ်သည်။

နန်းကုန်းသက်၏ မျက်နှာတစ်ခုလုံး အေးစက်တင်းမာနေသည်။

ပေ့ဝမ်း မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းလဲ အတော်ရက်စက်တဲ့ လူတစ်ယောက်ဆိုတာ ငါ အခုမှ သိရတယ်"

နန်းကုန်းသက်က ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ထိုစဉ်...

ကျွေ့ရှမ်းက နန်းကုန်းသက်အား တိုက်တွန်းလိုက်၏။

"သူ့ကို သတ်လိုက်ပါ"

သို့သော်...

နန်းကုန်းသက်က ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို မသတ်ချင်သေးဘူး"

ကျွေ့ရှမ်းက စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

"သား စိတ်ကူးမလွဲနဲ့၊ သူ့ကိုသတ်မှ ဒီကိစ္စ ငြိမ်မှာ"

ထပ်မံ တိုက်တွန်း နေပြန်သည်။

နန်းကုန်းသက်က ခပ်ပြုံးပြုံးဖြင့်...

"စိတ်ချပါ၊ ကျုပ်မှာ အစီအစဉ် ရှိပါတယ်"

စကားဆုံးလျှင် ပေ့ဝမ်း၏ သွေးကြောအား ထိုးပိတ်လိုက်သည်။

"အင့် ..."

ပေ့ဝမ်းမှာ မသဲမကွဲ ညည်းညူရင်း မြေပေါ်လဲကျသွား၏။

နန်းကုန်းသက်က ရယ်မောလိုက်ပြီး ပေ့ဝမ်းအနားသို့ တိုးကပ်သွားလေတော့သည်။

✿✿✿

နန်းကုန်းသက်သည် ပေ့ယို့ချင်းထံသို့ ရောက်ရှိလာသည်။

ပေ့ယို့ချင်းက နှုတ်ဆက်၍ နေရာထိုင်ခင်း ပေးလိုက်သည်။

"အစ်ကိုနန်းကုန်း၊ ဂိုဏ်းချုပ်ကြီးရဲ့ ဒဏ်ရာသက်သာလားဟင်"

ပေ့ယို့ချင်းက မေးမြန်းလိုက်သည်။

နန်းကုန်းသက် သက်ပြင်း တစ်ချက်ချလိုက်သည်။

ထို့နောက် ...

ခေါင်းခါယမ်း ပြလိုက်သည်။

"အခြေအနေ မကောင်းဘူး၊ အစ်ကို့ကိုတောင် ဂိုဏ်းချုပ်နေရာလွှဲပေးဖို့ စီစဉ်နေပြီကွယ်"

နန်းကုန်းသက်က စိတ်မကောင်းသော လေသံဖြင့် ပြောဆိုလိုက်၏။

ပေ့ယို့ချင်း သက်ပြင်း တစ်ချက်ချလိုက်သည်။

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

နန်းကုန်းသက်က ပေ့ယို့ချင်းအား စိုက်ကြည့်လိုက်သည်။



ထို့နောက် ...

တိုးညင်းသော လေသံဖြင့် ...

"ယို့ချင်း ..."

"ရှင် ..."

"အစ်ကို့ကို လက်ထပ်ပါလားကွယ်"

ပေယို့ချင်း သက်ပြင်း တစ်ချက်ချလိုက်လေသည်။

"ကျွန်မက ဝေ့ထင်းကို ချစ်နေတယ်ဆိုတာ အစ်ကိုသိတယ်မဟုတ်လား"

နန်းကုန်းသက် မဲ့ပြုံး ပြုံးလိုက်၏။

"မင်းက အခုထိ ဝေ့ထင်းအပေါ် စိတ်မကုန်သေးဘဲကိုး"

ပေ့ယို့ချင်းမှာ ဘာမျှမပြောတော့ဘဲ ခေါင်းငုံ့ထားလိုက်မိသည်။

နန်းကုန်းသက်က စကား ဆက်လိုက်သည်။

"ငါ့ကိုပြောစမ်းပါ၊ ငါက ဘယ်နေရာမှာ ဝေ့ထင်းထက်ညံ့နေလို့လဲ"

ပေ့ယို့ချင်းက ခေါင်းမော့လိုက်ပြီး ...

"မှန်ပါတယ်၊ အစ်ကိုဟာ အစစအရာရာ ဝေ့ထင်းထက်သာပါတယ်၊ ဒါပေမယ့် ချစ်ခြင်း မေတ္တာဆိုတာ အပြောရခက်ပါတယ်၊ ကျွန်မလဲ ဘယ်လိုမှ ရှင်းမပြတတ်တော့ပါဘူး"

နန်းကုန်းသက်က ပေ့ယို့ချင်းအား စိုက်ကြည့်လိုက်သည်။

သူ၏ မျက်နှာသည် အနည်းငယ် တင်းမာခက်ထန်လာသည်။

"ထပ်မေးမယ်၊ ငါ့ကို လက်ထပ်နိုင်မလား"

ပေ့ယို့ချင်း ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် ...

သူမက ပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

"ကျွန်မ လက်မထပ်နိုင်ဘူး"

နန်းကုန်းသက် ပြုံးလိုက်သည်။

သူ၏အပြုံးမှာ ကောက်ကျစ်သော အပြုံးမျိုးဖြစ်သည်။

"ဒါဖြင့် မင်းအဖေ အတွက်ကော ငါ့ကို လက်မထပ်နိုင်တော့ဘူးလား"

ပေယို့ချင်း မျက်မှောင်ကြုတ်သွား၏။

သူမက နန်းကုန်းသက်၏ စကားကို နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

သူမက နန်းကုန်းသက်အား စိုက်ကြည့်လိုက်ပြီး...

"အစ်ကို ဘာကို ဆိုလိုတာလဲ"

နန်းကုန်းသက်က အေးဆေးစွာ ထရပ်လိုက်၏။

"သိချင်ရင် ငါ့နောက်လိုက်ခဲ့"

ပေယို့ချင်း အံ့သြသွားသည်။

"ဘယ်ကို လိုက်ခဲ့ရမှာလဲ"

နန်းကုန်းသက်က အေးတိအေးစက်ဖြင့်...

"မင်း အဖေဆီကိုပေါ့"

သူသည် ပြောပြီး အခန်းထဲမှ ထွက်သွားလေသည်။

ပေယို့ချင်း ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

အတန်ကြာမှ...

သူမက နန်းကုန်းသက် နောက်သို့ ပြေးလိုက်သွားလေတော့သည်။

သူတို့သည် ရွှေဓားဂိုဏ်း၏ မြေအောက်အချုပ်ခန်းသို့ ရောက်ရှိလာကြသည်။



မြေအောက်ခန်း၌ အချုပ်ခန်းများ ရှိသည်။

အဖွဲ့၏စည်းကမ်းကို ဖောက်ဖျက်သော လူများကို ဤမြေအောက်အချုပ်ခန်းထဲ၌ ချုပ်ထားလေ့ရှိသည်။

သို့သော်...

ရွှေဓားဂိုဏ်းသားတို့သည် ဂိုဏ်းအပေါ်တွင် ကတိသစ္စာရှိပြီး စည်းကမ်းထိန်းသိမ်းကြသဖြင့် မြေအောက်အချုပ်ခန်းမှာ အကျဉ်းသား တစ်ယောက်မျှ မရှိပါ။

သို့သော်...

နန်းကုန်းသက်နှင့် ပေယို့ချင်းတို့သည် မြေအောက်အချုပ်ခန်းအတွင်းသို့ ရောက်ရှိလာသောအခါ အချုပ်ခန်းထဲ၌ လူတစ်ယောက် ချုပ်နှောင်ထားသည်ကို တွေ့ရှိလိုက်ရလေတော့သည်။

ပေယို့ချင်းသည် ထိုအကျဉ်းသားကို တွေ့မြင်လိုက်တော့မှ နန်းကုန်းသက်က သူမအား ခေါ်လာရသည့် အကြောင်းကို နားလည်လိုက်လေတော့သည်။

ထို အကျဉ်းသားသည် သူမ၏ဖခင် ပေဝမ်း ဖြစ်နေပါသတည်း။

သူမသည် ထိတ်လန့်စွာဖြင့် ပြောမိသည်။

"ဖေဖေ..."

သူမသည် ပေဝမ်းထံသို့ ပြေးလွှားသွားလေ၏။

သံတိုင်များကြားမှ သားအဖ နှစ်ယောက်ဖက်ရင်း ငိုကြွေးမိလေတော့သည်။

ပေယို့ချင်းက နန်းကုန်းသက်အား လှည့်ကြည့်လိုက်သည်။

"ကျွန်မ အဖေမှာ ဘာအပြစ်ရှိလို့ ချုပ်ထားရတာလဲ"

ပေဝမ်းက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"သမီး ဖေဖေ့မှာ ဘာအပြစ်မှမရှိဘူး၊ သူက ဖေဖေ့ကို မတရား ချုပ်ထားတာပဲ"

မေ့ယို့ချင်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

သူမသည် နန်းကုန်းသက်အား နားမလည်နိုင်စွာဖြင့် လှည့်ကြည့်ရင်း ပြောလိုက်သည်။

"ပြောစမ်းပါဦး အစ်ကိုရယ်၊ ကျွန်မ အဖေကိုဘာဖြစ်လို့ ချုပ်ထားရတာလဲ"

ပေ့ဝမ်းက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"သူက ဂိုဏ်းချုပ်ရဲ့သားအရင်း မဟုတ်ဘူး၊ ဝေ့ထင်းကသာ ဂိုဏ်းချုပ်ရဲ့သားအရင်း၊ ဒီအကြောင်းတွေကို ဖေဖေက သိသွားလို့ အခုလို ချုပ်ထားတာပဲ"

မမျှော်လင့်သောစကား ကြားလိုက်ရသောအခါ မေ့ယို့ချင်း မျက်လုံးပြူးသွားသည်။

အတန်ကြာမှ...

နန်းကုန်းသက်အား လှည့်ကြည့်လိုက်သည်။

"ဖေဖေ ပြောတာ ဟုတ်သလားဟင်"

နန်းကုန်းသက်က ရွံ့စရာကောင်းအောင် ပြုံး၍...

"ဟုတ်တယ်၊ ငါ့အကြောင်းကို သိတဲ့လူကို ငါကသတ်ပစ်ရမှာပဲ"

မေ့ယို့ချင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဘယ်လို... ရှင်က ကျွန်မ အဖေကို သတ်ပစ်မယ် ဟုတ်လား"

နန်းကုန်းသက် ပြုံးလိုက်သည်။

သူက အေးစက်သော လေသံဖြင့်...



"အင်း ... တစ်ခုတော့ရှိတယ်၊ မင်းကသာ ငါ့ကိုလက်ထပ်မယ်ဆိုရင် မင်းအဖေကို ငါမသတ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ငါက သူ့သားမက် ဖြစ်သွားတဲ့အခါကျတော့ သူလဲ ငါ့အဖြစ်အပျက်ဆိုးကို ဘယ်ဖွင့်ပြောလို့ ရပါတော့မလဲ၊ ဟုတ်တယ် မဟုတ်လား"

မေ့ယို့ချင်း ခေါင်း ခါယမ်းလိုက်သည်။

သူမက နှာခေါင်း ရှုံ့လို ... ... 

"ကျွန်မ ရှင့်ကို အထော်အထင်ကြီးခဲ့တယ်၊ ရှင်ဟာ ယောကျ်ားကောင်း တစ်ယောက်ဖြစ်တယ်ဆိုတာလည်း ကျွန်မ ယုံကြည်တယ်၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ပေမယ့် ရှင့်ကို အစ်ကိုရင်း တစ်ယောက်လို ချစ်ပါတယ်၊ အခုတော့ ရှင်ဟာ တော်တော်ကို ယုတ်မာတဲ့လူတစ်ယောက် ဆိုတာ ကျွန်မအခုမှပဲ သိရတော့တယ်"

"မင်း ပါးစပ်ပိတ်ထားစမ်း"

နန်းကုန်းသက်က ဒေါသကြီးစွာဖြင့် ဟိန်းဟောက်လိုက်လေတော့သည်။

✿✿✿

## အခန်း(၁၁)

# ရွှေဓားဂိုဏ်း၏ ပြဿနာ

ချူစန်းသည် သိုင်းအဖွဲ့အသီးသီးအား ခေါင်းဆောင်နေ၏။

သူသည် အနယ်နယ် အရပ်ရပ်ရှိ မျိုးချစ်သိုင်းသမားများကို စုစည်းလိုက်၏။

သိုင်းအဖွဲ့ အသီးသီးမှ လူများရှေ့တွင် သူ၏လှုပ်ရှားမှုတစ်ခုကို ချမှတ်လိုက်၏။

အမှန်စင်စစ် ...

ချူစန်းသည် မုစင်း သေဆုံးသွားပြီးနောက် မဟာမိတ်တို့၏ ယာယီခေါင်းဆောင် တာဝန်ယူထားခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ...

ဂိုဏ်းအသီးသီးမှ လူများသည် သူ၏အမိန့်ကို နာခံကြခြင်း ဖြစ်သည်။

ချူစန်းသည် ရောက်ရှိလာကြသော သိုင်းအဖွဲ့အသီးသီးမှ လူများအား တစ်ချက် ဝေ့ကြည့်လိုက်သည်။

ထို့နောက် ...



သူက တည်ငြိမ်သော လေသံဖြင့် ပြောသည်။

"အခု ကျုပ်ခိုင်လုံတဲ့သတင်း တစ်ခုရထားပါတယ်၊ အဲဒီသတင်းကတော့ သိုင်းလောကကိုကိုင်လှုပ်ပြီး နောင့်ယှက်ဖျက်ဆီးနေတဲ့ ကျောက်နဂါးဂိုဏ်းကို နောက်ကွယ်ကနေ ကြိုးကိုင်နေတဲ့ ကျင်းနိုင်ငံက မင်းသားလေး ဝမ်းယန်ဟာ ဗျိုင်းဖြူတောင်ကုန်းကနေ ဖြတ်ကျော်လာလိမ့်မယ်ဆို သိရပါတယ်"

သူက စကားကိုရပ်ကာ အားလုံးကို ဝေ့ကြည့်လိုက်သည်။

အားလုံးမှာ သူ၏စကားအား စိတ်ဝင်တစား နားထောင်နေကြ၏။

ချူစန်း ခေတ္တနပ်သွားသည်။

သူက စကားဆက်လိုက်၏။

"ဒါကြောင့် ကျုပ်တို့ဟာ မနက်ဖြန်ကစပြီး ဗျိုင်းဖြူတောင်ကုန်းမှာ နေရာယူထားမယ်၊ ပြီးရင် ဝမ်းယန်ကို တိုက်ခိုက်ဖမ်းဆီးကြမယ်"

"ဟုတ်တယ်"

"ကျောက်နဂါးဂိုဏ်းကို ကြိုးကိုင်နေတဲ့ မင်းသားလေး ဝမ်းယန်ကို ဆုံးမပစ်ရမယ်"

"သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတဲ့ လူတွေကို ဆုံးမပစ်ရမယ်"

သိုင်းသမားအားလုံး တစ်ယောက်တစ်ပေါက်ဖြင့် တက်ကြွစွာ ပြောလာကြသည်။

ချူစန်း ပြုံးလိုက်သည်။

ထို့နောက် ...

သူက လက်ကာပြလိုက်သည်။

"တစ်ခုတော့ ကျုပ်ပြောပါရစေ"

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သိုင်းသမားများ၏ စကားသံများ တိတ်ဆိတ်ငြိမ်သက်သွား၏။

ချူစန်း၏မျက်နှာ တည်ကြည် လေးနက်လာသည်။

သူက စကားကို နက်စွာဖြင့် ပြောလိုက်သည်။

"ဒီသတင်းဟာ ထိပ်တန်းလျှို့ဝှက် သတင်းပါ၊ ဒီသတင်းကို အတတ်နိုင်ဆုံး လျှို့ဝှက်ထားရပါမယ်၊ သတင်းသာ ပေါက်ကြား သွားရင် မင်းသားလေး ဝမ်းယန်ကို မဖမ်းမိဘဲ ကျုပ်တို့သာ အကြီးအကျယ် ဒုက္ခရောက်သွားလိမ့်မယ်"

ချွန်ယိ ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

သူက လက်သီးလက်မောင်း တန်းလျက်...

"ဟုတ်တယ်... သစ္စာဖောက်တဲ့လူဟာ ကျုပ်တို့ရန်သူပဲ"

ချူစန်းက ပြုံးလိုက်သည်။

"အခု ကြွရောက်ကြတဲ့ သွေးသောက်တွေဟာ မိမိရဲ့ သိုင်းလောကအတွက် အသက်တောင် စွန့်ဝံ့တဲ့လူတွေပါ၊ ဒါကြောင့် သစ္စာဖောက်မယ် မဟုတ်ဘူးလို့ ကျုပ်ယုံကြည်တယ်"

သိုင်းသမားအားလုံးတို့သည် လက်မောင်းတန်းပြီး အော်ဟစ်ပါ၏။

"သိုင်းလောကအတွက် သစ္စာရှိရမယ်"

✿✿✿



ချင်းစုလျှံသည် ခန်းမကြီးထဲတွင် ပုချန်းနှင့်ထိုင်ကာ ဆွေးနွေးနေ၏။

ထိုစဉ်...

အစောင့်တစ်ယောက် ရောက်ရှိလာသည်။

"သခင်မကြီး ခင်ဗျာ၊ ဆွီလိန်လုံ ရောက်လာပါပြီ"

ချင်းစုလျှံက ကျေနပ်စွာ ပြုံးလိုက်၏။

"အရေးကြီးတဲ့သတင်း တစ်ခုရတော့မယ် ထင်တယ်"

သူမသည် ပုချန်းအား ပြောလိုက်ပြီး အစောင့်အား ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကို ခေါ်ခဲ့ပါ"

"ကောင်းပါပြီ"

အစောင့် ထွက်ခွာသွား၏။

သူ့နောက်တွင် ဆွီလိန်လုံ ဆိုသူပါလာသည်။

ဆွီလိန်လုံဆိုသူမှာ ချွန်ယိပင် ဖြစ်လေသည်။

သူသည် ချင်းစုလျှံအား အရိုအသေ ပြုလိုက်သည်။

ချင်းစုလျှံက ပြုံးလိုက်သည်။

"ဆိုပါဦး၊ ဘာသတင်းများ ထူးခြားသလဲ"

ချင်းစုလျှံက သူမ သိလိုရာကိုသာ ကောက်ကာငင်ကာ မေးလိုက်၏။

ချွန်ယိက ဦးညွှတ်လိုက်ရင်း...

"ချူစန်းတို့လူစုဟာ မင်းသားလေး ဝမ်းယန်ကို ဗျိုင်းဖြူ တောင်ကုန်းကနေ ဖြတ်ကျော်လာမယ်ဆိုတာ သတင်းရသွားပါတယ် ခင်ဗျာ"

ချင်းစုလျှံက ကြားဖြတ်ပြောလိုက်၏။

"သူတို့က မင်းသားလေး ဝမ်းယန်ကို ကြားဖြတ်တိုက်ခိုက်မယ်လို့" အစီအစဉ် လုပ်ထားတယ် ဆိုပါတော့"

ချွန်ယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်မကြီး"

"ဟား ... ဟား ... ဟား"

ချင်းစုလျှံက သဘောကျစွာ ရယ်မောလိုက်၏။

သူမသည် ချွန်းယီအား စေ့စေ့ကြည့်လိုက်သည်။

ထို့နောက် ...

ချီးကျူးစကား ဆိုလိုက်လေသည်။

"မင်း တော်တယ်၊ အခုလို သတင်းလာပို့တာ သိပ်ကောင်းသွားတယ်၊ ငါတို့ အစီအစဉ် အောင်မြင်သွားရင် မင်းကို ရာထူးတိုးပေးပါ့မယ်"

ချွန်ယီက ဦးညွှတ်၍ အရိုအသေ ပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် သခင်မကြီး"

ချွန်ယီ လွန်စွာ နှစ်ထောင်းအားရ ဖြစ်နေသည်။

ထိုစဉ် ...

ချင်းစုလျှံက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... မင်းအမြန်ဆုံး ပြန်သွားပြီး ပိပိရိရိ နေထိုင်ပါ"

ချွန်ယီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ သခင်မကြီး"

ထို့နောက် သူသည် ချင်းစုလျှံကို အရိုအသေ ပေးပြီးနောက် ထိုနေရာမှ ပြေးထွက်သွားလေတော့၏။

✿✿✿



နေဝန်းနီသည် အနောက်ဘက်ယွန်းယွန်းသို့ ဆင်းသွားပြီ ဖြစ်ပါသည်။

နေမင်းကြီး ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဆိုသောအခါ အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးလာသည်။

ညမှောင်ရီပျိုးစ အချိန်ကပင် စခန်းထဲ၌ မျိုးချစ်သိုင်းသမားများ စုဝေးနေကြ၏။

သူတို့သည် ဗိုင်းဖြူ တောင်ကုန်းသို့သွားရန် အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

သူတို့သည် ချူစန်း၏ အမိန့်ကိုသာ စောင့်နေကြလေသည်။

ချူစန်းက ထွက်ခွာခိုင်းသည်နှင့် သူတို့ကထွက်ခွာတော့မည် ဖြစ်သည်။

သို့သော် ...

ယခုထက်တိုင် ထွက်ခွာချိန် နီးကပ်လာသော်လည်း ချူစန်းက ရောက်မလာသေးပါ။

သိုင်းသမားများမှာ ဂနာမငြိမ်ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ချွန်ယီ မျက်မှောင်ကြုတ်လိုက်၏။

သူသည် နံဘေးမှ သိုင်းသမားတစ်ဦးအား တီးတိုးပြောဆိုလိုက်၏။

"ဘယ်လိုလဲဗျ"

သိုင်းသမားက ကြောင်အမ်းအမ်းဖြင့် ပြန်မေးသည်။

"ဘာလဲဗျ"

ချွန်ယီက ပြစ်တင်ဝေဖန်လေ၏။

"ထွက်ခွာရမယ့်အချိန် နီးကပ်လာပြီ၊ အခုထိ ရောက်မလာသေးဘူး၊ အတော် ပေါ့လျော့တာပဲ"

ထိုသိုင်းသမား ဖြိုးလိုက်သည်။

ထို့နောက်...

လေသံအေးအေးဖြင့် ပြောလိုက်သည်။

"သူဟာ ခေါင်းဆောင်ကောင်းပီသတဲ့ လူတစ်ယောက်ပျ၊ အခုရောက်မလာသေးတာ ဆိုတာကလည်း သူ့မှာအရေးတကြီးကိစ္စရှိနေလို့ ဖြစ်မှာပေါ့ဗျာ"

ချွန်ယိ နှာခေါင်းရှုံ့လိုက်သည်။

ထို့နောက်...

သူက မကျေမနပ်ဖြင့် ပြောလိုက်၏၊

"မင်းသားလေး ဝမ်းယန်ကို ဖမ်းဖို့ထက် ဘာကိစ္စကအရေးကြီးမှာလဲ၊ အလကားနေရင်း ဆရာလုပ်ချင်တဲ့လူ၊ ဒါ သူ့တာဝန်မဲ့တာဗျ"

သိုင်းသမားက ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်၊

အေးစက်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

"ကျုပ်က တာဝန်မဲ့တတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ကျုပ်တာဝန်ကို ကျုပ်သိပါတယ်"

"ဟင်..."

ချွန်းယိ မျက်နှာပျက်သွား၏။

သူက ကပျာကယာ နောက်လှည့် ကြည့်လိုက်သည်။

ထိုအခါ...

ချူစန်း ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ချူစန်းက သူ့အား မှုးရဲစွာ စိုက်ကြည့်နေ၏။



ချွန်းယိမှာ မရဲ့မလဲ ဖြစ်သွား၏။

သူက အားတုံ့အားနာဟန်ဖြင့် ဖြီးပြလိုက်ပြီး...

စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်က မင်းသားလေး ဝမ်းယန်ကို အချိန်မီ မဖမ်းမိမှာ စိုးရိမ်လို့ပါ"

ထို့နောက်...

သူက သိုင်းသမားများဘက်သို့ လှည့်လိုက်သည်။

ပြီးလျှင်...

လွှမ်းမိုးစွာ တက်ကြွသော လေသံမျိုးဖြင့်...

"အဖွဲ့ခေါင်းဆောင် ရောက်လာပါပြီ၊ ဈိုင်းဖြူတောင်ကုန်းကို ချီတက်ကြမယ်"

ဟု ကြွေးကြော်လိုက်၏။

တစ်ဆက်တည်းပင်...

သူက လှုမ်းထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော်...

ချူစန်းက လက်ကာပြလိုက်သည်။

"ခဏ နေကြပါဦးဗျာ၊ ကျုပ်ပြောမယ့် စကားကိုလဲ လေးလေးနက်နက် နားထောင်စေချင်ပါတယ်"

သိုင်းသမား အားလုံးတို့သည် ချူစန်းပြောမည့်စကားကို နားစွင့်နေကြသည်။

"ဝမ်းယန်ဟာ ဈိုင်းဖြူတောင်ကုန်းကို သွားမှာမဟုတ်တော့ပါဘူး"

"ဟင်..."

"ဟာ..."

သူ၏ စကားကြောင့် သိုင်းသမားများ အံ့သြသွားကြသည်။

ချူစန်းက စကားဆက်လိုက်၏။

"ကျုပ်တို့ဆီမှာ သူလျှိုရှိခဲ့မယ်ဆိုရင် အခုချိန်ဆို ဝမ်းယန့်က ဗျိုင်းဖြူတောင်ကုန်းက သွားတော့မှာမဟုတ်ဘူး၊ ဗျိုင်းဖြူတောင်ကုန်းနဲ့ လမ်းခွဲဖြစ်နေတဲ့ ဝါးတစ်ထောင် တောင်ကုန်းဘက်ကပဲ သွားမှာသေချာတယ်၊ ဒါကြောင့် ကျုပ်တို့တွေ ဝါးတစ်ထောင် တောင်ကုန်းကိုပဲ သွားကြမယ်"

သူ၏ စကားကြောင့် ချွန်ယိ မျက်နှာပျက်သွား၏။

သူသည် ချူစန်းအား စောဒကတက်လိုက်သည်။

"ခေါင်းဆောင်ကြီး၊ ကျုပ်တို့ ဗျိုင်းဖြူတောင်ကုန်းကသွားရင် ပိုကောင်းမယ်ထင်တယ်"

ချူစန်း ခေါင်းခါယမ်း လိုက်သည်။

"ကျုပ်က တစ်ခုခု ဆုံးဖြတ်ပြီးရင် မပြောင်းလဲတတ်ဘူး၊ ကဲ သွေးသောက်တို့ ဝါးတစ်ထောင် တောင်ကုန်းကို ချီတက်ကြမယ်"

သိုင်းသမားတို့သည် ဝါးတစ်ထောင် တောင်ကုန်းသို့ချီတက်သွားကြသည်။ ချွန်ယိမှာ မျက်နှာရှုံ့မဲ့ကာ လိုက်ပါသွားရလေတော့၏။

✿✿✿

နန်းကုန်းစု၏ ဒဏ်ရာမှာ တစ်နေ့တခြား ဆိုးရွားလာသည်။

နန်းကုန်းစုသည် သူ့အနီးမှ ပေဝမ်း ပျောက်နေသည်ကို တွေ့ရသဖြင့် နန်းကုန်းသက်ကို မေးမြန်းလိုက်လေသည်။

"နန်းကုန်း၊ ပေဝမ်း တစ်ယောက် မတွေ့ပါလား"



နန်းကုန်းသက် သက်ပြင်း တစ်ချက်ချလိုက်၏။ ထို့နောက် လွန်စွာအားပျော့သော လေသံဖြင့်...

"ဟုတ်တယ် ဖေဖေ၊ သားလဲမတွေ့ဘူး"

နန်းကုန်းစု မျက်မှောင်ကြုတ်သွား၏။

"ယို့ချင်းကို မမေးဘူးလား၊ သူ့အဖေ ဘယ်ရောက်တယ်ဆိုတာ"

နန်းကုန်းသက် သက်ပြင်း ချလိုက်၏။

"သူလဲ မရှိဘူး"

နန်းကုန်းစု စိတ်မကောင်း ဖြစ်လာသည်။

သူ၏ပုံစံမှာ ပို၍ပင်အိုမင်း ရင့်ရော်သွားသည့်အလား ခံစားလိုက်ရသည်။

"ငါ့ဒဏ်ရာ ပြင်းစွာရထားတာ သိလျက်နဲ့သူတို့က ငါ့ကို ဂရုမစိုက်တော့ပါလားကွယ်"

နန်းကုန်းစုက စိတ်မကောင်းစွာ ရေရွတ်လိုက်၏။

နန်းကုန်းသက်က ဦးညွှတ်လိုက်သည်။

သူသည် လွန်စွာအားကိုး ယုံကြည်လောက်သည့် သားသမီးကောင်း တစ်ဦး၏လေသံမျိုးဖြင့်...

"သူတို့ကို ဂရုမစိုက်ပါနဲ့ ဖေဖေ၊ သားတစ်ယောက်လုံး ရှိပါတယ်"

နန်းကုန်းစု သဘောကျသွား၏။

"ဒါကြောင့်သားကို ဖေဖေ အားကိုးတာ၊ ကဲ ... သားလဲ သွားအနားယူတော့"

"ဟုတ်ကဲ့ ဖေဖေ"

နန်းကုန်းသက် အခန်းထဲမှ ထွက်လာ၏။

ထိုစဉ် အစောင့်တစ်ယောက်နှင့် တွေ့လိုက်၏။

နန်းကုန်းသက် မျက်မှောင် ကြုတ်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

အစောင့်က ဦးညွှတ်လိုက်သည်။

ထို့နောက် လေသံတိုးတိုးဖြင့် ပြောပြလိုက်သည်။

"ဟင် ..."

တံခါးစောင့်ထံမှ စကားကြားရသောအခါ နန်းကုန်းသက် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် မိမိ၏ အခန်းဆီသို့ လျှောက်လာသောအခါ ကွေ့ရှမ်းနှင့် တွေ့ဆုံမိသည်။ သူမသည် နန်းကုန်းသက် မျက်နှာပျက်နေသည်ကို တွေ့ရသဖြင့် ...

"သခင်လေး ဘာဖြစ်နေလို့လဲ"

ဟူ၍ မေးလိုက်၏။

နန်းကုန်းသက်က ...

"ဝေ့ထင်း ပြန်ရောက်နေတယ်လို့ လာပြောသွားလို့ပါ"

"ဟင် ..."

ကွေ့ရှမ်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

သူမသည် နန်းကုန်းသက်အား အလန့်တကြားကြည့်ကာ မေးလိုက်လေသည်။

"ဘယ်လို လုပ်ကြမလဲ"

နန်းကုန်းသက် မဲ့ပြုံး ပြုံးလိုက်သည်။

"မပူပါနဲ့ဗျာ၊ သူ ရွှေဓားဂိုဏ်းထဲကို ခြေတစ်လှမ်းမှ မလှမ်းနိုင်အောင် ကျုပ်စီစဉ်ပါမယ်"



သူသည် ပြောရင်း မြေအောက်ခန်းရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေတော့သည်။

✿✿✿

ဝေ့ထင်းသည် နန်းကုန်းစု၏ ဒဏ်ရာအတွက် ချင်းစုလျှံထံမှ ပြေဆေးတောင်းမရသဖြင့် မိုးဓားနှင့် ငရဲဓားတို့ကို သတိရလာသည်။

တစ်ချိန်တုန်းက မိမိမှာလည်း ချင်းစုလျှံ၏ ရေခဲလက်ဝါးဒဏ်ချက်ကို ခံခဲ့ရသည် မဟုတ်ပါလား။

မိမိ ဒဏ်ရာရစဉ်တုန်းက မိုးဓားနှင့် ငရဲဓားတို့၏ အတွင်းအားကို အသုံးပြုပြီး မိမိအား ကုသခဲ့သည်။

ထို့ကြောင့် ...

နန်းကုန်းစုအား မိမိ၏ အတွင်းအားဖြင့် ကုသပေးလျှင် သက်သာလိမ့်မည်ဟု ယုံကြည်မိသည်။

"တုရှောင်"

သူသည် ယင်းသို့အကြံ ရရှိသဖြင့် လူထူးဆန်း အဘိုးအိုအား လှမ်းခေါ်လိုက်သည်။

"ဘာလဲကွ ကြွက်ကလေး"

ဝေ့ထင်းက မေးလိုက်၏။

"ကျုပ် အဖေကို အတွင်းအားနဲ့ ကုဖို့စိတ်ကူးရတယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

လူထူးဆန်း အဘိုးအိုက အတန်ငယ်စဉ်းစားလိုက်သည်။

ပြီးမှ ...

"မင်း တစ်ချိန်တုန်းက ချင်းစုလှျံ ရေခဲလက်ပါးကို ထိသွားခဲ့တယ် မဟုတ်လား"

ဝေ့ထင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လူထူးဆန်း အဘိုးအို မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

"ဒါဆို မင်းရဲ့ဒဏ်ရာက ဘယ်လိုပျောက်သွားသလဲ"

ဝေ့ထင်းက ပြော၏။

"ငရဲခားနဲ့ မိုးခားတို့ရဲ့ အတွင်းအားနဲ့ ခုခံပေးလို့ပါ"

လူထူးဆန်း အဘိုးအိုက သူ၏ပေါင်ကို တစ်ချက်ပုတ်လိုက်သည်။

သူသည် သဘောကျစွာပြင့် ပြောလိုက်လေ၏။

"ဒါဖြင့် မင်းလဲ အဆေးကို အတွင်းအားနဲ့ ကုရင်ရမှာပေါ့ကွ"

ဝေ့ထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် နန်းကုန်းသက်တို့က လက်ခံမှာ မဟုတ်ဘူး"

လူထူးဆန်း အဘိုးအို မျက်မှောင်ကြုတ်သ သည်။

သူ့နှုတ်မှလည်း လေသံပြတ်ဖြင့် ရှင်းပြလေ၏။

"လက်ခံတာ မခံတာ သူ့အလုပ်၊ သွားဖို့က မင်းရဲ့အလုပ်ကွ"

ဝေ့ထင်းသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဟုတ်တယ် ... ကျုပ်သွားမယ်"

ပြောပြီးသည်နှင့် ချက်ချင်းပင် လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။ သူသည် စိတ်ဆောင်နေသဖြင့် ရွှေခားဂိုဏ်းသို့ လျှင်မြန်စွာ ရောက်ရှိသွားလေ၏။

ဝေ့ထင်းသည် ရွှေခားဂိုဏ်းသို့ ရောက်ရှိလာ၏။



ဝေ့ထင်းသည် တံခါးမှူးအား လက်နှစ်ဖက်ဆုတ်၍ နှုတ်ဆက်လိုက်၏။

"ကျုပ်က ရန်မှုဖို့လာတာ မဟုတ်ဘူး၊ ဂိုဏ်းချုပ်ရဲ့ဝေဒနာကို ကုဖို့လာတာပါ"

တည်ငြိမ်သော လေသံဖြင့် ပြော၏။

တံခါးမှူးက ပြန်လည် အရိုအသေပေးလိုက်သည်။

"ကျုပ်က ပေးဝင်ခွင့် မရှိပါဘူး၊ ဒါပေမယ့် အကြောင်းကြားပေးပါ့မယ်"

"ကောင်းပြီ"

ဝေ့ထင်း ခေါင်းညိတ်လိုက်၏။

ထို့နောက်...

တံခါးမှူးသည် နန်းကုန်းသက်ထံသို့ သတင်းပို့ရန် သွားလေသည်။

အတန်ကြာ သွားသောအခါ တံခါးစောင့်က ပြန်ထွက်လာသည်။

"ခဏစောင့်ပါလို့ ပြောတယ်"

ဝေ့ထင်းမှာ မတတ်သာတော့ဘဲရပ်၍ စောင့်နေရလေသည်။

တစ်ခဏအကြာတွင် နန်းကုန်းသက် ထွက်လာသည်။

သူနှင့်အတူ ပေ့ယို့ချင်းပါ ပါရှိလာသည်ကို တွေ့ရသည်။

ဝေ့ထင်းက လက်နှစ်ဖက် ဆုပ်ကိုင်သည်။

နှုတ်မှလည်း ပျော့ပျောင်းစွာဖြင့်...

"ဝေဒနာကို ကုပေးချင်လို့ပါ"

သို့သော်...

နန်းကုန်းသက်က ခေါင်းခါယမ်း လိုက်သည်။

"မင်းက ငါ့တို့ဂိုဏ်းရဲ့ သစ္စာဖောက် တစ်ယောက်ပါ၊ မင်းကိုလဲ ဂိုဏ်းချုပ်ကိုယ်တိုင် ထုတ်ဖယ်ထားပါပြီ၊ ရွှေဓားဂိုဏ်းနဲ့ မင်းနဲ့ မပတ်သက်တော့ဘူး အခုထွက်သွားပါ"

ဇော့ထင်းက မချိုမြူး ပြုံးလိုက်၏။

"ငါဘယ်သူလဲဆိုတာ မင်းအသိဆုံးပါ၊ ဒါပေမယ့် ငါလာတာ ဂိုဏ်းချုပ်ရဲ့ ခေဒနာကုသပေးဖို့ပါပဲ၊ တခြားကိစ္စကို ငါဘာမှ မပြောလို့တော့ပါဘူး"

နန်းကုန်းသက်က ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား...ဟား"""

နန်းကုန်းသက်၏ ရယ်သံမှာ လွန်စွာ မောက်မာလှ၏။

သူသည် ရယ်မော၍ အားရမှ...

မင်းပြောလို့လဲ မရပါဘူး၊ ရက်မကြာမီမှာ သိုင်းလောက သားအားလုံး ဖိတ်ခေါ်ပြီး၊ ကျုပ်ကို ဂိုဏ်းချုပ်နေရာ ဆက်ခံဖို့ စီစဉ်ပြီးပါပြီ"

ထို့နောက်...

ဇော့ထင်း၏ ရှေ့မှာပင်သူသည် ပေ့ယို့ချင်းအား သိုင်းဖက် ထားလိုက်လေသည်။

"ပေ့ယို့ချင်းလဲ ငါရဲ့ ဇနီးလောင်း ဖြစ်နေပြီ၊ မကြာမီလက် ထပ်တော့မှာ မင်း ဘာမှလာမရှုပ်နဲ့"

ဇော့ထင်းသည် ယင်းစကားကို ကြားလိုက်ရသောအခါ အံ့ အားသင့်သွားသည်။

သူသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ပေ့ယို့ချင်း အား ကြည့်လိုက်သည်။

"ပေ့ယို့ချင်း ဘယ်လိုဖြစ်သွားရတာလဲ ရှင်းပြစမ်းပါဦး"



ပေ့ယို့ချင်း၏ မျက်နှာတစ်ခုလုံး ဝမ်းနည်းသည့် အရိပ် အရောင် ပေါ်လွင်နေ၏။

မျက်ရည်များလည်း တသွင်သွင် စီးဆင်းလာလေသည်။

နန်းကုန်းသက်သည် သူမ၏ ပခုံးကိုတင်းကြပ်စွာ ဆုပ်ကိုင် ထားလိုက်သည်။

"ပြောပြလိုက်စမ်း"

ပေ့ယို့ချင်း ငိုကြွေးရင်း ဇော့ထင်းအား ကြည့်လိုက်လေသည်။

သူမသည် နှုတ်ခမ်းကို အားဖြင့်ကိုက်ကာ...

"ဇော့ထင်း ရှင် သွားပါတော့"

ဇော့ထင်းသည် စိတ်ထဲမှ သံသယဖြစ်နေသော်လည်း ပေ့ယို့ ချင်း ကိုယ်တိုင်က မိမိအား မောင်းထုတ်နေသည်ကို ကြားလိုက် ရသောအခါ စိတ်ထိခိုက်သွားလေသည်။

နန်းကုန်းသက်က သူ့အား အောင်နိုင်သူ၏ အပြုံးမျိုးပြုံး၍ ကြည့်လိုက်၏။

အထက်စီးနင်း လေသံဖြင့်လည်း နှင်ထုတ်လိုက်ပြန်သည်။

"ဇော့ထင်း ငါတို့ ရွှေဓားဂိုဏ်းကိစ္စမှာ မင်းနဲ့ဘာမှမဆိုင်ဘူး၊ ဒီနေရာကနေ အမြန်ဆုံးထွက်သွားပါ"

ဇော့ထင်း၏ ရင်ထဲ၌ လိုက်၍ ဆို့နင့်လာလေသည်။

ကြေကွဲဝမ်းနည်းစွာဖြင့် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ပေ့ယို့ချင်းသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုကြွေး ကျန်ရစ်ခဲ့ရှာလေသည်။

✿✿✿

## အခန်း(၅၆)

# အခွင့်အရေး

ဝါးတစ်ထောင်တောင်ကုန်း…

အချိန်မှာ မွန်းတည့်ချိန် ဖြစ်၏။

လူတစ်ရာသည် ဝေါယာဉ်တစ်ခုအား ခြံရံလျက် ဝါးတစ်ထောင်တောင်ကုန်းမှ ဖြတ်ကျော်နေ၏။

ထိုသူတို့မှာ ကျောက်နဂါးဂိုဏ်းမှ လူများဖြစ်ကြသည်။

သူတို့ လက်နက်ကိုယ်စီဖြင့် ဝေါစင်အား အကာအကွယ်ပေးကာ ဝါးတစ်ထောင် တောင်ကုန်းမှ ဖြတ်ကျော်နေကြခြင်းဖြစ်သည်။

သူတို့သည် တစ်ဖက်တစ်ချက်မှ ဝါးပင်များ ပြည့်လျက်နေသော လမ်းကလေးကြားမှ ဖြတ်ကျော်လိုက်ကြ၏။

ထိုအခါ…

သူတို့၏ သွားလမ်းအား လူတစ်ယောက်က ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့လိုက်ကြသည်။

ထိုလူကား ချူစန်းပင် ဖြစ်သည်။



ထိုဝေါယာဉ်မှ လူစုသည် ချူစန်းအား တွေ့မြင်လိုက်သည်နှင့် ခြေလှမ်းရပ်တန့် သွားကြသည်။

ချူစန်းက လက်တစ်ချက် ဝှေ့ယမ်းကာ အချက်ပေးလိုက်၏။

"တိုက်" "ဟား…ဟား""

ဤတွင် လမ်း၏ တစ်ဘက်တစ်ချက်တွင် ပုန်းနေကြသော သိုင်းသမားတို့သည် ပြေးထွက်လာကြပြီးလျှင် ဝေါစင်မှလူစုအား တိုက်ခိုက်လိုက်ကြလေသည်။

ထိုလူများမှာ ကျောက်နဂါးဂိုဏ်းမှ သိုင်းသမားများပင် ဖြစ်သည်။

သူတို့သည် မင်းသားလေး ဝမ်းယန်အား ကာကွယ်၍ ပို့ဆောင်လာကြခြင်း ဖြစ်သည်။

သူတို့သည် ချူစန်းတို့လူစုနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။

သို့သော်…

ချူစန်း၏ လူအင်အားကပို၍ အားကောင်းနေသည်။

ချူစန်းသည် ဤတိုက်ပွဲအတွက် အသေအချာပြင်ဆင်ထားခဲ့သည်။

တစ်ခဏမျှသော အချိန်အတွင်းမှာပင် ကျောက်နဂါးဂိုဏ်းသားများတို့သည် အညံ့ခံလိုက်ကြရတော့သည်။

ချူစန်းက ဝေါစင်ရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားသည်။

"ကဲ…မင်းသားလေး ဝမ်းယန် ထွက်လာပါတော့ဗျာ"

သူ၏ စကားဆုံးသွားသည်နှင့် ဝမ်းယန်သည် ဝေါစင်ထဲမှ လှမ်းထွက်လိုက်၏။

သူသည် ချူစန်းအား တစ်ချက်ကြည့်လိုက်သည်။

သူ့နှုတ်မှလည်း…

"မင်းတို့က တို့ထက် တပန်းသာတာကို:"

မှတ်ချက် ချလိုက်လေသည်။

ချူစန်းက အလေးပြုလိုက်သည်။

တည်ကြည် လေးနက်စွာဖြင့် ပြောလိုက်၏။

"ကျေးဇူးပြုပြီး ကျု ိ ဒ့်နောက်လိုက်ခဲ့ပါ၊ တစ်ခုခုလုပ်မယ်ကြံရင် ခင်ဗျားရဲ့အသက်ကို ကျုပ် အာမမခံနိုင်ပါဘူး"

ဝမ်းယန်က ဆောင်ဓားကိုထုတ်၍ ပေးလိုက်ပြီး ချူစန်းတို့ လူစု ခေါင်ဆောင်ရာသို့ လိုက်ပါသွားရလေတော့သည်။

ထိုအချိန်တွင်…

ချင်းစုလျှံနှင့် ပုချန်းတို့သည် ကျောက်နဂါးဂိုဏ်းမှ သိုင်းသမားတစ်ရာကျော်တို့ကို ဦးဆောင်၍ ခုနစ်မိုင်ကုန်းအနီးသို့ ရောက်ရှိလာသည်။

သူတို့သည် သိုင်းသမားများအား ဖျောက်ကွယ်ထားငိုက်ကာ သူတို့ချည်း လူရောင်ပြလျက် ချူစန်းတို့လူစုအား စောင့်နေ၏။

သို့သော်…

အချိန်သာ တစ်စထက်တစ်စ ကုန်လွန်သွားသည်။

ချူစန်းတို့ လူစုကိုမူ တစ်ယောက်တစ်လေမျှ မတွေ့ရပါချေ။

ထိုသို့ အချိန်အကြာကြီး စောင့်နေကြရစဉ် ကျောက်နဂါးဂို ်က အိုရန်လေး ပြေးလွှားရောက်ရှိ လာသည်ကိုတွေ့ရလေသည်။

ချင်းစုလျှံ မျက်မှောင်ကြုတ် လိုက်၏။

"အိုရန်လေး မင်းဘယ်လို ဖြစ်လာတာလဲ"

အိုရန်လေးက မောဟိုက်စွာဖြင့်…



"သခင်မကြီး ကျုပ်တို့ ချူစန်းအကွက်ဆင်ထားတဲ့ ထောင်ချောက်ထဲ ရောက်သွားပြီဗျ"

ပြောလိုက်လေသည်။

ချင်းစုလျှံ စိတ်ထဲ၌ ဘဝင်မကျ ဖြစ်သွားသည်။

"ဘယ်လို ဖြစ်တာလဲ"

အိုရန်လေး ပြောလိုက်၏။

"ချူစန်းတို့ လူစုဟာ ဝါးတစ်ထောင်တောင်ကုန်းမှာ မင်းသားလေးဝမ်းယန်ကို ဖမ်းဆီးသွားပြီ"

ထိုသတင်းကြားရသောအခါ ချင်းစုလျှံ၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူသည် ခေါသကြီးစွာဖြင့် တောက်ခေါက်လိုက်၏။

"ဒီတစ်ခါ ချွန်ယီက ပို့လိုက်တဲ့သတင်းဟာ ချူစန်းရဲ့ ဖွင့်လိုက်တဲ့ စိတ်ကူးကို:"

မှတ်ချက်ချလိုက်မိ၏။

သူမသည် မျက်မှောင်ကြုတ်၍ စကားဆက်လိုက် ပြန်လေသည်။

"ဒီအတိုင်းဆိုရင် ချွန်ယီမှာ အသက်အန္တရာယ်ပင် ဖြစ်နိုင်တယ်၊ သူ့ကိုအမြန်ဆုံး လူလွှတ်ပြီး အကြောင်းကြားမှ ဖြစ်မယ်"

အိုရန်လေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ကျွန်တော် အမြန်ဆုံးလူတစ်ယောက် လွှတ်လိုက်ပါ့မယ်"

ချင်းစုလျှံက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

"ကဲ… ကျုပ်တို့ တပ်ခေါက်ပြန်မယ်"

ကျောက်နဂါးဂိုဏ်းမှ အဖွဲ့သားများတို့သည် ပုန်းကွယ်ရာမှ ပြန်လည် စုစည်းလာကြသည်။

ထို့နောက်...

ခုနစ်မိုင်ကျော်မှ ထွက်ခွာလာကြလေသည်။

အိုရန်လေးသည် မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်သည်။

သူသည် ချွန်ယီထံသို့ အမြန်ဆုံး အကြောင်းကြားရမည် ဖြစ်သည်။

ချွန်ယီမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဟုလည်း သူကယုံကြည်သည်။

ထို့ကြောင့်...

သူသည် စခန်းရှိရာသို့ မြင်းဖြင့်အမြန်ဆုံး ပြန်ခဲ့သည်။

စခန်းသို့ ရောက်လျှင်ရောက်ချင်း ချွန်ယီထံသို့ အကြောင်းကြားရန် သူ၏လူယုံတော်တစ်ယောက်အား အမြန်ဆုံးလွှတ်လိုက်ရသည်။

✿✿✿

ဝေ့ထင်းနှင့် လူထူးဆန်း အဘိုးအိုတို့သည် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြ၏။

ဝေ့ထင်းသည် ပေ့ယို့ချင်းကသူ့အား သစ္စာဖောက်သွားသည်ဟု ထင်မှတ်ကာ စိတ်အလွန်ထိခိုက် နေလေတော့သည်။

သူသည် ပြန်လာသောအခါ လူထူးဆန်း အဘိုးအိုအား ခေါ်၍ အရက်သောက်ရန် စားသောက်ဆိုင်သို့ လာခဲ့ခြင်းဖြစ်၏။



သူတို့သည် စားသောက်ဆိုင်သို့ လှမ်းဝင်လျှင် ချွန်ယီ တစ်ယောက် လူတစ်ယောက်နှင့် စကားပြောနေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ကြလေသည်။

လူထူးဆန်း အဘိုးအိုက အသံတိုးတိုးဖြင့် ပြောသည်။

"ဟိုမှာကြည့်စမ်း ဝေ့ထင်း ... ချွန်ယီနဲ့ စကားပြောနေကဲ့သူဟာ ကျောက်နဂါးဂိုဏ်းက သတင်းထောက်လှမ်းတဲ့သူကွ"

ဝေ့ထင်းက သေချာစွာ ကြည့်လိုက်သည်။

ထို့နောက် ခေါင်းညိတ်ကာ ပြောလိုက်၏။

"ဟုတ်တယ် ... သူ့ကို မသက်ာတောကြာပြီ၊ သူက ရန်သူရဲ့သူလျှိုဖြစ်နိုင်တယ်"

လူထူးဆန်း အဘိုးအိုကလည်း ဗိုင်နိုင်စွာပြော၏။

"သေချာတာပေါ့ကွာ"

ဝေ့ထင်းက အနည်းငယ် စဉ်းစားလိုက်၏။

"သူတို့နှစ်ယောက်ကို ချူစန်းဆီ ဖမ်းပို့ရင်မကောင်းဘူးလား"

လူထူးဆန်း အဘိုးအို ခေါင်းညိတ်လိုက်၏။

"ကောင်းသားပဲ"

သူတို့သည် ယင်းသို့ပြောပြီး ချွန်ယီထံသို့ ချဉ်းကပ်သွားကြသည်၊

ဝေ့ထင်း အသံတိုးတိုးဖြင့် အဘိုးအိုအား ပြောလိုက်လေသည်။

"မလွှတ်စေနဲ့နော်"

လူထူးဆန်း အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"စိန်လိုက်"

တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက်သည် ချွန်ယိနှင့် ကျောက်နဂါး အဖွဲ့သားထံသို့ ဖြိုင်တူခုန်အုပ် လိုက်ကြလေတော့၏။

ချွန်ယိသည် ဝေ့ထင်းအား တအံ့တသြတစ်ချက် ထွေးလိုက်သည်။

"ဘာလဲ … မင်းက ငါ့ကို ကျောက်နဂါးဂိုဏ်းကို ဖမ်းပို့မလို့လား"

လူထူးဆန်း အဘိုးအိုက အေးစက်စွာပြုံး၍ ပြောလိုက်လေ၏။

"ဒီတစ်ခါတော့ မင်း ကလိန်ကကျစ် ကျလို့မရဘူး၊ မင်းနဲ့ ကျောက်နဂါးဂိုဏ်း အဆက်အသွယ်ရှိထားတာ အထောက်အထား ပြနိုင်ပြီ"

ချွန်ယိက မဲ့ပြုံး ပြုံးလိုက်၏။

"ရပါတယ်ဗျာ အခုကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ"

"ချူစန်းဆီ ခေါ်သွားမလို့"

"ကောင်းတယ် ဟိုကျမှ ရှင်းကြတာပေါ့"

ဝေ့ထင်းသည် သူတို့အား ခေါ်ဆောင်ကာ ချူစန်း၏လက်ထဲသို့ ပေးပို့လိုက်လေတော့သည်။

ချူစန်းသည် ချွန်ယိအား တစ်ချက်ကြည့်လိုက်၏။

"ခင်ဗျား ဘာဖြစ်လာတာလဲ"

ချွန်ယိက ဝေ့ထင်းအား ညွှန်ပြလိုက်သည်။

သူက မကျေနပ်ဟန်ဖြင့် ပြောသည်။

"သူက ကျုပ်ကို မတရားဖမ်းလာတာဗျ"

ချူစန်းက ဝေ့ထင်းအား လှမ်းကြည့်လိုက်သည်။



ထိုစဉ်…

လူထူးဆန်း အဘိုးအိုက ကြားဖြတ်ပြောလိုက်သည်။

"သူနဲ့ ကျောက်နဂါးဂိုဏ်းကလူနဲ့ စကားပြောနေတာတွေ့လို့ သံသယဖြစ်တာနဲ့ မင်းဆီကို ဖမ်းပြီးပို့တာ"

ချူစန်းက ချွန်ယိအား ကြည့်လိုက်သည်။

"သူတို့ ပြောတာမှန်သလား"

ချွန်ယိက ခေါင်းခါယမ်းပြလိုက်သည်။

"သူတို့ ပြောတဲ့လူကိုလဲ ကျုပ်မသိပါဘူး"

ချူစန်းသည် ကျောက်နဂါးဂိုဏ်းမှလူအား တစ်ချက်ကြည့်လိုက်၏။

"မင်း … သူ့ကိုသိသလား"

ထိုအခါ…

ကျောက်နဂါး ဂိုဏ်းသားက ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

ကျောက်နဂါး ဂိုဏ်းသားကလည်း ဖြောင့်ပင်ငြင်းဆန်၍ နေပေတော့သည်။

ဝေ့ထင်း မျက်မှောင်ကြုတ်သွားသည်။

အခြေအနေကြည့်ကာ ဝေ့ထင်းမှာ ဒေါသထွက်လာလေသည်။

သူသည် ချူစန်းအား ကြည့်လိုက်၏။

"ဒီမှာ ချူစန်း ကျုပ်တို့က အမှန်အတိုင်းပြောတာ၊ ခင်ဗျား ယုံချင်ယုံ မယုံချင်နေ"

ထို့နောက်…

သူသည် လူထူးဆန်း အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

"ကဲ ... သွားကြစို့"

ပြောပြီး ထွက်ခွာသွားလေတော့သည်။

ဇေထင်းနှင့် လှထူးဆန်း အဘိုးအိုတို့ ထွက်ခွာသွားတော့မှ ချူစန်းက ချွန်ယီအား တစ်ချက်ကြည့်လိုက်သည်။

"ချွန်ယီ မင်းစကားကို မှန်မှန်ပြောပါ"

ချွန်ယီက ရယ်မောလိုက်လေသည်။

သူခိုးကပင် လူဟာစ်ကာ ပြန်မေးလိုက်၏။

"ဘာလဲ ခင်ဗျားက သစ္စာဖောက် ဇေထင်းရဲ့စကားကို ယုံတယ်ဟုတ်လား"

ချူစန်း ခေါင်းခါယမ်းပြလိုက်၏။

"မဟုတ်ပါဘူး၊ ဘယ်ကိစ္စမဆို ကျုပ်ကိုယ်တိုင် ဦးနှောက်နဲ့ ဆုံးဖြတ်တာပါပဲ"

သူသည် ချွန်ယီအား ကြည့်လိုက်ပြီး...

"ကျုပ်ဟာ ကျုပ်တို့ထဲမှာ သူလျှိုတစ်ယောက် ရှိနေတယ်ဆိုတာ သံသယဖြစ်ခဲ့တာကြာပါပြီ၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျ မသိရသေးလို့ ဒီကိစ္စဒီအတိုင်း ထားခဲ့တာပါ"

သူသည် ချောင်းတစ်ချက် ဟန့်လိုက်၏။

"ကျုပ်တို့က ဝမ်းယန် ခုနစ်မိုင်ကုန်း ဖြတ်မယ့်သတင်း ကြားလိုက်ရတာနဲ့ ကျုပ်က တိုက်ခိုက်ဖို့ အစီအစဉ်ချခဲ့တယ်"

သူက စကား ဆက်လိုက်၏။

"ဒီသတင်းဟာ တို့ဆီက ရှိနေတဲ့ သူလျှိုက တစ်ဆင့် ချင်းစုလျှံဆီ ရောက်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် အစီအစဉ် ပြောင်းခဲ့ပါတယ်"

ချွန်ယီက ပြုံးလိုက်သည်။



မဆိုင်းမတွပင်ပြောသည်။

"တော်သေးတာပေါ့ဗျာ၊ နို့မဟုတ်ရင် ကျုပ်တို့အားလုံး သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲ ရောက်သွားမှာသေချာတယ်"

ချူစန်းက ခေါင်းညိတ်လိုက်သည်။

"သိပ်သေချာတာပေါ့"

သူသည် ရှောင်လန်းဘက် တစ်ချက်လှည့်လိုက်သည်။

"အားလုံး မှတ်မိကြမှာပေါ့ဗျာ ခင်ဗျားတို့အားလုံး အဆင့်သင့်ဖြစ်နေချိန်မှာ ကျုပ်ကနောက်မှ ရောက်လာလေဗျာ"

ချူစန်း၏ မျက်လုံးများ ချွန်ယီအား စိုက်ကြည့်နေပြန်သည်။

သူ့နှုတ်မှလည်း အေးစက်သော လေသံဖြင့်ပြော၏။

"ကျုပ်က ဘာဖြစ်လို့ နောက်ကျတယ်ဆိုတာ ခင်ဗျား သိတယ်"

ချွန်ယီက အနည်းငယ် စဉ်းစားလိုက်သည်။

"ချင်းစုလျှံက ခုနစ်မိုင်ကုန်းမှာ ထောင်ချောက်ဆင်ထားတာကို သွားကြည့်တာ ဖြစ်ရမယ်"

ချူစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ခင်ဗျားရဲ့ ဉာဏ်ပညာက ကျုပ်ထက်မညံ့ဘူးဗျ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဉာဏ်ပညာ အရည်အချင်းတူပေမယ့် ကျုပ်ကအမှန်တရားဘက်ကနေ နေတဲ့သူဆိုတော့ တစ်ကွက်သာသွားတာပေါ့ဗျာ"

ချွန်ယီက မျက်မှောင်ကြုတ်သွားသည်။

သူသည် နားမလည်နိုင်ဟန်ဖြင့်...

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

မေးလိုက်လေသည်။

ချူစန်းက ပြုံးပြလိုက်သည်။

"ဒီလိုပါ၊ ပထမညတုန်းက ကျုပ်ကြေညာပြီး နောက်ပိုင်းမှ လူတွေအားလုံး စစ်ကြည့်တယ်၊ အိပ်ရာထဲမှာ ခင်ဗျား ပျောက်နေတာ ကို တွေ့ရတယ်"

"ချွန်ယိက မထိတထိပြုံး၍…

"ခင်ဗျား လာစစ်တဲ့အချိန်မှာ ကျုပ် အိမ်သာသွားနေတာဖြ မှာပေါ့"

ပြောလိုက်၏။

ချူစန်းက ခေါင်းခါယမ်းလိုက်သည်။

"အိမ်သာသွားတာမှန်တယ်၊ ခုတင်ပေါ်မှာ ဘာဖြစ်လို့ခေါင် အုံးကို စောင်နဲ့အုပ်ထားပြီး လူအိပ်တဲ့ပုံသဏ္ဌာန်မျိုး လုပ်ထား တာလဲ"

ချွန်ယိ အငိုက်မိသွားသည်။

ရုတ်တရက် မဖြေနိုင်ဘဲ ဖြစ်သွားသည်။

ချူစန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် အိတ်ထဲမှာ စာတစ်စောင်ထုတ်ကာ ချွန်ယိအ ပြလိုက်၏။

"ချွန်ယိ ဒီစာကော မင်းဘယ်လို ဖြေရှင်းမလဲ"

ချွန်ယိသည် ထိုစာကို တွေ့မြင်လိုက်သောအခါ မျက် ကွက်ခနဲ ပျက်သွားလေသည်။

ချူစန်းက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"မင်းဟာ ကျောက်နဂါးဂိုဏ်းက သူလျှိုတစ်ယောက်ဖြ တယ်ဆိုတာ ဒီစာထဲမှာပါလာလို့ သိရတော့တာပဲ၊ ဒါပေ



မသေချာသေးလို့ ကျုပ်ကအသာလေးလွှတ်ထားလိုက်တာ၊ အခုတော့ မင်းက ဘာပြောချင်သေးသလဲ"

ချူစန်းက ပိုင်နိုင်စွာ ပြောဆိုလိုက်သည်။

ချွန်ယိက ပါးစပ်ပိတ် သွားလေတော့၏။ သူ ဘာမျှမပြော တော့ပါ။

ရှောင်လန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမ၏ နှုတ်မှလည်း ယခုမှ သံသယကင်းရှင်းစွာဖြင့်…

"ဒါဖြင့် ကျွန်မ ဆရာကို ဇေထင်းက မသတ်ဘူးဆိုတာ ထင်ရှားနေတာပေါ့"

"ပထမတုန်းကတော့ မိုးပြာဂိုဏ်း အသတ်ခံရတာတွေ့ပြီး စိတ်က ဒေါသဖြစ်နေတော့ သူပြောတဲ့စကားကို အကြွင်းမဲ့ယုံကြည် ခဲ့တယ်၊ နောက်ပိုင်း ခေါင်းအေးအေးထားပြီး တွေးကြည့်တော့ မျက်မြင်သက်သေဆိုလို့ သူတစ်ယောက်တည်းရှိတာ တွေ့ရတာနဲ့ စိတ်ထဲမှာ မတင်မကျ ဖြစ်ခဲ့တာပါ"

ရှောင်လန်းက ချွန်ယိအား ကြည့်လိုက်လေသည်။

"ချွန်ယိ ကျွန်မဆရာကိုသတ်တာ ချင်းစုလျှံဆိုတာ ဟုတ် တယ် မဟုတ်လား"

ရှောင်လန်းက မေးလိုက်သည်။

ချွန်ယိက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ချူစန်းက သက်ပြင်းချလိုက်၏။

"ဒီမှာ ချွန်ယိ မင်းရဲ့မိုက်မှားမှုကြောင့် ငါတို့သွေးသောက် တွေရဲ့အသက်တွေလဲ ဆုံးရှုံးခဲ့ရပါပြီ၊ ဒီအတွက်ကြောင့် မင်းကို စိတ်မကောင်းစွာနဲ့ပဲ အပြစ်ဒဏ် ပေးရတော့မှာပေါ့"

ချူစန်းက တည်ငြိမ်စွာဖြင့် ပြောဆိုလိုက်လေတော့သည်။

✿✿✿

မေယို့ချင်းသည် ဖခင်က အချုပ်ခန်းထဲမှာ အချုပ်ခံထားရသဖြင့် နန်းကုန်းသက်အပေါ် ရွံ့မုန်းနေ၏။

ဝေ့ထင်းက မိမိအပေါ် အထင်လွဲသွားသည်ကိုလည်း ယုကျုံးမရ ဖြစ်နေမိ၏။

နန်းကုန်းသက်က နိုင်ကွက်ကို အပိုင်ကိုင်ထားသည်။

အကယ်၍သာ နန်းကုန်းသက် အကြောင်းများကို ပြောမိလိုက်လျှင် သူမ၏ဖခင်အား သတ်ပစ်မည်ဟု ကြိမ်းမောင်း ခြိမ်းခြောက်ထားခြင်းဖြစ်ရာ သူမသည် အခက်ကြုံနေလေ၏။

သူမသည် နန်းကုန်းစုအား ဝင်ရောက်ပြီး ဖွင့်ဟပြောဆိုရန်မှာလည်း နန်းကုန်းစု၏ အခန်းဝတွင် နန်းကုန်းသက်၏ လူယုံနှစ်ယောက်က စောင့်ကြပ်နေသည်ဖြစ်ရာ ဝင်ခွင့်မရပါ။

သူမသည် အကျယ်ချုပ် ခံနေရသည်။

အပြင်သို့ လုံးဝထွက်ခွင့် မရပါ။

သူမသည် စိတ်မော ကိုယ်ပန်းလာသည်။

တစ်နေ့ . . .

သူမသည် ထမင်းစားသောက်ပြီးနောက် အခန်းထဲ၌ထိုင်နေ၏။

သူမသည် နန်းကုန်းသက်၏ ယုတ်မာပက်စက်သော အကြံအစည်များကို မည်သို့ဖော်ထုတ်ရမလဲဟု စဉ်းစားနေမိလေသည်။

သူမသည် ယင်းသို့စဉ်းစားရင်း မျက်ခွံများလေးလံလာလေသည်။



သူမသည် မျက်လွှာကိုကြိုးစား၍ ဖွင့်နေသော်လည်း သူမ၏မျက်လုံးသည် လုံးဝမဖွင့်ချင်ဘဲ ဖြစ်နေ၏။

သူမသည် စိတ်ထဲမှာ သံသယဖြစ်နေစဉ်မှာပင် သူမ၏တစ်ကိုယ်လုံးသည် အင်အားချည့်နဲ့လာသည်ကို ခံစားလိုက်ရလေတော့သည်။

သူမသည် ထိန်လန့်အံ့ဩနေ၏။

ထိုအခိုက် . . .

ကျွေ့ရှမ်းက အခန်းထဲသို့ လှမ်းဝင်လာ၏။

တစ်ကိုယ်လုံး ကြက်သီးများ ထလာလေသည်။

ကျွေ့ရှမ်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်သည်။

"မေယို့ချင်း စားလို့ကောင်းတယ် မဟုတ်လား"

မေယို့ချင်း ခေါင်းညိတ်ရန်ပင် ဆန္ဒမရှိပါ။

ကျွေ့ရှမ်းက ပြုံးပြနေ၏။

"ညည်းရဲ့တစ်ကိုယ်လုံး ရှိသမျှ အင်အားတွေကုန်နေပြီနော်"

ထိုစကားကို ကြားလိုက်ရသောအခါ မေယို့ချင်းက ချက်ချင်းပင် နားလည်လိုက်လေတော့သည်။

ကျွေ့ရှမ်းက ပြုံးနေ၏။

ကျွေ့ရှမ်းက အောင်နိုင်သူ၏ အပြုံးဖြင့်ပြောလေတော့၏။

"အား ဘယ်ရှိမလဲ၊ ညည်းရဲ့ အစားစာထဲမှာ ကျုပ်က မေ့ဆေးထည့်ထားတယ်လေ"

မေယို့ချင်းက လက်ကာပြလိုက်၏။

ကျွေ့ရှမ်းက ပြန်၍ လက်ကာပြလိုက်၏။

"ငါ့ကဘာဖြစ်လို့ ဒီလိုကြံစည်တယ်ဆိုတာ မေးချင်လို့မဟုတ်လားကွယ်"

ပေ့ယို့ချင်းက ခေါင်းညိတ်ပြလိုက်မိရာသည်။

ကျွေ့ရှမ်းက ကောက်ကျစ်စဉ်းလဲစွာ ရယ်မောရင်း ဖြေလိုက်သည်။

နန်းကုန်းသက်ဟာ ငါ့သားလို့သိတာ ဒီကမ္ဘာမြေမှာနင်နဲ့ နှစ်ယောက်ပဲ ရှိတယ်၊ ဒါပေမယ့် ဝေ့ထင်းရဲ့စကားကို ဘယ်သူမှ မယုံကြဘူး၊ ဒီတော့ မင်းကိုသတ်လိုက်ရင် ..."

ကျွေ့ရှမ်းသည် ပြောရင်း အသင့်ပါလာသော သားလိုးဓားဖြင့် ပေ့ယို့ချင်းအား ထိုးလိုက်လေသည်။

ပေ့ယို့ချင်းက ရှိသမျှအင်အားကိုအသုံးပြုပြီး ကျွေ့ရှမ်း၏ ဓားကိုင်သောလက်ကို ဖမ်းချုပ်၍ထားလိုက်သည်။

"မင်းကို ငါသတ်မယ်"

ကြုံးဝါးရင်း ကျွေ့ရှမ်းက ပေ့ယို့ချင်း၏လက်မှ အတင်းရုန်းနေ၏။

ပေ့ယို့ချင်းက အားကုန်ထုတ်၍ မလွှတ်တန်း ဖမ်းချုပ်ထားသည်။

သူတို့နှစ်ယောက်သည် သူတစ်ပြန် ကိုယ်စ်တပြန် လုံးထွေးနေ၏။

ပေ့ယို့ချင်းသည် သိုင်းပညာတတ်ထားသောလည်း မေ့ဆေးကြောင့် တစ်ကိုယ်လုံးခွန်အားမရှိဘဲ ပျော့ခွေနေသဖြင့် ကျွေ့ရှမ်းကို မနိုင်နိုင်ဘဲ ဖြစ်နေ၏။

ပေ့ယို့ချင်းသည် မေ့ဆေး၏အာနိသင်က တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသောကြောင့် သူမ၏ခန္ဓာကိုယ်မှ အင်အားများသည် တစ်စစ ကုန်ခန်းလာသည်။

ထိုစဉ်...



နန်းကုန်းသက်သည် အခန်းထဲသို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာလေတော့၏။

သူသည် ကျွေ့ရှမ်းက ပေ့ယို့ချင်းအား သတ်ဖြတ်ရန်ကြိုးစားနေသည်ကို တွေ့ရသောအခါ ကမန်းကတန်း ဟန့်တားလိုက်လေသည်။

"ဟော့ ... ရပ် ရပ်လိုက်ကြ ေး"

ထိုအခါ...

ကျွေ့ရှမ်းက ပေ့ယို့ချင်းအား လွှတ်လိုက်၏။

ပေ့ယို့ချင်းမှာ ရလာသောအခွင့်အရေးကို လက်လွှတ်မခံပါချေ။

ကျွေ့ရှမ်း လက်မှ လွှတ်မြောက်သွားသဖြင့် ပေ့ယို့ချင်းအားတင်းပြီး အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

သူတို့မှာ တဒင်္ဂမျှငြိမ်သက်နေ၏။

အတန်ကြာမှ သတိဝင်လာ၏။

"မြန်မြန်လိုက်စမ်း နန်းကုန်းသက်၊ တော်ကြာ သူက ဒုက္ခပေးမှာနော်"

ကျွေ့ရှမ်းသည် ပေ့ယို့ချင်းထွက်ပြေးသွားသည်ကို တွေ့ရသဖြင့် နန်းကုန်းသက်အား ကမန်းကတန်းပင် ပြောလိုက်လေသည်။

ဤတွင်...

နန်းကုန်းသက်သည် တွေဝေငေးငိုင်မနေတော့ဘဲ အခန်းထဲမှ ပြေးထွက်လာပြီး ပေ့ယို့ချင်းနောက်သို့ လိုက်လေတော့သည်။

✿✿✿

## အခန်း(၃၇)

# သစ္စာမဲ့သူ၏တိုက်တွန်းစကား

ပေ့ယို့ချင်း . . .

သူမသည် ရှိသမျှအင်အားကိုထုတ်၍ ပြေးလွှားသွားသည်။

သူမသည် နန်းကုန်းစု၏ အခန်းသို့ဦးတည်ပြေးလွှားနေခြင်း ဖြစ်၏။

အခန်းဝတွင် နန်းကုန်းသက်၏ လူယုံတော်နှစ်ယောက်က စောင့်ကြပ်နေသည်။

ပေ့ယို့ချင်းသည် အချိန်ဆိုင်းမနေတော့ပါ။

လျှပ်တပြက် အခန်းတံခါးကို သူမ၏ ခန္ဓာကိုယ်ဖြင့် တဟုန်ထိုး ဆောင့်တွန်းလိုက်သည်။

အစောင့်နှစ်ယောက်မှာ မမျှော်လင့်ဘဲ ဖြစ်သွားခဲ့သဖြင့် ကြောင်အမ်းအမ်းဖြစ်နေစဉ် . . .

"ဝုန်း . . ."

အခန်းတံခါးပွင့်သွားသည်။

"ဘိုင်း . . ."



ပေ့ယို့ချင်း၏ ခန္ဓာကိုယ်သည် တံခါးတွန်းဖွင့်ပြီးနောက် အခန်းထဲသို့ လဲကျသွားလေတော့သည်။

ကျယ်လောင်သော အသံများထွက်ပေါ်လာ၍ နန်းကုန်းစု မျက်လုံးပွင့်လာသည်။

အစောင့်နှစ်ယောက်က အခန်းထဲသို့ ဝင်ရောက်သွားပြီး ပေ့ယို့ချင်းအား ဖမ်းချုပ်လိုက်ကြသည်။

သို့သော် . . .

နန်းကုန်းစုသည် ပေ့ယို့ချင်းဖြစ်နေမှန်း တွေ့ရသဖြင့် လက်ကာပြလိုက်လေသည်။

"မင်းတို့ မဖမ်းနဲ့"

နန်းကုန်းစုက တင်းမာစွာ အမိန့်ပေးလိုက်၏။

အစောင့်များသည် နန်းကုန်းစုအမိန့်ကို မလွန်ဆန်ဝံ့သဖြင့် လွှတ်ပေးလိုက်ကြရသည်။

နန်းကုန်းစုက လူးလိမ့်ထလာနေသော ပေ့ယို့ချင်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

ပေ့ယို့ချင်းအမူအရာမှာ သူ့ကိုယ်သူ အနိုင်နိုင် ထိန်းချုပ်ပုံရလေသည်။

"ပေ့ယို့ချင်း မင်းဘာဖြစ်လာတာလဲ"

နန်းကုန်းစုက မေးလိုက်၏။

ပေ့ယို့ချင်းက ငိုကြွေးလိုက်သည်။

ငိုရင်း ရှိုက်ရင်းမှ . . .

"ဂိုဏ်းချုပ်ကြီး အားလုံးတော့ ဒုက္ခရောက်ကုန်ပြီရှင့်"

ပြောလိုက်၏။

နန်းကုန်းစုက မျက်မှောင်ကြုတ်သွား၏။

"ပြောစမ်းပါဦး ... ဘယ်လို ဒုက္ခရောက်နေတာလဲ"

"ဒီလိုပါရှင်"

ပေ့ယို့ချင်းက ငိုကြွေးရင်းအကျိုးအကြောင်းစုံလင်စွာ ရှင်းပြလိုက်လေတော့သည်။

နန်းကုန်းစုမှာ ပေ့ယို့ချင်း၏စကားကို နားထောင်နေရင်း သူ၏မျက်နှာတွင် အံ့ဩ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းတို့က ထင်ဟပ်နေ၏။

ထိုစဉ်...

ကျွေ့ရှမ်းက အခန်းထဲသို့ဝင်လာသည်။

နန်းကုန်းစုက မျက်မှောင်ကုတ်သွားသည်။

သူသည် ကျွေ့ရှမ်းအား လှမ်းမေးလိုက်၏။

"ကျွေ့ရှမ်း ပြောစမ်း ... နန်းကုန်းသက်က ငါ့သားအရင်းမဟုတ်ဘူးဆို"

ကျွေ့ရှမ်းသည် ပေ့ယို့ချင်းအား အချိန်မီ မဟန့်တားနိုင်မှန်းသိလိုက်သဖြင့် အမှန်အတိုင်း ဖွင့်ပြောလိုက်လေသည်။

"ဟုတ်တယ် ရှင်က သေရမယ့်လူပဲ၊ အဲဒီတော့ အဖြစ်မှန်တွေ သိသွားလို့လဲ ဘာမှအရေးမကြီးတော့ဘူး"

နန်းကုန်းစုမှာ စိတ်မကောင်းဖြစ်သွားသည်။

"ကဲ ... ငါ့ကိုရှင်းရှင်းလင်းလင်းပြောပြပါဦး၊ ဘယ်လိုဖြစ်[illegible]"

ကျွေ့ရှမ်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ကျွန်မ အမှန်အတိုင်း အကုန်ရှင်းပြပါ့မယ်လေ"

ထို့နောက်...



အဖြစ်အပျက်အားလုံးကို တစ်ခုမကျန် ရှင်းပြလိုက်လေတော့သည်။

နန်းကုန်းစုသည် ကျွေ့ရှမ်း ရှင်းပြပြီးသည်ကို သေချာစွာနားထောင်နေ၏။

ကျွေ့ရှမ်းက အကြောင်းစုံကို ရှင်းပြပြီးသောအခါ စကားကိုအဆုံးသတ်ကာ နိဂုံးချုပ်လေ၏။

"ကဲ ... အခုရှင်သိပြီမဟုတ်လား၊ နန်းကုန်းသက်ဟာ ကျွန်မရဲ့သား၊ ဝေ့ထင်းကတော့ ရှင်ရဲ့သားအရင်းဘဲ"

ထို့နောက်...

သူမသည် အားရပါးရ ရယ်မောလိုက်ပြီး ဆက်ပြောလိုက်လေသည်။

"ရှင်က သေရတော့မယ်၊ ကျွန်မ သားဆိုရင် တစ်ရက်၊ နှစ်ရက်အတွင်းမှာ ရှင့်နေရာကိုဆက်ခံဖို့ အားလုံးအစီအစဉ်လုပ်ပြီးပြီမဟုတ်လား၊ ရှင် ဘာတတ်နိုင်သေးလဲ"

ကျွေ့ရှမ်း၏ ပြောဆိုနေပုံမှာ လွန်စွာ ရွံမုန်းဖွယ်ရာ ကောင်းလှ၏။

နန်းကုန်းစုသည် စိတ်ထဲမှာခံပြင်းလာသဖြင့် ကျွေ့ရှမ်းအားတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူသည် ကိုယ့်ကိုယ်မဟန်နိုင်ပဲ ဖြစ်သွားသည်။ ပေ့ယို့ချင်းက ကမန်းကတန်း ဖေးမထားလိုက်သည်။

ကျွေ့ရှမ်းက စဉ်းလဲစွာ ရယ်မောလိုက်လေသည်။

"ရှင် အခုမှ ဘာမှ မလုပ်နိုင်တော့ပါဘူး၊ ဒေါသသိပ်မကြီးပါနဲ့"

နန်းကုန်းစုမှ ဒေါသထွက်လွန်း၍ အသံများပင် တုန်ခါလာလေသည်။

"မင်းနဲ့ ငါ ရန်ငြိုးရှိလို့လား၊ အခုလို ရက်ရက်စက်စက် လုပ်ကြံ ရတာလဲ"

ကျွေ့ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာရန်ငြိုးမှ မရှိပါဘူးရှင်၊ အမိကကတော့ ကျွန်မသားချမ်းသာဖို့ပါဘဲ"

ထိုစဉ်...

နန်းကုန်းသက်ကလည်း အခန်းထဲသို့ဝင်ရောက်လာလေ၏၊

နန်းကုန်းစုက သူ့အား တစ်ချက်ကြည့်လိုက်သည်။

နန်းကုန်းစုသည် နန်းကုန်းသက်အား မမုန်းပါ။

ထို့ကြောင့်...

"ဘာဘဲဖြစ်ဖြစ် နန်းကုန်းသက်ကလဲ ငါ့သားပါပဲ"

ကျွေ့ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူက ရှင့်သားမဟုတ်ဘူး၊ ကျွန်မသားပါ"

ကျွေ့ရှမ်းသည် သူမ၏ယုတ်မာမှုကို အစွမ်းကုန်ဖော်ထုတ်ပြသနေပေသည်တကား။

နန်းကုန်းသက်က နန်းကုန်းစုအား မဝံ့တဝံ့ ကြည့်လိုက်သည်၊

"ကျွန်တော် သိုင်းလောကမှာ ဖိတ်သင့်တဲ့ပုဂ္ဂိုလ်တွေကို ဖိတ်ခဲ့ပြီးပါပြီ၊ မနက်ဖြန်ဆိုရင် ကျွန်တော်ရဲ့ဂိုဏ်းချုပ်နေရာဆက်ခံဖို့ အခမ်းအနားကို တက်ရောက်လာကြမှာပါ ဒါကြောင့်..."

သူသည် နန်းကုန်းစုအား မော့ကြည့်လိုက်သည်။

"ဒါကြောင့် ကျွန်တော်ကို မဟန့်တားပါနဲ့၊ မကန့်ကွက်ပါနဲ့"

နန်းကုန်းစုက ဝမ်းနည်းစွာဖြင့် သက်ပြင်းချလိုက်၏။



"နေပါဦး ... ငါ့သား ဝေ့ထင်းကော ဘယ်မှာလဲ"

နန်းကုန်းစုက နှုတ်မှဝေ့ထင်းအား တမ်းတသံ ပထမဆုံးထွက်ပေါ်လာ၏။

ကျွေ့ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူ့ကို ကျွန်မတို့က အိမ်ဝင်းထဲတောင် ဝင်ခွင့်မပေးပါဘူး"

နန်းကုန်းစုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းတို့က ဒီလောက်တောင် ကြံစည်နေမှတော့ ငါလဲဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမယ် ငါ့ကို မှန်မှန်ပြောစမ်းပါကွာ"

ကျွေ့ရှမ်း ခေါင်းညိတ်လိုက်၏။

"အခုမှတော့ ဘာမှဖုံးကွယ်စရာမလိုတော့ပါဘူး၊ ရှင် မေးစရာရှိတာ မေးနိုင်ပါတယ်"

နန်းကုန်းစုက နန်းကုန်းသက်ဘက်သို့ လှည့်လိုက်၏။

"တို့ဂိုဏ်းသား သုံးယောက်ကို ဝေ့ထင်းသတ်တာ အမှန်ပဲလား"

ထိုမေးခွန်းအား ပေ့ယို့ချင်းက ကြားဖြတ်ဖြေဆိုလိုက်သည်။

"ဝေ့ထင်းက သူမသတ်ပါဘူးလို့ ကျွန်မကို ဝန်ခံပြီးပြီ"

နန်းကုန်းစုက နန်းကုန်းသက်နှင့် ကျွေ့ရှမ်းတို့အား တစ်ချက်ဝေ့ကြည့်ကာ...

"ဒါဖြင့် ဘယ်သူသတ်တာလဲ"

ကျွေ့ရှမ်းက ရယ်မောလိုက်လေသည်။

သူ၏ ရယ်သံမှာ ခါးသီးမုန်းတီးစရာကောင်းလှ၏။

ရယ်၍ အားရမှ စကားစသည်။

"ရှင်က သိပ်သိချင်ရင် ပြောပြရမှာပေါ့"

သူမသည် နှုတ်ခမ်းတစ်ချက် မဲ့ကာဆက်ပြော၏။

အဖွဲ့သား သုံးယောက်စလုံးကို ကျွန်မ သူတို့အလစ်မှာ ပုဆိန်နဲ့ ခုတ်သတ်လိုက်တာဘဲ"

နန်းကုန်းစု၏ မျက်လုံးအစုံသည် အဝေးသို့ လှမ်းမျှော်ကြည့်ကာ မချိတင်ကဲလေသံဖြင့် နွမ်းယိစွာ ပြောမိသည်။

"ဒီလိုဆိုရင် ငါ့သားဟာ ငါထင်သလို သစ္စာဖောက်တဲ့လူ တစ်ယောက် မဟုတ်ဘူးဆိုတာ သိရပါပြီ"

ကွေ့ရှမ်းက ပြုံးလိုက်၏။

"အခု ရှင်သိတော့ကော ဘာအကြောင်းထူးမှာလဲ"

နန်းကုန်းစုက မချိပြုံးပြုံးသည်။

"ငါ့သားဟာ လူယုတ်မာတစ်ယောက်မဟုတ်ဘူးဆိုတာ သိရလို့ ဝမ်းသာမိပါတယ်"

နန်းကုန်းသက်က ဖေ့ထင်းအတွက်ဂုဏ်ယူစွာဖြင့် ပြောလိုက်လေသည်။

နန်းကုန်းသက်သည် ယင်းစကား ကြားလိုက်ရသောအခါ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ထို့နောက်...

နန်းကုန်းစုက နန်းကုန်းသက်အား ကြည့်လိုက်၏။

"မင်းက ငါ့သားအရင်းမဟုတ်ပေမယ့် ငယ်စဉ်ကတည်းက ငါနဲ့အတူ သားအဖလိုကြီးလာတဲ့အတွက် မင်းကိုလည်း ငါ့သားလို သဘောထားတယ်"

နန်းကုန်းစု၏မေတ္တာတရားကို သိရသောအခါ နန်းကုန်းသက်မှာ ခေါင်းငုံ့သွားလေ၏။

"သူဟာ ရှင့်သားမဟုတ်ဘူး ... ကျွန်မသား"

ကွေ့ရှမ်းက စူးရှစွာ အော်ဟစ်လိုက်၏။



နန်းကုန်းစုသည် ကွေ့ရှမ်း၏စကားကို ဥပေက္ခာပြုကာ နန်းကုန်းသက်အား ကြည့်လိုက်သည်။

"မင်းအဘ ဖေ့ဝမ်းဟာ မင်းကိုငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာ၊ မင်းအပေါ် ကျေးဇူးအများကြီး ရှိတယ်၊ ဒါကြောင့် သူ့ကိုလွှတ်လိုက်ပါကွယ်"

နန်းကုန်းသက်က အေးဆေးစွာ မေတ္တာရပ်ခံလိုက်သည်။

နန်းကုန်းသက် ဖေ့ယို့ချင်းအား လှမ်းကြည့်လိုက်သည်။

"သူ့ကိုပြောပါ၊ သူကကျွန်တော့်ကို လက်ထပ်မယ်ဆိုရင် အခုချက်ချင်း လွှတ်လိုက်ပါ့မယ်"

ဖေ့ယို့ချင်းက ခေါင်းကိုတွင်တွင် ခါယမ်းပြလိုက်သည်။

"ရှင်လို လူယုတ်မာတစ်ယောက်ကို ကျွန်မဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး"

သူမသည် ပြတ်သားစွာ ပြောချလိုက်လေသည်။

✿✿✿

ဖေ့ထင်းနှင့်လူထူးဆန်းအဘိုးအိုတို့သည် အကြံအိုက်နေကြ၏။

သူတို့သည် နန်းကုန်းစု၏ဝေဒနာအား မည်သို့ကုရမည်ကို စဉ်းစားရင်း ခေါင်းရှုပ်နေမိကြခြင်း ဖြစ်သည်။

သူတို့သည် စဉ်းစားရင်း ထွက်လာကြသည်။

ထိုသို့ခြေဦးတည့်ရာ လျှောက်သွားရာမှ...

"ရပ်လိုက်"

ဟူသောဟန့်တားသံကိုကြားလိုက်ရသောအခါ ခြေလှမ်းများ ရပ်တန့်သွားကြသည်။

ယခုမှ သူတို့သည် မြို့ပြင်သို့ရောက်ရှိနေသည်ကို သတိပြုမိကြသည်။

ဝေထင်းသည် မိမိတို့အားဟန့်တားသော လူကိုရပ်ကြည့်လိုက်ရာ ပုချန်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ပုချန်းက ဝေထင်းအားကြည့်လိုက်၏။

"အတော်ပဲ ... မင်းကို ငါသတ်ချင်နေတာ"

လူထူးဆန်းအဘိုးအိုက ပြုံးလိုက်သည်။

ထို့နောက်

အေးစက်စွာဖြင့် ပြောလိုက်၏။

"အတော်ပဲ ... ကျုပ်ကလည်း မင်းကို သတ်ချင်နေတာ"

ဤတွင်...

ပုချန်းသည် ဒေါသမထိန်းနိုင်တော့ဘဲ လူထူးဆန်း အဘိုးအိုအား ဝင်ရောက်တိုက်ခိုက်လေတော့၏။

လူထူးဆန်းအဘိုးအိုက ရှောင်တိမ်းရင်းမှ ရယ်မောလိုက်၏။

"ဒီမှာ ပုချန်း ... သိပ်လဲ ဒေါသမကြီးပါနဲ့၊ တော်ကြာ သေနေရင် အလောင်းမလှပဲ နေဦးမယ်"

လူထူးဆန်းအဘိုးအိုက လှောင်လိုက်၏။

"ဒီတစ်ခါ မင်းက သေရမှာကွ"

သူသည် ယင်းသို့ကြုံးဝါးရင်း လူထူးဆန်းအဘိုးအိုအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

"မင်းလားကွ ငါ့ကိုသတ်မှာ၊ ဟင်း ရယ်စရာကောင်းလိုက်တာ"

လူထူးဆန်းအဘိုးအိုသည် နှုတ်မှ ထိုသို့ လှောင်ပြောင်ပြောဆိုနေသော်လည်း ပုချန်းအပေါ် အထင်မသေးခဲ့ပါချေ။



သူသည် သတိကြီးစွာဖြင့် ပြန်လည်တိုက်ခိုက်နေ၏။

သူတို့သည် သိုင်းကွက်ငါးဆယ်အထိ ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ဘယ်သူကမျှ အသာမရဘဲ လက်ရည်တူနေ၏။ ပုချန်းမှာ အနိုင်မရသည့်အတွက် စိတ်တိုလာသည်။

သူသည်တိုက်ခိုက်နေရာမှ နောက်သို့ကျွမ်းတပတ် ပစ်လိုက်၏။

လူထူးဆန်းအဘိုးအိုသည် ပုချန်းယခုကဲ့သို့ နောက်ဆုတ်သွားသည်မှာ သူ၏အဆိပ်ကိရိယာများ အသုံးပြုတော့မည်ဟု ချက်ချင်းပင် နားလည်လိုက်လေ၏။

ထို့ကြောင့်...

သူသည် သတိကြီးစွာဖြင့်စောင့်နေ၏။

သူတွေးထင်ထားသည့်အတိုင်းပင် ပုချန်းသည် လျှပ်တပြက် သူ၏လက်ဖြင့် ဝေ့ယမ်းလိုက်ရာ အဆိပ်ငွေ့များသည် လူထူးဆန်းအဘိုးအိုနှင့် ဝေထင်းတို့ထံသို့ လွင့်ပျံ့လာလေသည်။

ဝေထင်းက လူထူးဆန်းအဘိုးအိုအား သတိပေးလိုက်မိ၏။

"တုရှောင်အတွင်းအားနဲ့ တွန်းထုတ်ကြရအောင်"

လူထူးဆန်းအဘိုးအိုက သဘောပေါက်သွားသည်။

"ကောင်းတယ်ဟေ့"

သူတို့နှစ်ယောက်သည် အတွင်းအားကို လက်ဝါးပေါ်သို့ စုစည်းလိုက်ကြပြီး ပြိုင်တူတွန်းထုတ်လိုက်ကြသည်။

သူတို့၏ လက်ဝါးများမှ ထွက်ပေါ်လာသော လေထုသည် ပွင့်ပျံ့လာသော အဆိပ်ငွေ့များကို နောက်သို့ပြန်လည်လွင့်ပျံ့သွားစေသည်။

အဆိပ်ငွေ့သည် ဝေထင်းတို့ ထံသို့မရောက်ဘဲ ပုချန်းထံသို့ ပြန်လည်လွင့်ပျံ့သွားသည်။

ပုချန်းသည် မိမိလွှတ်လိုက်သောအဆိပ်ငွေ့များ မိမိထံသို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု မထင်မိခဲ့ပါချေ။ သူသည် အဆိပ်ငွေ့ကိုကာကွယ်ရန် အချိန်မရတော့ချေ။

သူသည် ကြောင်အမ်းအမ်းဖြစ်နေသည့်အချိန် အတွင်းမှာပင် အဆိပ်ငွေ့များသည် သူ၏မျက်နှာရှိရာသို့ ပြန်လည်လွင့်ပျံ့သွားခဲ့လေ၏။ မြွေအလမ္ပာယ်ဆရာသည် မြွေနှင့်သေရသကဲ့သို့ပင်တည်း။

"ဝုန်း"

တစ်ခဏချင်းမှာပင် သူ၏ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေ၏။

ဝေထင်းနှင့်လူထူးဆန်းအဘိုးအိုတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လေပူတစ်ချက်စီ မှုတ်ထုတ်မိလိုက်ကြ၏။

သူတို့၏ စိတ်ထဲ၌ ပုချန်းအား အနိုင်ရလိုက်ခြင်းမှာ ကံကောင်းသည်ဟု မှတ်ချက်ချလိုက်လေသည်။

ထို့နောက်တွင်မူ သူတို့နှစ်ယောက်သည် ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

ဝေထင်းနှင့်လူထူးဆန်းအဘိုးအိုတို့ ထွက်ခွာသွားပြီးနောက် မိန်းကလေးတစ်ယောက်က ပြေးလွှားရောက်ရှိလာသည်။

ထိုမိန်းကလေးကား မာယာပင်ဖြစ်သတည်း။

မာယာသည် မြေပေါ်သို့လဲကျနေသော ပုချန်းအားကြည့်၍ ဖြုံးပြလိုက်သည်။

"ဆရာ မသေသေးဘူးလား"



မာယာက မေးလိုက်သည်။

ပုချန်းက မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူမ၏တပည့် မာယာဖြစ်သောကြောင့် သူ၏မျက်လုံးအစုံသည် မျှော်လင့်ချက်အရိပ်အယောင်များ ထွက်ပေါ်လာလေ၏။

"ငါ့အိတ်ထဲမှာ ဖြေဆေးရှိတယ်၊ ယူပြီး ငါ့ကိုတိုက်ပါ"

ပုချန်းက ပြောလိုက်၏။

မာယာက ခေါင်းညိတ်လိုက်သည်။

သူမသည် ပုချန်း၏အင်္ကျီအိတ်ထဲသို့ နှိုက်ကြည့်လိုက်ရာ အနီရောင်ဘူးကလေးကိုတွေ့ရ၏။

သူမသည် ယင်းဘူးလေးအား မြှောက်ပြလိုက်သည်။

ပုချန်းက ခေါင်းညိတ်ပြ၏။

မာယာက ဝမ်းသာသွားသည်။

ထို့နောက်...

ကောက်ကျစ်သောအပြုံးဖြင့်...

"ကျေးဇူးတင်ပါတယ်ဆရာ၊ ဒီဖြေဆေးကို ကျွန်မယူသွားပါရစေ"

သူမသည် ပြောပြီးသည်နှင့်ပြေးလွှား ထွက်ခွာသွားလေတော့သည်။

✿✿✿

ဝေထင်းမှာ စိတ်ညစ်နေ၏။

လူထူးဆန်းအဘိုးအိုက ပြော၏။

"ဝေထင်း မင်းဘာမှ စိတ်ကူးမနေနဲ့၊ မင်းအမေကိုကယ်ဖို့ဆိုတာ မင်းတစ်ယောက်တည်းပဲ တတ်နိုင်တယ်"

ဝေ့ထင်း သက်ပြင်းချလိုက်၏။

"ဟုတ်တော့ဟုတ်ပါတယ်၊ ခက်တာကသူတို့ကျုပ်ကို မယုံတာခက်တယ်"

လူထူးဆန်းအဘိုးအို မကျေမနပ်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

သူသည် ဝေ့ထင်းအား အားမလိုအားမရကြည့်ကာ...

"သူတို့လက်မခံတာနဲ့ ကိုယ့်အဖေတစ်ယောက်လုံး အဆောခံ တော့မှာလားကွ"

ဝေ့ထင်းက အခက်ကြုံနေသည်။

သူသည်ဖခင်ဖြစ်သူ နန်းကုန်းစု၏ဒဏ်ရာကို ကုသရာတွင် မိမိ၏အတွင်းအားမှတစ်ပါး တစ်ခြားနည်းမရှိတော့ပြီဆိုသည်ကို သိသည်။

သို့သော်...

နန်းကုန်းစုက မိမိအားသူ့သားအရင်းဖြစ်သည်ကို မသိရှိသဖြင့် မိမိအပေါ်သံသယဖြစ်ပြီး လက်ခံမည်မဟုတ်ဟု ယုံကြည်နေသည်။

ဝေ့ထင်းက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်မိ၏။

"ခက်တာပဲဗျာ၊ ကျုပ်လဲဘာလုပ်ရမလဲတောင် မပြောတတ်တော့ပါဘူး"

လူထူးဆန်းအဘိုးအိုက တစ်စုံတစ်ခုသတိရလာလေသည်။

"ဒါနဲ့ ငါသတင်းတစ်ခုကြားလာတယ်ကွ"

ဝေ့ထင်း မျက်မှောင်ကြုတ်သွား၏။

"ဘာများလဲဗျ"



"မနက်ဖြန် နန်းကုန်းသက်က သူ့အဖေရဲ့နေရာကို အမွေဆက်ခံမယ့် အခမ်းအနား ကျင်းပလိမ့်မယ်"

ဝေ့ထင်း မျက်မှောင်ကြုတ်သွားသည်။

"နန်းကုန်းသက်က လွန်လာပြီထင်တယ်၊ ကျုပ်တို့ရဲ့ ရွှေဓားဂိုဏ်းတစ်ခုလုံးကို အပိုင်စီးတဲ့အပြင် ကျုပ်ရဲ့ချစ်သူကိုလည်း ဓနီးအဖြစ် သိမ်းပိုက်ထားတယ်"

ဝေ့ထင်းက မကျေမနပ်ဖြင့် ပြောသည်။

လူထူးဆန်းအဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် မင်းတို့ငါပြောတာပေါ့၊ သူတို့လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ မင်းသွားဖို့ကောင်းတယ်ကွ"

ဝေ့ထင်း သက်ပြင်းချလိုက်၏။

"ကျုပ် ခေါင်းအေးအေးထားပြီး စဉ်းစားပါရစေဦးဗျာ"

✿✿✿

ကွေ့ရှမ်းသည် နန်းကုန်းသက်အားအပြစ်တင် ပြောဆိုရန် စကားဟလိုက်၏။

"ဒီမှာငါ့သား"

သို့သော်...

နန်းကုန်းသက်က ဟန့်တားလိုက်သည်။

သူနှုတ်မှလည်း ရင့်သည်းစွာဖြင့်ပြောသည်။

"ကျုပ်ကို သားလို့မခေါ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

ကွေ့ရှမ်း စိတ်မကောင်းဖြစ်သွားသည်။

သို့သော် သူမက အပြုံးမပျက်ဘဲ စကားဆက်လိုက်သည်။

"သခင်လေးကို ကျုပ်အမျိုးမျိုးတိုက်တွန်းတယ်၊ နန်းကုန်းစုကို သတ်လိုက်ပါလို့"

နန်းကုန်းသက်က မျက်မှောင်ကြုတ်သွား၏။

"ဘာဘဲဖြစ်ဖြစ် သူက ကျုပ်ရဲ့အဖေအရင်းမဟုတ်ပေမယ့် ကျုပ်ကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် ကျွေးမွေးပျိုးထောင်ခဲ့တဲ့ ကျေးဇူးရှိပါတယ် ဒါကြောင့် ..."

နန်းကုန်းသက်က ငြင်းဆန်လိုက်သည်။

ကျွေးရှမ်းက ခေါင်းတစ်ချက်ညိတ်၍...

"သခင်လေးရဲ့သဘောကို နားလည်ပါတယ်"

သူမသည် စကားကိုခေတ္တရပ်တန့်လိုက်ပြီးမှ...

"သခင်လေးက သူ့ကို မသတ်ရင် ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းတပ်သလို ဖြစ်သွားနိုင်တယ်ကွယ့်"

နန်းကုန်းသက် ခေါင်းရှုပ်သွားလေသည်။

"ခဏနေပါဦးဗျာ၊ ကျုပ်စဉ်းစားပါဦးမယ်"

ကျွေ့ရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သခင်လေး မပြတ်သားရင် တစ်နေ့ကောင်းကောင်းဒုက္ခရောက်နိုင်တယ်ကွယ့်"

နန်းကုန်းသက်သည် စကားမပြောတော့ဘဲ ထွက်ခွာသွားလေတော့သည်။

✿✿✿

## အခန်း(၃၈)

## အကြံအစည်လွဲချော်ခြင်း

သိုင်းသမားများသည် ရွှေဓားဂိုဏ်းတည်ရာဌာနချုပ်သို့ တဖွဲဖွဲရောက်ရှိလာကြသည်။

သူတို့သည် နန်းကုန်းသက်က နန်းကုန်းစုကိုယ်စား ဖိတ်ထားသောကြောင့် ရွှေဓားဂိုဏ်းဌာနသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

သူတို့သည် ဖိတ်စာတွင် ဖော်ပြသည့်အတိုင်း နန်းကုန်းသက်က သူ၏ဖခင်နန်းကုန်းစု၏နေရာကို လွှဲပြောင်းယူမည့် အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြသည်။

နယ်အသီးသီးက လာကြသော သိုင်းသမားများတို့တွေ့မြင်လိုက်သောအခါ လူထူးဆန်းအတိုးတို့မှာ အကြံတစ်ခုရလာသည်။

ဝေ့ထင်းနှင့်လူထူးဆန်းအတိုးအတိုးအိုတို့လည်း ရောက်ရှိလာကြပြီးဖြစ်၏။

သူသည် ဝေ့ထင်းဘက်သို့လှည့်ကာ ပြောလိုက်၏။

"ဟော့ ... ကြွက်ကလေး မင်းဘာမှမပူနဲ့တော့"

လူထူးဆန်းအဘိုးအိုရဲ့ အဆက်အစပ်မရှိသော စကားကြောင့် ဝေထင်း မျက်မှောင်ကြုတ်သွားသည်။

"ဘာကို မပူရမှာလဲဗျ"

လူထူးဆန်းအဘိုးအိုက တဖွဲဖွဲရောက်ရှိလာကြသော သိုင်းသမားများကို ညွှန်ပြလိုက်သည်။

"ဟိုမှာ နယ်အသ ်းသီးက သိုင်းသမားတွေ ရောက်လာကြတယ်လေ"

ဝေထင်းက ပြုံးလိုက်သည်။

"ကျုပ်နားလည်ပါပြီ ဒီလူတွေနဲ့ရောပြီး ဝင်သွားဖို့ ပြောမယ်မဟုတ်လား"

သူက ပြုံးပြီးပြောလိုက်သည်။

လူထူးဆန်းအဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့နဲ့ရောပြီး လိုက်သွားရင် ရွှေဓားဂိုဏ်းရဲ့အထဲကို ဝင်ခွင့်ရသွားမှာဘဲ"

ဝေထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"နန်းကုန်းသက်ကတော့ ကျုပ်ကို မရမကတားမှာဘဲ"

လူထူးဆန်းအဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"အထဲရောက်သွားမှတော့ အခြေအနေကြည့်ပြီး ဆက်လုပ်ကြတာပေါ့"

"အခုတော့ ဒီလိုပဲ ကြံရတော့မှာပဲ"

ဤသို့ဖြင့် သူတို့သည် ရွှေဓားဂိုဏ်းတည်ရှိရာသို့ဦးတည်၍ လျှောက်သွားလေသည်။

ရွှေဓားဂိုဏ်း၏ အဆောက်အအုံတစ်ခုလုံးသည် မွမ်းမံပြင်ဆင်ထားသည်။



မီးပုံးများလည်း လှပထိန်လင်းစွာဖြင့် ထွန်းညှိထားသည်ကို တွေ့ရသည်။

တံခါးမှူးနှင့်အစောင့်များလည်း သစ်လွင်သော အဝတ်အစားများဝတ်ဆင်ထားကြသည်။

ရွှေဓားဂိုဏ်း၏ အဆောက်အအုံတစ်ခုလုံးမှာ ခမ်းနား ထည်ဝါလှပမှုများဖြင့် အတိပြီး ဖြစ်နေလေတော့သည်။

လူထူးဆန်းအဘိုးအိုနှင့်ဝေ ်င်းတို့သည် ခန့်ညားထည်ဝါလှသောအဆောက် အအုံကိုကြည့်ကာ ငေးမောနေ၏။

ဝေထင်း၏ ရင်ထဲ၌ မိမိ၏နေရာဖြစ်သော်လည်း မိမိ မပိုင်ရဘဲ သူစိမ်းတရံစာက အပိုင်စီးထားသည်ကို တွေးမိသဖြင့် စိတ်မကောင်းဖြစ်လာသည်။

ထို့ကြောင့် သူသည် ငေးငိုင်၍နေ၏။

လူထူးဆန်းအဘိုးအိုက သူ၏လက်ကိုဆွဲလိုက်သည်။ နှုတ်မှလည်း လောဆော်တိုက်တွန်းလိုက်၏။

"ကဲ ... ငေးမနေနဲ့ သွားကြမယ်"

သူတို့သည် အဆောက်အအုံရှိရာသို့ လျှောက်သွားပြီးလျှင် အခြားဧည့်သည်များနှင့်ရောနှော၍ ဝင်ရောက်သွားကြလေ၏။

သူတို့သည် ခန်းမသို့ရောက်ရှိလာသောအခါ ဆက်၍မသွားနိုင်တော့ပါ။

နန်းကုန်းသက်က သူတို့အား ဟန့်တားခြင်း ပြုလိုက်သောကြောင့်ပင်ဖြစ်လေသည်။

နန်းကုန်းသက်သည် သူတို့အား အစိမ်းလိုက်ဝါးစားမတတ်ကြည့်လိုက်သည်။

"ဘာလာနှောင့်ယှက်ဦးမလို့လဲ"

နန်းကုန်းသက်က အံကြိတ်မေးမြန်းလိုက်၏။

ဇေ့ထင်းက ခေါင်းကိုထိန်းချုပ်လိုက်သည်။

"ဒီမှာ မင်းဘာလုပ်လုပ် ငါမကာန့်ကွက်ဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်ရဲ့ဒဏ်ရာကိုတော့ ငါ့ကိုကုခွင့်ပေးပါ"

ဇေ့ထင်းက တောင်းဆိုလိုက်သည်။

နန်းကုန်းသက် မဲ့ပြုံးပြုံးလိုက်သည်။

"တွေ့ခွင့်မပေးနိုင်၊ မင်းတို့အခုထွက်သွားပါ"

လူထူးဆန်းအဘိုးအိုက ကြားဖြတ်ပြောလိုက်သည်။

"ဒီမှာ နန်းကုန်းသက် ဂိုဏ်းချုပ်ဟာ သူ့အဖေအရင်းပါ"

"ဒါလဲ မင်းသိပါတယ်၊ သူ့ကိုတော့ ကုသခွင့်ပေးသင့် ပါတယ်"

နန်းကုန်းသက် ခေါင်းခါယမ်းပြလိုက်၏။

"ကျုပ်ဘယ်နည်းနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး၊ အခုချက်ချင်း ထွက်သွားကြ"

နန်းကုန်းသက်က အော်ငေါက်လိုက်လေ၏။

ဇေ့ထင်းမှာ ဒေါသမထိန်းနိုင်တော့ပါ။

"ဘာဖြစ်ဖြစ် ကျုပ်က ဝင်တွေ့ရမှာဘဲ"

"ချွမ်း ..."

နန်းကုန်သက် ဓားကိုဆွဲထုတ်လိုက်လေသည်။

ဇေ့ထင်းက သက်ပြင်းချလိုက်၏။

သူက အံကြိတ်၍ ပြောသည်။

"မင်းဒီလောက်တောင် တင်းမာနေရင်လဲ ငါလဲသည်းမခံတော့ဘူးကွ"

နန်းကုန်းသက်က ပြုံးလိုက်၏။



"ဒီတစ်ခါ ငါ့ဓားနဲ့ မင်း သေရမယ်ဆိုတာ မှတ်ထားလိုက်ပေတော့"

သူသည် ပြောရင်းဓားကို ရှေ့ယမ်းတိုက်ခိုက်လိုက်သည်။

ဇေ့ထင်းက မိုးဓားနှင့်ငရဲဓားကို အသုံးမပြုပါချေ။

ရွှေဓားဂိုဏ်း၏ ကိုယ်ပိုင်ဓားကွက်ဖြင့်ပြန်လည် တိုက်ခိုက်လိုက်သည်။ ဓားပညာရိုးစင်းသော်လည်း ယခုဇေ့ထင်း၏ လက်ထဲ၌ ထိုဓားပညာမှာ တောက်ပနေသည်။

ထိုသို့ သူတို့နှစ်ယောက်သဲသဲမဲမဲ တိုက်ခိုက်နေကြစဉ်မှာပင်

ရုတ်တရက် ...

လူထူးဆန်းအဘိုးအိုက နန်းကုန်းစုရှိရာအတွင်း ဆောင်ဘက်သို့ ပြေးဝင်သွားလေတော့သည်။

ထိုအခါ ရွှေဓားဂိုဏ်းသားနှစ်ယောက် ...

"ဟေ့ ... ရပ်လိုက်စမ်း"

အမိန့်ပေးလိုက်သော်လည်း မရပါ။

လူထူးဆန်းအဘိုးအိုက အစောင့်များကို ပြန်လည်တိုက်ခိုက်ပြီးလျှင် နန်းကုန်းစု၏ အခန်းတွင်းသို့ အတင်းဝင်သွားလေတော့သည်။

နန်းကုန်းစုနှင့် ပေယို့ချင်းတို့သည် လူထူးဆန်းအဘိုးအို ဝင်ရောက်လာသည်ကို တွေ့ရသောအခါ အံ့အားသင့်သွားကြသည်။

နန်းကုန်းစုက တစ်ချက်မျက်မှောင်ကြုတ်ပြီးမေးလိုက်၏။

"ဘုရောင် မင်းဘာလာလုပ်တာလဲ"

လူထူးဆန်းအဘိုးက ပျာပျာသလဲပြောလိုက်၏။

"ခင်ဗျားသား ဇေ့ထင်း ရောက်နေတယ်"

နန်းကုန်းသက်နှင့် ပေ့ယို့ချင်းတို့မှာ အလွန်ဝမ်းသာသွားကြသည်။

နန်းကုန်းစုက အလွန်အားတက်သောလေသံဖြင့် မေးလိုက်သည်။

"ဟုတ်လား ... အခုဘယ်မှာလဲ"

လူထူးဆန်းအဘိုးအိုက ခန်းမဘက်သို့ညွှန်ပြလိုက်၏။

ခန်းမမှာရောက်နေတယ်၊ နန်းကုန်းသက်က အဝင်မခံလို့ တိုက်ခိုက်နေကြတယ်"

နန်းကုန်းစု မျက်မှောင်ကြုတ်သွားသည်။

"နန်းကုန်းသက်ကတော့ တရားလွန်လာပြီ"

သူသည် ပေ့ယို့ချင်းဘက်လှည့်ကာ ပြောလိုက်၏။

"ပေ့ယို့ချင်း ငါ့ကိုတွဲစမ်း၊ ငါထွက်တားမှဖြစ်မယ်"

ပေ့ယို့ချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ..."

ထို့နောက် ...

ပေ့ယို့ချင်းသည် နန်းကုန်းသက်အား ဖေးမလိုက်၏။

လူထူးဆန်းအဘိုးအိုကလည်း ဝင်ရောက်ကူညီပြီး အခန်းပြင်သို့ ထွက်ခဲ့လေတော့သည်။

ပေ့ယို့ချင်းနှင့်လူထူးဆန်းအဘိုးအိုတို့သည် နန်းကုန်းစုအားတွဲ၍ ခန်းမထဲသို့ ဝင်ရောက်လာကြသည်။

ခန်းမထဲတွင် ဝေ့ထင်းနှင့်နန်းကုန်းသက်တို့မှာ သဲသဲမဲမဲယှဉ်ပြိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များ



သည် နန်းကုန်းသက်နှင့်ဝေ့ထင်းတို့ စားချင်းယှဉ်ပြိုင်နေကြသည်ကို တီးတိုးဝေဖန်ပြောဆိုကြရင်း အကဲခတ်၍နေကြ၏။

"ရပ်လိုက် ..."

နန်းကုန်းစု၏ အသံသည်အားနည်း၍ နေသော်လည်း ပြတ်သပါလှသည်။

သူ့အော်သံကြောင့် ဝေ့ထင်းနှင့် နန်းကုန်းသက်တို့ တိုက်ပွဲမှာ ရပ်ဆိုင်းသွားသည်။

နန်းကုန်းစုက နန်းကုန်းသက်အနီး၌ရပ်နေသော ကျွေ့ရှမ်းအား ကြည့်လိုက်လေသည်။

နန်းကုန်းစုက ကျွေ့ရှမ်းအား ပြောလိုက်သည်။

"ငါတို့သားအဖအပေါ်ကို မင်းတို့တတွေ ဒီလောက်ဒုက္ခပေးရရင် တော်လောက်ပြီလို့ ငါထင်တယ်"

နန်းကုန်းသက်နှင့်ကျွေ့ရှမ်းတို့မှာ ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေ၏။

နန်းကုန်းစုမျက်နှာ တစ်ဘက်သို့ လွှဲလိုက်သည်။

"နန်းကုန်းသက်ဟာ ငါရဲ့သားအရင်းမဟုတ်ပေမယ့် ငယ်စဉ်ကတည်းက ငါနဲ့အတူနေတဲ့အတွက် ငါ့သားလို့ပဲ သတ်မှတ်ထားပါတယ်၊ ဒါပေမယ့် အခြေအနေက မင်းတို့သားအမိကို ဆက်လက်ထားရင် ငါတို့မိသားစုမှာ ဒုက္ခရောက်မှာသေချာတယ်"

နန်းကုန်းသက် ရင်ကိုကော့လိုက်၏။

သူ့နှုတ်မှလည်း တင်းမာစွာဖြင့် ...

"ဒီမှာ လက်မခံလဲ ကျုပ်ကို လက်ခံမည့်သူတွေအများကြီးရှိတယ်"

ပြောလိုက်လေသည်။

ထို့နောက်...

သူသည် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျွေ့ရှမ်းက အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ကျွန် ... ကျွန်မ"

ဘာပြောရမှန်း မသိဖြစ်သွား၏။

နန်းကုန်းစု သက်ပြင်းချလိုက်၏။

မင်းလဲ ထွက်သွားပါတော့"

ထိုအခါ...

ကျွေ့ရှမ်းသည် နန်းကုန်းသက်နောက်သို့ ပြေးလိုက်သွားလေသည်။ နှုတ်မှာလည်း...

"သား ... မေမေ့ကို စောင့်ဦး"

အော်ပြောလိုက်လေသည်။

နန်းကုန်းစုသည် စိတ်ထိခိုက်သွားသဖြင့် ရုတ်တရက်မူးပြီး လဲကျမတတ် ဖြစ်သွားသည်။

"ဂိုဏ်းချုပ်ကြီး"

ဝေထင်းက ကမန်းကတန်း သွားရောက်ဖေးမလိုက်သည်၊

ဝေထင်း၏ဖေးမမှုကြောင့် နန်းကုန်းသက်၏ ခန္ဓာကိုယ်က လဲမကျခဲ့ပါ။

"မင်း ငါ့ကို ဘယ်လိုခေါ်သလဲ"

သူသည်သက်ပြင်း တစ်ချက်ချလိုက်ပြီး စကားဆက်လိုက်သည်။

"မင်းနဲ့ငါဟာ နှစ်ပေါင်းနှစ်ဆယ် အတူနေခဲ့ကြတယ်၊



တစ်ယောက်မျက်နှာ တစ်ယောက် နေ့တိုင်း တွေ့ကြရတယ်၊ ဒါပေမယ့် မင်းကို ငါ့ရဲ့သား အရင်းမှန်း မသိခဲ့ဘူး"

ဟု ကျေနပ်စွာပြုံးလိုက်သည်။

"ဒါပေမယ့် သွေးတော်စပ်လို့လား မသိဘူး၊ မင်းကို ငါ အမြဲတမ်းသံယောဇဉ်ရှိနေတယ်၊ ဒါကြောင့်လည်း ငါက နန်းကုန်းသက်ကို ဓားပညာသင်ပေးနေတာကို မင်းချောင်းကြည့်တာ သိလျက်နဲ့ အပြစ်မယူခဲ့ဘူး"

ဝေထင်းသည် နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ရန်သူကိုမိဘအရင်းထင်မှတ်၍ နေခဲ့ရမိသည်ကို တွေးမိရင်း စိတ်မကောင်းဖြစ်မိသည်။

နန်းကုန်းစုက ပြုံးပြလိုက်သည်။

"အင်း ... အခုဆို မင်းဟာ ငါ့သားအရင်းမှန်းသိလို့ ငါ သိပ်ပျော် ပါပြီကွာ"

ထို့နောက်...

သူသည် ပြောပြီး သတိမေ့ကာ လဲကျသွားလေတော့သည်။

ဝေထင်းက ထိတ်ထိတ်ပျာပျာဖြစ်သွားကာ...

"ဖေဖေ ..."

လှမ်းခေါ် ခေါ်လိုက်လေသည်။

နန်းကုန်းစုက မျက်လုံးပြူးကြည့်လိုက်၏။

သူ၏မျက်နှာပေါ်တွင် ဝမ်းသာပီတိအရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူသည် ကြည်နူးစွာဖြင့်...

"မင်း ငါ့ကို ဖေဖေလို့ခေါ်တယ်ဟုတ်လား"

မေးလိုက်၏။

ဝေထင်းက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ဖေဖေ"

နန်းကုန်းစုသည် ခေါင်းငိုက်စိုက်ကျသွားပြီး လဲကျသွားရှာတော့သည်။

✿✿✿

နန်းကုန်းသက်သည် ဒေါသတကြီး လျှောက်သွားနေလေသည်။

"သားရေ..."

ကွေ့ရှမ်းက နောက်မှ ပြေးလိုက်သွားရင်း အော်ခေါ်နေ၏။

နန်းကုန်းသက်ကခြေလှမ်း ရပ်လိုက်သည်။

ကွေ့ရှမ်းကသူ့အနီးသို့ ရောက်ရှိလာသည်။

သူမသည် နန်းကုန်းသက်အား ကြီးမားသော မေတ္တာဖြင့် ကြည့်ကာနူးညံ့စွာ မေးလိုက်သည်။

"သား ... ဘယ်သွားမလို့လဲ"

နန်းကုန်းသက်ကမူ ဒေါသကြီးစွာဖြင့်...

"ခင်ဗျားသွားစမ်းပါ၊ ကျုပ်နောက်ကို မလိုက်ပါနဲ့"

ကွေ့ရှမ်းက မျက်ရည်ကျလာမိသည်။

"ဒီလိုမပြောပါနဲ့ သားရယ်"

နန်းကုန်းသက် ဒေါသကြီးစွာဖြင့်...

"ခင်ဗျားဘာမှမပြောနဲ့၊ ခင်ဗျားကိုမုန်းတယ်၊ ဘာဖြစ်လို့ ကျုပ်ကိုသူများသားနဲ့ လဲလိုက်ရတာလဲ"

ရိုင်းပျစွာပြောဆိုနေ၏။

ကွေ့ရှမ်းမှာ လှိုက်လှိုက်လှဲလှဲဝမ်းနည်းသွား၏။



"သား တစ်နေ့ရှမ်းသာလာအောင်လို့ အမေကကြံစည်လိုက်တာပါ"

နန်းကုန်းသက် နှာခေါင်းရှုံ့လိုက်၏။

"ခင်ဗျားအကြံက အခု ဘယ်လိုဖြစ်သွားပြီလဲ၊ လောင်မီးကျတဲ့ အကြံအစည်ပဲ"

ကွေ့ရှမ်းက ပြန်လည်မချေပနိုင်ဘဲ ငိုကြွေးနေ၏။

နန်းကုန်းသက်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျား အသုံးမကျလို့ ကျုပ်အခုတော့ သောင်ပြင်မှာလွှတ်ထားတဲ့ခွေးလို ဖြစ်နေပြီ သိရဲ့လား"

ကွေ့ရှမ်းကသူ့လက်မောင်းကို ကိုင်ထားလိုက်သည်။

"သားရယ် ... ဒီလောက်လဲ အားငယ်စရာမလိုပါဘူး"

သူမ၏စကားမဆုံးမီ နန်းကုန်းသက်ကသူ့အား တွန်းပစ်လိုက်သည်။

"သွားစမ်းပါ ... ခင်ဗျားမျက်နှာကို ကျုပ်မကြည့်ချင်ဘူး"

သူသည် ယင်းသို့ပြောပြီးသည်နှင့် တဟုန်ထိုးပြေးလွှားထွက်ခွာသွားလေသည်။

"သားရယ် ..."

ကွေ့ရှမ်းသည် ယင်းသို့ တကြော်ကြော်ခေါ်ရင်း ကျန်ရစ်ခဲ့လေသည်။

✿✿✿

ဝေ့ထင်းသည် ဘဝမှန်သို့ ပြန်လည်ရောက်ရှိသွားပြီး ဖြစ်သည်။

နန်းကုန်းစုက မိမိ၏ဂိုဏ်းချုပ်နေရာ၌ အမွေဆက်ခံမည့်

သူမှာ မိမိ၏သားအရင်းဖြစ်သူ ဇေထင်းဖြစ်သည်ဟုအများရှေ့တွင် ကြေညာလိုက်သည်။

ဇေထင်းသည် ပေ့ယိုချင်း၏ ဖခင်ဖြစ်သူ ပေ့ဝမ်းအား မြေအောက်အချုပ်ခန်းမှ လွှတ်လိုက်သည်။

သူသည် ဖခင်ဖြစ်သူ နန်းကုန်းစုနှင့် တိုင်ပင်ကာ ပေ့ဝမ်းအား ယာယီဂိုဏ်းချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ပြဿနာများက ဖြေရှင်းသွားသောအခါ ဇေထင်းက ယင်းသို့ အကြံပေးသည်။

"ဖေဖေရဲ့ ဒဏ်ရာကို ကုသဖို့ဖြေဆေးမရှိရင် ကျွန်တော့် အတွင်းအားနဲ့ ကုသပေးပါရစေ"

နန်းကုန်းစု ခေါင်းခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့သားရယ်၊ အတွင်းအားနဲ့ဝေဒနာကုတယ် ဆိုတာ ကုသပေးသူမှာ အလွန်ထိခိုက်နစ်နာတယ်ဆိုတာ ဖေဖေသိပါတယ်"

ဇေထင်းကပြုံးလိုက်သည်။

ထို့နောက်...

သူကခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူးဖေဖေ၊ ကျွန်တော်ကလှုငယ် ခံနိုင်ရည်ရှိပါတယ်"

ပေ့ဝမ်း ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဝင်ရောက်တိုက်တွန်းသည်။

"ဟုတ်ပါတယ်ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီးရဲ့ဒဏ်ရာပျောက်ကင်းမှသာ ရွှေဓားဂိုဏ်းရဲ့ တာဝန်များကို သခင်လေး ဇေထင်းက ထမ်းဆောင်နိုင်အောင် လက်လွှဲသင်ကြားပေးနိုင်မှာဖြစ်ပါတယ်"



ပေ့ယိုချင်းနှင့် လူထူးဆန်း တုရှောင်တို့ကလည်း တိုက်တွန်းတောင်းပန် ပြောဆိုလိုက်ကြပြန်သည်။

ထို့ကြောင့်...

နန်းကုန်းစုမှာ လက်ခံလိုက်သည်။

"ကောင်းပြီလေ၊ သားရဲ့စေတနာကို ဖေဖေက မငြင်းပယ်တော့ပါဘူး"

ဇေထင်း ဝမ်းသာသွားသည်။

"ဟုတ်ကဲ့ဖေဖေ၊ ဒါပေမယ့် နန်းကုန်းသက်က အခဲကျေမှာ မဟုတ်ဘူး၊ တစ်နည်းမဟုတ်တစ်နည်း လာပြီး နှောက်ယှက်လိမ့်မယ်လို့ ကျွန်တော် ယူဆထားမိပါတယ်"

ဇေဝမ်း ခေါင်းညိတ်လိုက်သည်။

"သခင်လေးပြောတာမှန်ပါတယ်၊ ဒါကိုတော့ သတိထားရလိမ့်မယ်"

နန်းကုန်းစု တွေဝေသွား၏။

သူက တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားလိုက်၏။

အတန်ကြာမှ...

သက်ပြင်းတစ်ချက်ချကာ...

"သားက ဘယ်လိုစီစဉ်ချင်လဲ"

ဇေထင်းအားကြည့်ကာ မေးလိုက်၏။

ဇေထင်းက အလေးအနက်စဉ်းစားလိုက်၏။

ထို့နောက်...

နန်းကုန်းစုအား တစ်ချက်ကြည့်ကာ နူးညံ့သောလေသံဖြင့် ပြောလိုက်လေသည်။

"အခု ဖေဖေရဲ့ဒဏ်ရာကုသဖို့ဟာ အရေးကြီးပါတယ်"

ပေ့ဝမ်း ခေါင်းညိတ်လိုက်သည်။

"ဒါဟုတ်တယ်"

ဝေ့ထင်းက စကားဆက်ကလိုက်ပြန်သည်။

"ကျွန်တော်က အတွင်းအားနဲ့ ကုသပေးရမှာဆိုတော့ အနှောင့်အယှက် ဝင်လာမှာ စိုးရိမ်ရတယ်၊ ကုသနေတုန်း ဘေး အနှောင့်အယှက်ရှိလို့ မဖြစ်ဘူး၊ သိပ်အန္တရာယ်များတယ်"

တုရှောင် ခေါင်းညိတ်လိုက်၏။

"ဒါသိပ်အရေးကြီးတာပေါ့"

ဝေ့ထင်းကအနည်းငယ် စဉ်းစားလိုက်ပြီး စကားဆက်လိုက် ပြန်သည်။

"ဒါကြောင့် ဖေဖေ့ကို အလွန်လျှို့ဝှက်တဲ့ တစ်နေရာရာမှာ သွားပြီး စိတ်အေးလက်အေး ကုသရမှဖြစ်မယ်"

အားလုံးခေါင်းညိတ်လိုက်ကြ၏။

"ဟုတ်တယ် ဒါဟာ အသင့်လျော်ဆုံးဘဲ"

ထိုစဉ်...

ပေ့ဝမ်းက သဘောတူစွာဖြင့် အားတက်သရော ဝင်ပြော လိုက်၏။

"သည်အတွက်မပူနဲ့ ကျုပ် အစီအစဉ်လုပ်ပေးပါ့မယ်"

ဝေ့ထင်း ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ နောက်တစ်ခုရှိပါသေးတယ်"

ပေ့ဝမ်း မျက်မှောင်ကြုတ်သွား၏။

နန်းကုန်းစုကသူ့အား စိုက်ကြည့်လိုက်၏။

"ပြောပါ"

ဝေ့ထင်းက...



"သားတို့ မရှိတုန်း ချင်းစုလျှံနဲ့ သူ့ရဲ့ကျောက်နဂါးဂိုဏ်းက လာပြီး တိုက်ခိုက်မှာကိုလဲ သားစိုးရိမ်တယ်"

နန်းကုန်းစု တွေဝေသွားသည်။

ပေ့ဝမ်းက ရင်ကော့ကာ...

"လာစမ်းပါစေ ကျုပ်ရင်ဆိုင်မယ်"

သူသည် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ ပြောလိုက်လေ သည်။

တုရှောင်ကလည်း ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်လဲ သူတို့ကို ဆုံးမဖို့ ဒီမှာ ကျန်နေရစ်ခဲ့မယ်"

နန်းကုန်းစု သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

သူက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူးထင်တယ်၊ ချင်းစုလျှံဟာ အင်မတန်ကြောက်စရာ ကောင်းတဲ့ သိုင်းပညာရှင်တစ်ယောက်ပဲ၊ မနိုင်မှန်းသိလျက်နဲ့ ယှဉ်ပြိုင်မယ်ဆိုရင် ကျုပ်တို့ဘက်က လူတွေနစ်နာသွားမယ်"

တုရှောင်မှာ မခံရရပ်နိုင်အောင် ဒေါသထွက်လာသည်။

သူက အံကြိတ်လိုက်ပြီး...

"အို... ချင်းစုမကလို့ ဘယ်သူပဲ လာစမ်းပါစေ၊ ကျုပ်အကုန် လုံးကို ဆုံးမပစ်မယ်"

ပေ့ဝမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ရွှေဓားဂိုဏ်းကို ထိပါး နှောင့်ယှက်တဲ့သူ မှန် သမျှ ကျုပ်တို့က အသက်သေတဲ့အထိ ရင်ဆိုင်သွားမယ်"

သူတို့၏ စကားမှာ အားရဖွယ်ကောင်းလှပေသည်။

သို့သော်...

ဝေထင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ အကောင်းဆုံးကတော့ ကျွန်တော်တို့ အင်အားလဲ ဆုံးရှုံးနစ်နာမှု မရှိအောင် နည်းလမ်းတစ်မျိုးဆောင်ရွက်ရင် ကောင်းမယ်ထင်တယ်"

ပေ့ဝမ်း ခေါင်းညိတ်လိုက်၏။

"ပြောပါ ..."

ဝေ့ထင်း သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက်...

ပေ့ဝမ်းအား တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

"ဘဘက ရွာအဖွဲ့သားအားလုံးကို ဝေးလံတဲ့ တစ်နေရာကို ခေါ်သွားကြပါ၊ ဆယ်ရက်ကြာရင် ကျွန်တော်တို့ ပြန်ဆုံကြမယ်၊ အဲဒီအချိန်မှာဆိုရင် ဖေဖေဒဏ်ရာလဲ ပျောက်ပါပြီ အဲဒီကျတော့မှ ကျွန်တော်တို့အားလုံး စုပေါင်းပြီးလာသမျှ ရန်သူကို တွန်းလှန်ကြဖို့ပါဘဲ"

ဝေ့ထင်း၏ တင်ပြမှုမှာ အလွန်ပင် ဆီလျော်သင့်မြတ်လှပေသည်။

ပေ့ဝမ်း တွေဝေသွား၏။

ဝေ့ထင်းပြောသည့်နည်းလမ်းမှာ သဘာဝကျလှပေသည်၏။

ထိုစဉ်...

နန်းကုန်းစု၏ စကားသံထွက်ပေါ်လာသည်

"ပေ့ဝမ်း"

ပေ့ဝမ်း ဦးညွတ်လိုက်၏။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"



နန်းကုန်းစုက...

"သား ပြောတာမှန်တယ်၊ ဒီအတိုင်းပဲ တို့တွေ ဆုံးဖြတ်ကြမယ်"

ပေ့ဝမ်း ခေါင်းညိတ်လိုက်၏။

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး"

အားလုံးမှာလည်း ဝေ့ထင်း၏ စကားကိုလက်ခံလိုက်ကြလေတော့သည်။

✿✿✿

## အခန်း(၁၉)

# ရွှေခေါးဂိုဏ်း၏ သေနင်္ဂဗျူဟာ

နန်းကုန်းသက်သည် ကျောက်နဂါးဂိုဏ်းသို့ ဦးတည်သွားသည်။

မကြာမီ...

ကျောက်နဂါးဂိုဏ်းဌာနချုပ်သို့ ရောက်ရှိလာသည်။

သို့သော်...

ကျောက်နဂါးဂိုဏ်းအဝင်ဝသို့ ရောက်သည်နှင့်...

"ရပ်လိုက် ..."

ဟန့်တားသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တစ်ချိန်တည်းမှာပင်...

ကျောက်နဂါးဂိုဏ်းသားနှစ်ယောက်က သူ့အား ဟန့်တားလိုက်သည်။

နန်းကုန်းသက်က ခြေလှမ်း ရပ်လိုက်၏။

အစောင့်တစ်ယောက်က ...

"ဘာကိစ္စလဲ ..."



နန်းကုန်းသက်က တည်ကြည်သော မျက်နှာထားဖြင့်...

"မင်းတို့ သခင်မကြီးကို ပြောလိုက်ပါ၊ ရွှေခေါးဂိုဏ်းက နန်းကုန်းသက်က အရေးကြီးတဲ့ကိစ္စရှိလို့ တွေ့ချင်တယ်လို့"

အစောင့် မျက်မှောင်ကြုတ်သွား၏။

သူက တစ်စုံတစ်ရာ ပြောရန် ပြင်လိုက်၏။

သို့သော်...

မပြောဖြစ်တော့ဘဲ ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်လေသည်။

"ကောင်းပြီလေ ... ဒီမှာ ခဏစောင့်နေပါ၊ ကျုပ်သွားအကြောင်းကြားလိုက်ပါ့မယ်"

ထို့နောက်...

အစောင့်က အဆောက်အအုံထဲသို့ ဝင်သွားသည်။

မကြာမီ...

ပြန်လည် ထွက်လာသည်။

သူသည် နန်းကုန်းသက်အား ဦးညွှတ်အရိုအသေပြုလိုက်၏။

"အထဲကိုကြွပါလို့ သခင်မကြီးက ဖိတ်ခေါ်လိုက်ပါတယ်"

သူသည် ပြောပြီး နန်းကုန်းသက်အား လမ်းပြခေါ်ဆောင်သွားသည်။

နန်းကုန်းသက်က အားပါးတရ ပြုံးလိုက်မိသည်။

ချင်းစုလျှံသည် နန်းကုန်းသက်အား သေချာစွာ အကဲခတ်ကြည့်လိုက်၏။

ထို့နောက်...

အေးစက်သော လေသံဖြင့်ပြောလိုက်ပြန်သည်။

ရွှေခေါ်ဖက်ကောင်းက မင်းကိုလက်မခံလို့ ငါ့ဆီရောက်လာတာ မဟုတ်လား"

သူမက တပ်အပ်သိသလို ပြောဆိုလိုက်သည်။

နန်းကုန်းသက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

ချင်းစုလှုံ့က နန်းကုန်းသက်အား အကဲခတ်ကြည့်လိုက်ပြန်သည်။

ထို့နောက်...

သူမက သဘောကျစွာပြုံးလိုက်၏။

"မင်း ငါ့ဆီလာတာ မမှားပါဘူး"

သူမသည် ထိုင်ရာမှထလိုက်ပြီး နန်းကုန်းသက်ထံ လျှောက်သွားသည်။

ထို့နောက်...

ညှို့ဓာတ်အပြည့်ရှိသော လေသံဖြင့် ပြောလိုက်၏။

"ငါတို့ကို သစ္စာရှိရှိနဲ့ ပေးတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုရင် မင်းလက်ရှိရာထူးကို ပြန်ရဖို့ ငါတာဝန်ယူတယ်"

နန်းကုန်းသက်ကဦး ညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်မကြီး"

သူက လှိုက်လှဲသော လေသံဖြင့်ပြောလိုက်၏။

ချင်းစုလှုံ့ လက်ကာပြလိုက်၏။

"ကျေးဇူးတင်စရာ မလိုပါဘူး"

တစ်ဆက်တည်းမှာပင်...

သူမက ရယ်မောလိုက်၏။



"ငါကလဲ ရွှေခေါ်ဖက်ကောင်းကို အပြတ်ချေမှုန်းမလို့ပါပဲ၊ အခုလို မင်းက တို့ဘက်ရောက်လာတော့"

သူမသည်ခေါင်းမော့၍ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

သူမသည် ရယ်မောရာမှရပ်တန့်လိုက်ပြီး လက်သီးကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

"နန်းကုန်းစု"

"ရှင်တော့ သေဖို့သာ ပြင်ထားပေတော့"

ချင်းစုလှုံ့က ကြုံးဝါးလိုက်၏။

နန်းကုန်းသက်က ဦးညွှတ်လိုက်၏။

ထို့နောက်...

သူက အလွန်အရေးကြီးသည့် လေသံမျိုးဖြင့်...

"သခင်မကြီး နန်းကုန်းစုဟာ အသက်သေဖို့များပါတယ်၊ ဒါပေမယ့်..."

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ချင်းစုလှုံ့ မျက်မှောင်ကြုတ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

နန်းကုန်းသက်က ဦးညွှတ်လိုက်၏။

"ဒါပေမယ့် ဝေ့ထင်းက အတွင်းအားနဲ့ ကုပေးမယ်လို ပြောပါတယ်၊ ဒါကြောင့် အမြန်ဆုံးတိုက်ခိုက် ချေမှုန်းရင် စိတ်ချရလိမ့်မယ်လို့ ထင်တယ်"

ချင်းစုလှုံ့ တွေဝေသွားသည်။

သူမက တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားလိုက်၏။

အတန်ကြာမှ...

ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေသည်။

"ကောင်းပြီလေ ... သွားကြတာပေါ့"

❀❀❀

ရွှေဓားဂိုဏ်း။

ရွှေဓားဂိုဏ်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

လူရိပ်လူရောင်ပင် မတွေ့ရချေ။

ထိုစဉ်...

ရွှေဓားဂိုဏ်းဌာနချုပ်ရှိရာသို့ လူတစ်စုချဉ်းကပ်လာနေသည်။

ထိုလူစု၏ လက်ထဲတွင် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြ၏။

သစ္စာဖောက် နန်းကုန်းသက်ပါဝင်သော ကျောက်နဂါးဂိုဏ်းမှ လူများပင် ဖြစ်သည်။

ယခု...

ချင်းစုလျှံသည် ရွှေဓားဂိုဏ်းအား အပြီးသတ်ချေမှုန်းရန် ရောက်ရှိလာပြီဖြစ်သည်။

အရာအားလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ချင်းစုလျှံတို့လူစုသည် ရွှေဓားဂိုဏ်း ဌာနချုပ်သို့ရောက်ရှိလာကြသည်။

ချင်းစုလျှံက ကျောက်နဂါး ဂိုဏ်းသားများအား လက်ဖြေယမ်းပြလိုက်သည်။

ထိုအခါ...



ကျောက်နဂါးဂိုဏ်းသားများသည် ချက်ချင်းဆိုသလိုပင် ရွှေဓားဂိုဏ်း ဌာနချုပ်တစ်ခုလုံးကို ဝိုင်းရံလိုက်ကြပြန်၏။

ထို့နောက်...

နန်းကုန်းသက်မှာ ဦးဆောင်၍ အဆောက်အအုံ ရှိရာသို့ ချဉ်းကပ်သွားသည်။

သူတို့သည် တဖြည်းဖြည်းနှင့်အဆောက်အအုံအနီးသို့ ရောက်ရှိလာသည်။

သို့သော်...

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်နေသည်ကို တွေ့ရှိကြရသည်။

အခြေအနေမှာ ထူးခြားနေ၏။

ချင်းစုလျှံ မျက်မှောင် ကြုတ်သွား၏။

သူမက ချက်ချင်းပင် လက်မြှောက်ပြပြီး သူ၏ အဖွဲ့သားအားလုံးတို့ကို ရပ်တန့်စေလိုက်သည်။

အားလုံးရပ်တန့်သွားကြသည်။

ချင်းစုလျှံက နန်းကုန်းသက် ဘက်လှည့်လိုက်သည်။

"ဘယ်လိုလဲ အခြေအနေက တစ်မျိုးကြီးကို ဖြစ်နေပါလား"

နန်းကုန်းသက်မျက်မှောင်ကြုတ်လိုက်၏။

ထို့နောက်...

သူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ဘယ်၊ အခြေအနေက အတော်ကိုထူးခြားနေတယ် ကျွန်တော်လဲ အံ့သြနေတယ်"

ချင်းစုလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဟာ မင်းတို့ဆင်ထားတဲ့ ထောင်ချောက်တော့ မဟုတ်နိုင်ပါဘူးနော်"

သူမ၏ လေသံတွင် နန်းကုန်းသက်အား မယုံသင်္ကာဖြစ်ပါနေ၏။

နန်းကုန်းသက် မျက်နှာပျက်သွား၏။

သူက ကပျာကယာ ငြင်းဆိုလိုက်သည်။

"စိတ်ချပါသခင်မကြီး၊ ကျွန်တော် မလိမ်ဝံ့ပါဘူး"

ချစ်စုလှျံ ကျေနပ်သွား၏။

သူမက ဦးခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြောလိုက်လေ၏။

"ဒါဖြင့် မင်းဦးဆောင်ဝင်ပါလား"

နန်းကုန်းသက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ"

သူသည် ပြောပြီးသည်နှင့် ဓားကို ဆွဲထုတ်လိုက်ပြီး အဆောက်အအုံထဲသို့ တဟုန်ထိုး ပြေးဝင်သွား၏။

သို့ရာတွင်...

"ဟင်..."

သူ အိမ်ထဲသို့ ဝင်ရောက်သွားသောအခါ လူတစ်ဦး တစ်ယောက်မျှ မတွေ့ရသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။

"ဘယ်ရောက်သွားကြပါလိမ့်"

သူက တီးတိုး ရေရွတ်လိုက်သည်။

ထို့နောက်...

အဆောက်အအုံ တစ်ခုလုံး လိုက်လံရှာဖွေကြည့်သည်။

သို့သော်...

မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။



သူသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေမိသည်။

ထိုစဉ်...

ချင်းစုလှျံနှင့် ဓားညီနောင်တို့သည် အဆောက်အအုံသို့ ဝင်ရောက်လာကြလေ၏။

"ဟင်..."

သူတို့သည်လည်း အဆောက်အအုံထဲ၌ လူသူတစ်စုံရာမျှ မတွေ့ရသည်ကို ကြည့်ကာ အံ့အားသင့်သွားကြသည်။

ချင်းစုလှျံ တအံ့တသြဖြင့် နန်းကုန်းသက်အား လှမ်းကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင်...

သူမက နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။

"ဘယ်လိုဖြစ်ကြတာလဲ"

နန်းကုန်းသက် ခေါင်းရှုပ်သွားသည်။

သူက ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ်လည်း မပြောတတ်တော့ဘူး"

ရုတ်တရက်...

သူသည် တစ်စုံတစ်ရာကို သတိရလာသည်။

"သိပြီ"

ချင်းစုလှျံက သူ့အားလှည့်ကြည့်လိုက်လေသည်။

နန်းကုန်းသက်က သဘောပေါက်စွာ ပြုံး၍...

သူတို့က သခင်မကြီးတို့ ဝင်တိုက်မှာကို ကြိုတင်တွက်ဆမိပြီး ခြေရာဖျောက်သွားကြတာ ဖြစ်မယ်"

ချင်းစုလှျံ တစ်ချက်စဉ်းစားလိုက်၏။

ထို့နောက်...

သူမက ခေါင်းညိတ်လိုက်၏။

"ဒါဖြစ်နိုင်တယ်"

တစ်ဆက်တည်းပင်...

သူမက နန်းကုန်းသက်အား ကြည့်လိုက်သည်။

"သူတို့ဌာနခွဲ ဘယ်မှာရှိတယ်ဆိုတာ မင်းသိမှာပေါ့"

နန်းကုန်းသက် တွေဝေသွား၏။

အတန်ကြာမှ...

သူက သတိရလာသည်။

"သိပါတယ်၊ သခင်မကြီးသာ ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါ"

ချင်းစုလျှံကပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေတော့သည်။

✿✿✿

စခန်းတစ်ခု။

ထိုစခန်းကား ရွှေဓားဂိုဏ်း၏ ဌာနခွဲပေတည်း။

ဤဌာနခွဲ ဤနေရာမှာ ရှိနေကြောင်းကို နန်းကုန်းစု၊ နန်းကုန်းသက်နှင့် ပေ့ဝမ်းတို့သာ သိထားကြ၏။

ထိုအဆောက်အအုံမှာ ကြီးမားခြင်း မရှိပါ။

သို့သော်...

အတန်ငယ် ကျယ်ဝန်းသည်။

အဆောက်အအုံ၏ အပြင်ဘက်တွင် ပန်းဥယျာဉ်လေးတစ်ခု ရှိသည်။



ထိုပန်းဥယျာဉ်လေးထဲ၌ ပန်းများက ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။

ဤအဆောက်အအုံအား အပြင်လူအနေဖြင့် ကြည့်လျှင် သူဌေး၊ သူကြွယ်တစ်ယောက်၏ အနားယူရန် ဆောက်လုပ်ထားသည့် ကပန်းခြံဂေဟာ တစ်ခုမျှသာ ဖြစ်သည်။

မှတ်ကြမည်သာ...

ထိုအဆောက်အအုံကို နန်းကုန်းစု၏ လူယုံတော်နှင့် အဘွားအိုတို့က တာဝန်ယူ၍ စောင့်ရှောက်ထားကြသည်။

ရွှေဓားဂိုဏ်းမှ လူများသည် မည်သည့်အခါမှ ဤနေရာသို့ မလာကြပါ။

အဆက်အသွယ်လည်း မရှိကြပါ။

ဤနေရာသည် ဌာနခွဲဖြစ်သည်ကိုလည်း မသိကြပါ။

ထို့ကြောင့်လည်း...

သိုင်းလောကသားများသည် ယင်းအဆောက်အအုံမှာ ရွှေဓားဂိုဏ်း၏ လျှို့ဝှက်ဌာနခွဲ ဖြစ်သည်ကို မည်သူကမျှ မသိရှိကြခြင်း ဖြစ်ပါသည်။

သို့သော်...

ယခုအခါတွင်မူ...

✿✿✿

နန်းကုန်းသက်သည် နန်းကုန်းစုပြောကြားဘူးသော စကားကို ပြန်လည်ကြား ယောင်လာမိ၏။

ထိုအချိန်က...

သူ့အသက်နှစ်ဆယ်ပြည့်နှစ်တွင် ဖြစ်သည်။

နန်းကုန်းစုက သူ့အား ဓားပညာပြသပြီးနောက်…

ဤနေရာသို့ ခေါ်ဆောင်လာဘူးသည်။

"ဘယ်ဂိုဏ်းဘယ်အဖွဲ့အစည်းမဆို ရန်သူရှိတယ်၊ ဒါကြောင့် အန္တရာယ်နဲ့ အချိန်မရွေးကြုံတွေ့ရမှာပဲ၊ တကယ်လို့ အသက်ဘေး အန္တရာယ်နဲ့ ကြုံတွေ့တဲ့အခါမှာ ရှောင်တိမ်းနိုင်ဖို့ ဖေဖေက ဒီအဆောက်အအုံကို ဝယ်ယူပြီး ကြိုတင်ပြင်ဆင်ထားတယ်၊ တကယ်လို့များ ရွှေဓားဂိုဏ်းမှာ ဘေးအန္တရာယ် တစ်ခုခုနဲ့ ရင်ဆိုင်ရရင် ဒီကိုလာပြီး ရှောင်တိမ်းပါ၊ ဒါဆိုရင် အနှောင့်အယှက် ကင်းကွာမယ်"

နန်းကုန်းစုက အထက်ပါအတိုင်းသူ့အား ပြောဆိုခဲ့ဖူးသည်။

နန်းကုန်းသက် ထိုစကားအား ကြားယောင်မိပြီး…

ဤနေရာသို့ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ချင်းစုလျှံနှင့် သူမ၏ လူစုများသည် ထိုအဆောက်အအုံကို ဝိုင်းရံထားလိုက်ကြသည်။

အစီအစဉ်တကျ ဝိုင်းရံပြီးသောအခါ ချင်းစုလျှံက နန်းကုန်းသက်အား မျက်ရိပ်ပြလိုက်သည် နန်းကုန်းသက် ခေါင်းညိတ်လိုက်၏။

ထို့နောက်…

သူက စံအိမ်တံခါးကို ခေါက်လိုက်သည်။

"ဘဘသို့ရာတွင်…တံခါးလာဖွင့်ပါ"

သူ၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်…

အတွင်းဘက်မှ တုန့်ပြန်သံ မကြားရချေ။

နန်းကုန်းသက် မျက်မှောင်ကြုတ်လိုက်၏။



"ဘဘသို့ရာတွင်…တံခါးဖွင့်ပါ"

သူကထပ်မံ ခေါ်လိုက်သည်။

အတွင်းဘက်မှ ပကတိ တိတ်ဆိတ်နေ၏။

သူက အကြိမ်ကြိမ်ခေါ်သော်လည်း တံခါးလာဖွင့်ပေးခြင်း မရှိချေ။

ထိုအခါ…

နန်းကုန်းသက်မှာ ဒေါသထွက်လာသည်။

ထို့ကြောင့်…

သူသည် စိတ်မရှည်နိုင်တော့ဘဲ ခြေထောက်ဖြင့် တအားကန်ကျောက်လိုက်၏။

"ဝုန်း…"

တံခါးသည် မင်းတုံး ထိုးမထားသဖြင့် ဝုန်းခနဲပွင့်သွားတော့သည်။

နန်းကုန်းသက်က အခြေအနေအား အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်…

အဆောက်အအုံထဲသို့ တဟုန်ထိုးပြေးဝင်သွားသည်။

"ဟင်…"

အဆောက်အအုံ၏ အတွင်းဘက်ပိုင်းသို့ ရောက်ရှိလာသောအခါ သူ၏မျက်လုံးမှာပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်…

အဆောက်အအုံတစ်ခုလုံး တိတ်ဆိတ်ခြင်းမက ဆိတ်ဆိတ်နေသောကြောင့်သတည်း။

ထို့အပြင်…

လူရိပ် လူယောင်လည်း မတွေ့ရချေ။

နန်းကုန်းသက်က အော်ဟစ်လိုက်သည်။

"ဇေထင်း … မင်း သတ္တိရှိရင်ထွက်ခဲ့"

သူ၏ အသံအဆောက်အအုံထဲ၌ ဟိန်းထွက်လာသည်။

တုန့်ပြန်သံ လုံးဝမကြားရချေ။

သူ၏ အသံများသာ အဆောက်အအုံ တစ်ခုလုံးပဲ့တင်ထပ်ကာ ဟိန်းထွက်လာသည်။

ထိုစဉ် …

ဓားညီနောင် ဝင်ရောက်လာသည်။

သူတို့၏ နောက်မှ ချင်းစုလျှံ လိုက်ပါလာသည်။

သူတို့သည် အဆောက်အအုံတစ်ခုလုံး ရှာဖွေကြည့်သော်လည်း လူရိပ်ပင်မတွေ့ရပါ။

ချင်းစုလျှံက ရယ်မောလိုက်၏။

"နန်းကုန်းစုက ငါလာမယ်ဆိုတာ သိလို့ရှောင်သွားတာပဲ၊ ဒါကြောင့် သူတို့ ဂိုဏ်းသားတွေ တစ်ယောက်မှ မတွေ့ရတာ …"

နန်းကုန်းသက် စိတ်ပျက်သွား၏။

"ဒင်းတို့ ဘယ်အထိပြေးမလဲ၊ ပြောစမ်း … ကျုပ်ကတော့ ရအောင်ရှာမှာဘဲ"

သူက မချင့်မရဲ ကြုံးဝါးလိုက်၏။

သူတို့ လေးယောက်သည် အဆောက်အအုံထဲမှ ထွက်လာကြသည်။

သို့သော် …

တံခါးဝသို့ ရောက်ရှိလာသောအခါ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားကြ၏။



အဘယ်ကြောင့်ဆိုသော် …

တံခါးပေါက်သည် မည်သည့်အချိန်ကမှန်းမသိ ပြန်လည်ပိတ်သွားပြီ ဖြစ်သောကြောင့်ပေတည်း။

"ဟင် …"

"ဟာ …"

သူတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

ချက်ချင်းပင် သူတို့သည် ဝင်းခြံကြီးထဲမှ ထွက်နိုင်ရန် သွေးရူးသွေးတန်း ကြိုးစားကြတော့သည်။

သို့ရာတွင် …

မြင့်မားသော သံတိုင်များက သူတို့အား အချည်းနှီး၊ မကြိုးစားရန် သတိပေးနေသလိုရှိသည်။

သူတို့သည် ခြံဝင်းအတွင်း ပိတ်မိနေချေပြီ။

ချင်းစုလျှံ စိတ်ဓာတ်ကျသွား၏။

ထိုစဉ် …

"ဟေး …"

"ယား …"

ခြံဝင်းအတွင်း လေးဘက်လေးတန်မှ ဆူညံသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချင်းစုလျှံ မျက်မှောင်ကြုတ်သွားသည်။

ဘာဖြစ်တာပါလိမ့် …

သူမက တီးတိုးရေရွတ်လိုက်၏။

ထို့နောက် …

သူမသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။

ထိုအခါ…

"ဟင် …"

ချင်းစုလှိုင် မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

အဘယ်ကြောင့်ဆိုသော်…

မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိသော ရွှေအားကိုဏ်းသားများသည် ကျောက်နဂါးဂိုဏ်းသားများအား တရကြမ်း ထိုးနက်တိုက်ခိုက်နေသည်ကို မြင်လိုက်သောကြောင့်တည်း။

"ဝုန်း …"

"အား …"

"အောင်မယ်လေး"

"အွန့် …"

ကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။

မမျှော်လင့်သော တိုက်ခိုက်မှုကို ခံလိုက်ကြရသော ကျောက်နဂါးဂိုဏ်းသားများမှာ ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

ရွှေအားဂိုဏ်းသားများမှာ ရှုပ်ရှုပ်ချွံချွံဖြင့် တရကြမ်းတိုက်ခိုက်နေကြ၏။

ကျောက်နဂါးဂိုဏ်းသားများမှာကား မရှုမလှ အရေးနိမ့်လျက်ရှိသည်။

ချင်းစုလှိုင်၏ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ထွက်လာသည်။

သူမ၏ ဂိုဏ်းသားများအတွက်လည်း စိုးရိမ်မိသည်။

သူမ၏ ဂိုဏ်းသားများသည် ရွှေအားဂိုဏ်းသားများထက် အရည်အသွေး မညံ့ကြောင်း သူမသိရှိသည်။



သို့သော်…

ဦးဆောင်ညွှန်ကြားမည့်သူ မရှိသဖြင့် တိုက်ခိုက်ရည်စွမ်းရည်များ မြင့်တက်လာမည် မဟုတ်ပါချေ။

ထိုအချက်ကို တွေးမိကာ သူမ စိုးရိမ်မကင်းဖြစ်လာသည်။

သူမ ထင်မှတ်ထားသည့်အတိုင်းပင် ကျောက်နဂါးဂိုဏ်းသားများသည် ဦးဆောင်ညွှန်ကြားမည့်သူ မရှိသဖြင့် ဖရိုဖရဲ ဖြစ်သလို တိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရတော့သည်။

"ဝုန်း …"

"အား …"

"အောင်မယ်လေး"

ကျောက်နဂါးဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက် မြေပေါ်လဲကျကုန်သည်။

တိုက်ပွဲကား တဖြည်းဖြည်း ပြင်းထန်လာသည်။

ကျောက်နဂါးဂိုဏ်းသားများမှာ စုစည်းမှု ပျက်ယွင်းပြီး တစ်စထက်တစ်စ အရေးနိမ့်လာကြသည်။

ထိုအချင်းအရာကို မြင်တွေ့နေရသော ချင်းစုလှိုင် ဒေါသအမျက်ခြောင်းခြောင်း ထွက်လာလေတော့သည်။

"တောက် …"

သူမက ဒေါသတကြီး တက်ခေါက်လိုက်၏။

တစ်ဆက်တည်းမှာပင်…

လက်သီးကို ကျစ်ကျစ်ပါအောင်အုပ်ပြီး …

"နန်းကုန်းစု မင်းကိုသတ်ရမှ ငါကျေနပ်မယ်"

ချင်းစုလှိုင်တို့သည် ခြံဝင်းအတွင်း ပိတ်မိနေပေသည်။

နန်းကုန်းသက်သည် ခြံဝင်းသံတိုင်များကို ဖွင့်ရန်ခလုတ်များလိုက်ရှာနေ၏။

သို့သော်...

အချိန်သာကုန်သွားသည် ဖွင့်ရမည့် လျှို့ဝှက်ခလုတ် လုံးဝရှာမတွေ့ပါ။

နန်းကုန်းသက် ဇီ-က်ပျက်သွား၏။

သူသည်လက်မှိုင်ချကာ နရံကိုသာအဓိပ္ပာယ်မဲ့စွာ ကြည့်လိုက်မိသည်။

ထိုအခါ...

သူ၏ မျက်လုံးအစုံမှာ ပြန်လည်ဝင်းလက်လာလေသည်။

သူ၏ မျက်လုံးအစုံသည် နရံပေါ်မှာ ချိတ်ထားသော ကျားခေါင်းရုပ်သို့ ရောက်ရှိသွားသည်။

သူ၏ ရင်ထဲတစ်ချက် လှုပ်ရှားသွားသည်။

"အင်း ... ဒါဟာလျှို့ဝှက် ခလုတ်ပဲ ဖြစ်ရယ်"

သူက စိတ်ထဲမှ မှတ်ချက်ချလိုက်၏။

ထို့နောက်...

ကျားခေါင်းရုပ်ရှိရာသို့ လျှင်မြန်စွာ ခုန်ဝင်သွား၏။

သူသည် ကျားခေါင်းရုပ်ကို လက်ဖြင့် ဟိုစမ်းသည်စမ်းကာ ခလုတ်များကို လိုက်ရှာကြည့်သည်။

သို့သော်...

လျှို့ဝှက်ခလုတ်ကို မတွေ့ရချေ။

နန်းကုန်းသက်က ကျားခေါင်းရုပ်အား သေသေချာချာ လေ့လာကြည့်လိုက်သည်။



ထိုအခါ...

ကျားရုပ်၏ ပါးစပ်ထဲ၌ လက်ကိုကွင်းသေးသေးလေး တစ်ခု ရှိနေသည်ကို တွေ့လိုက်ရသည်။

သူ ဘာစဉ်းစား မနေတော့ဘဲ ထိုလက်ကိုင်ကွင်းအား ဆွဲလိုက်လေတော့သည်။

"ဂျိမ်း"

ရုတ်တရက် ကျယ်လောင်သော အသံနှင့်အတူ သံတိုင်များ ပွင့်ထွက်သွားသည်။

ချင်းစုလျှံတို့သည် ခြံဝင်းအပြင်သို့ ဒရောသောပါး ပြေးထွက်သွားကြလေ၏။

ရွှေဓားဂိုဏ်းသားများကား ရုတ်ခြည်း ပျောက်ကွယ်သွားကြလေပြီ။

ချင်းစုလျှံက သူမ၏ အဖွဲ့သားများအား စစ်ဆေးကြည့်လိုက်သောအခါ အချို့ သေဆုံးပြီး သုံးပုံနှစ်ပုံခန့် ဒဏ်ရာရရှိသွားသည်ကို တွေ့ရသည်။

ချင်းစုလျှံ ဒေါသအမျက် ချောင်းချောင်းထွက်နေသည်။

သူမ၏ မျက်နှာတစ်ခုလုံးတင်းမာ ခက်ထန်နေ၏။

သူမက အံတင်းတင်းကြိတ်လိုက်ပြီး...

"ရွှေဓားဂိုဏ်းကို အမှုန့်ချေပစ်မယ်ဟေ့"

ကျယ်လောင်သော လေသံဖြင့် ကြုံးဝါးလိုက်လေတော့သည်။

✿✿✿

## အခန်း(၆၀)

# အမှန်တရား၏ အောင်ပွဲ

ကျောက်နဂါးဂိုဏ်းနှင့် ရွှေစားဂိုဏ်းတို့ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ပွားနေသော နေရာနှင့် သုံးမိုင်ခန့် အကွာတွင် စိမ်းလန်းစိုပြည်သော တောင်ကုန်းတစ်ခုအား တွေ့မြင်ရမည် ဖြစ်သည်။

ထိုတောင်ကုန်း၏ ခြေရင်းတွင် လိုဏ်ဂူတစ်ခုရှိသည်။

လိုဏ်ဂူဝကို ရှည်လျားသော မြက်ပင်များကဖုံးကွယ်ထားသဖြင့် ထိုလိုဏ်ဂူအား တွေ့မြင်ရန် ခက်ခဲသည်။

ထိုလိုဏ်ဂူအတွင်း နန်းကုန်းစုတို့လူစု ရောက်ရှိနေ၏။

လိုဏ်ဂူ၏အတွင်းပိုင်းမှာ အတော်ပင်ကျယ်ဝန်းနေပေသည်။

ပစ္စည်းပစ္စယများကို ပြည့်စုံစွာ ထားနိုင်၏။

ထို့ကြောင့်လည်း...

သောက်သုံးရေများနှင့် စားနပ်ရိက္ခာများ ပြည့်လျှံစွာရှိနေသည်ကို တွေ့ရှိရသည်။

ဤလိုဏ်ဂူထဲတွင် ဝေထင်းက နန်းကုန်းစုအား အတွင်းအားဖြင့် ဒဏ်ရာများကို ကုသပေးနေခြင်း ဖြစ်သည်။



သူသည် သုံးရက်သုံးညတိုင်တိုင် နန်းကုန်းစု၏ ဒဏ်ရာများကို ကုသပေးခဲ့သည်။

လေးရက်မြောက်သော နေ့တွင် နန်းကုန်းစု၏ ခန္ဓာကိုယ်ထဲတွင် စိမ့်ဝင်နေသော ရေခဲအဆိပ်များအား အပြင်သို့ ဖယ်ထုတ်နိုင်ခဲ့လေသည်။

ဝေထင်း၏ အပင်ပန်းခံမှု၊ မနားမနေကုသပေးမှုတို့ကြောင့် နန်းကုန်းစု၏ ကိုယ်ခန္ဓာထဲမှ အဆိပ်များ အကုန်လုံး ထွက်ကုန်သည်။

ထိုအခါ...

နန်းကုန်းစုသည် လူကောင်းပကတိဖြစ်စ ပြုလာလေတော့သည်။

အထူးသဖြင့်...

သူသည် သိုင်းပညာအဆင့်မြင့်သော သိုင်းသမားတစ်ယောက်ဖြစ်သောကြောင့် ခုနစ်ရက်မြောက်နေ့တွင် လုံးဝလူကောင်း ပကတိပြန်ဖြစ်သွားခဲ့သည်။ အားလုံးသော လူများသည် နန်းကုန်းစု ဒဏ်ရာပျောက်ကင်းသွားသည်ကို တွေ့ရသောအခါ ဝမ်းသာပီတိဖြစ်သွားကြသည်။

နန်းကုန်းစု ဝေထင်း၏ ပခုံးအား ပုတ်လိုက်လေ၏။

သူသည် သားဖြစ်သူအား ကျေးဇူးတင်ချီးကျူး စကားပြောလိုက်၏။

“အခုလို ဖေဖေရဲ့ အသက်ကို ကယ်တင်တဲ့အတွက် ဝမ်းသာပါတယ်ကွာ”

ဝေထင်း လှိုက်လဲစွာပြုံးလိုက်၏။

ထို့နောက်...

သားအဖနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မွေ့ဖက်လိုက်ကြသည်။

အတန်ကြာမှ...

ဇေ့ထင်းက ပေ့ဝမ်းဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

"အဘ ဒီရက်တွေမှာ ဖေဖေ့ဒဏ်ရာတွေကိုပဲ ဂရုစိုက် ကုသပေးနေတဲ့အတွက် အပြင်လောကရဲ့ အခြေအနေကို ကျွန်တော် လုံးဝမသိဘူး ဖြစ်နေတယ်၊ ဘာများထူးခြားသလဲဟင်"

ပေ့ဝမ်း ပြုံးလိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံး ဝင့်ကြွားသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

သူက လေသံအေးအေးဖြင့်...

"ငါက ချင်းစုလျှံတို့ကို ထောင်ချောက်ဆင်အရူးလုပ်လိုက်တဲ့ အပြင် ကျောက်နဂါးဂိုဏ်းသား သုံးပုံတစ်ပုံလောက်ကို ချေမှုန်းပစ် လိုက်နိုင်တယ်ကွယ့်"

ပေ့ဝမ်းက ဂုဏ်ယူစွာ ပြောလိုက်သည်။

နန်းကုန်းစုမှာ ပေ့ဝမ်း၏ စကားကြောင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

ထို့နောက်...

ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ဒါကြောင့် ငါသားကို အားကိုးတာ"

နန်းကုန်းစုက ချီးကျူးစကားဆိုလိုက်၏။

ပေ့ဝမ်းက...

"ကျုပ်က တော်လွန်းလို့ မဟုတ်ပါဘူး၊ သူတို့က ကျုပ်ဆင် ထားတဲ့ ထောင်ချောက်အတွင်း ဝင်လာလို့သာ ဆုံးမနိုင်ခဲ့တာပါ"



နန်းကုန်းစု ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျောက်နဂါးဂိုဏ်း မရှုမလှဖြစ်သွားတာပဲ မဟုတ်လား"

"ဟား ... ဟား ... ဟား "

သူတို့သည် သဘောကျစွာဖြင့် ရယ်မောလိုက်လေ၏။

အတန်ကြာမှ ...

ပေ့ဝမ်းက အရေးတကြီး လေသံဖြင့် ပြောလေ၏။

"ဂိုဏ်းချုပ်ကြီးကို ကျုပ်စိတ်မကောင်းစရာသတင်း တစ်ခု ပြောရဦးမယ်"

နန်းကုန်းစု စိတ်ဝင်စားသွားသည်။

သူက ဦးခေါင်းဆတ်ခနဲ ညိတ်လိုက်၏။

"ပြောပါ ဘာများလဲ"

"အင်း ... "

ပေ့ဝမ်းက သက်ပြင်း တစ်ချက်လေးဖင့်စွာ ချလိုက်လေသည်။

ထို့နောက်...

သူက စိတ်မသက်မသာစွာဖြင့်...

ချင်းစုလျှံတို့လူစုလာပြီး တိုက်ခိုက်တုန်းက ရန်သူတွေကို နန်းကုန်းသက်ကိုယ်တိုင် ဦးဆောင်လာပါတယ်"

နန်းကုန်းစုက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံးမှာ တင်းမာကာက်ထန်၍ နေပေသည်။

"နန်းကုန်းသက် မင်းက ဒီလောက်တောင် ယုတ်မာနေတာ ကိုး"

သူက ကျိတ်မနိုင်ခဲမရ ရေရွတ်လိုက်လေသည်။

ထို့နောက်...

သူက အံကြိတ်၍ ပေ့ဝမ်းအား ခေါ်လိုက်သည်။

"ပေ့ဝမ်း ..."

ပေ့ဝမ်း ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

နန်းကုန်းစုက လေးနက်စွာဖြင့် အမိန့်ပေးလိုက်လေသည်။

"လာမယ့်လပြည့်ညကျရင် ကျောက်နဂါးဂိုဏ်းကို ချီတက်တိုက်ခိုက်မယ်၊ အားလုံးကို အဆင်သင့်ပြင်ထားပါ"

နန်းကုန်းစုက တစ်ချက်လွှတ် အမိန့်ထုတ်ပြန်လိုက်လေသည်။

ပေ့ဝမ်း ခေါင်းညိတ်လိုက်၏။

ထို့နောက် ...

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး"

"ပေ့ယို့ချင်းက ဝေ့ထင်းထံ ချဉ်းကပ်သွားသည်။

ထို့နောက်...

သူမက ချစ်စဖွယ်ပြုံးရင်း ...

"အစ်ကို ကျောက်နဂါးဂိုဏ်းကို ချေမှုန်းဖို့သွားတဲ့အခါ ကျွန်မလဲ လိုက်ချင်တယ်"

ဝေ့ထင်း တစ်ချက်စဉ်းစားလိုက်သည်။

အတန်ကြာမှ...

သူက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူးထင်တယ်"

ပေ့ယို့ချင်း မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ဝေ့ထင်း ပြုံးလိုက်သည်။



"မင်းအတွက် ရာယ်ဖြစ်မှာစိုးလို့ပေါ့"

ပေ့ယို့ချင်းမှာ ဝေ့ထင်း၏စကားကြောင့် ရင်ထဲကြည်နူးသွားမိ၏။

သို့သော်...

သူမက နှုတ်ခမ်း စူပစ်လိုက်ကာ...

"ကျွန်မရဲ့သိုင်းပညာဟာ အညံ့ကြီးမဟုတ်သေးပါဘူး၊ ရန်သူကိုတော့ ကောင်းကောင်း ရင်ဆိုင်နိုင်ပါတယ်နော်"

ဝေ့ထင်း ပါးစပ်ပိတ်ထားလိုက်၏။

ပေ့ယို့ချင်းက...

"အစ်ကိုဝေ့ထင်း ကျွန်မလဲ လိုက်ခဲ့မယ်နော်"

ဝေ့ထင်း ပခုံးတွန့်လိုက်သည်။

"ငါ့ကို ပြောလို့မဖြစ်ဘူး၊ ညီမရဲ့အဖေကို ပြောမှဖြစ်မယ်"

ဝေ့ထင်းက ပေယို့ချင်းအား ကျီစယ်လိုသည့် လေသံဖြင့် ပြောလိုက်သည်။

ပေ့ယို့ချင်း ခြေဆောင့်လိုက်၏။

"တော််ပြီ ဘယ်သူမှ မပြောတော့ဘူး၊ ကျွန်မဘာသာကျွန်မလိုက်မယ်"

"ဟား ... ဟား ... ဟား "

"ဟား ... ဟား ... ဟား "

သူတို့နှစ်ယောက်၏ အဖြစ်ကို ကြည့်ကာ ပေ့ဝမ်းနှင့် နန်းကုန်းစုတို့သည် ပြိုင်တူရယ်မောလိုက်ကြတော့သည်။

✿✿✿

လပြည့်နေ့....

ဤနေ့သည် လပြည့်နေ့ဖြစ်သည်။

ကောင်းကင်တွင် တိမ်ကင်းစင်၍ လဝန်းကထိန်ထိန်သာနေသည်။

လရောင်သည် ဝန်းကျင်အနှံ့ ဖြာကျနေသည်။

လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံးအား သဲကွဲစွာ မြင်နိုင်သည်။

ကျောက်နဂါးဂိုဏ်သည် လရောင်အောက်တွင် တိတ်ဆိတ်စွာဖြင့်ရှိနေသည်။

ညဉ့်နက်ပြီဖြစ်သောကြောင့် ကျောက်နဂါးဂိုဏ်းတစ်ခုလုံး တိတ်ဆိတ်မှုက ကြီးစိုးနေ၏။

ထိုအချိန်တွင်...

လူတစ်စုသည် ကျောက်နဂါးဂိုဏ်းရှိရာသို့ တရွေ့ရွေ့ဖြင့် ချဉ်းကပ်လာနေကြသည်။

လရောင်ဖြင့် ထိုလူစု၏ လက်ထဲတွင် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြကြောင်း တွေ့မြင်ရသည်။

ထိုလူစုမှာ ကျောက်နဂါးဂိုဏ်းအား ဖြိုခွဲရန်ရောက်ရှိလာကြသော ရွှေဓားဂိုဏ်းသားများပင်တည်း။

နန်းကုန်းစု၏ ဦးဆောင်မှုဖြင့် ရွှေဓားဂိုဏ်းသားများသည် ကျောက်နဂါးဂိုဏ်းဌာနချုပ်ရှိရာသို့ တစ်ရွေ့ရွေ့ ချဉ်းကပ်လာကြသည်။

သူတို့ အဆောက်အအုံအနီးသို့ ရောက်ရှိလာသည်နှင့် နန်းကုန်းစုက အော်ဟစ်အမိန့်ပေးလိုက်သည်။

"တိုက် ..."



သူ၏အမိန့်သံဆုံးသည်နှင့်

"ယား ..."

"ကျား ..."

ရွှေဓားဂိုဏ်းသားများက ညာသံကိုယ်စီပေးကာ တွေ့သမျှ ရန်သူတို့အား တရကြမ်းဝင်ရောက်ထိုးခုတ် တိုက်ခိုက်ကြတော့၏။

"ဝုန်း ..."

"အား ..."

"အွန့် ..."

"အောင်မယ်လေး ..."

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်။

တိတ်ဆိတ်သော ညဉ့်ယံတွင်လက်နက်ချင်း ထိသံအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

✿✿✿

"ဝုန်း ..."

"အား ..."

"အောင်မယ်လေး ..."

ကျယ်လောင်စူးရှသော အသံများထွက်ပေါ်လာ၏။

မမျှော်လင့်ထားသော တိုက်ခိုက်ခံရမှုကြောင့် ကျောက်နဂါးဂိုဏ်းသားများမှာ ရွှေဓားဂိုဏ်း၏ လက်ချက်ဖြင့် အတုံးအရုန်း ကျဆုံးကုန်သည်။

ကျောက်နဂါးဂိုဏ်းသားလူအချို့သည် အချို့က အိပ်ရာထဲမှာရှိသေးသည်။

တိုက်ခိုက်သံများ အော်ဟစ်သံများ ကြားမှာ ကမန်းကတန်း ထကာ ပြေးလွှားထလာကြသည်။

သို့သော်...

"ဝုန်း ..."

"အား ..."

"အောင်မယ်လေး ..."

ရွှေဓားဂိုဏ်းသားများ၏ တိုက်ခိုက်မှုကြောင့် တာ်ခဏချင်းပင် ကျဆုံးကုန်သည်။

ထိုစဉ်မှာပင်...

"ဝုန်း ..."

"ဝုန်း ..."

ရွှေဓားဂိုဏ်းသားများက အဆောက်အအုံတံခါးများကို ရိုက်ချိုးကာ အဆောက်အအုံအတွင်းသို့ ဝင်ရောက်လာကြသောကြောင့် ကျောက်နဂါးဂိုဏ်းသားများမှာ တိုက်ခိုက်ရန်ပင် သတိမရကြတော့ဘဲ ထွက်ပြေးကြလေတော့သည်။

ပြင်းထန်သော တိုက်ပွဲ ရုတ်တရက် ဖြစ်ပေါ်လာပြီး

တစ်ခဏချင်းပင် ပြင်းထန်သော တိုက်ပွဲအရှိန် လျှော့ကျသွားခဲ့ပေသည်။

ကျောက်နဂါးဂိုဏ်းသားများမှာ သေသူသေ၊ ဒဏ်ရာရသူရပြီး ထွက်ပြေးသူ ထွက်ပြေးနှင့် ရှုံးနိမ့်ကြကုန်တော့၏။

နန်းကုန်းသက်နှင့် ချင်းစုလျှံတို့က ရွှေဓားဂိုဏ်းသားများ ဝင်ရောက်တိုက်ခိုက်သည်ကို ကြားရသဖြင့် အိပ်ရာထဲမှ ကမန်းကတန်း ထလာပြီးလျှင် ပြေးထွက်လာကြသည်။



ထိုအခါ...

ချင်းစုလျှံက နန်းကုန်းသက်အား အမိန့်ပေးလိုက်သည်။

"နန်းကုန်းသက် မင်းက ဇေထင်းကို လိုက်ရှာပြီး ရင်ဆိုင်လိုက်၊ ငါ နန်းကုန်းစုနဲ့ ရင်ဆိုင်မယ်"

နန်းကုန်းသက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ထို့နောက်...

သူက ခါးကြားမှ ဓားကို ဆွဲထုတ်ကာပြေးထွက်သွားလေသည်။

ဓားညီနောင်ကလည်း လက်နက်ကိုယ်စီဆွဲကာ နောက်မှလိုက်သွားကြလေ၏။

သူတို့သည် ပြင်ပဘက်သို့ ပြေးထွက်လာခဲ့၏။

သို့သော်...

အပေါက်ဝသို့ အရောက်တွင် ခြေလှမ်းများ ဖြိုင်တူရပ်တန့်သွားကြသည်။

အဘယ်ကြောင့်ဆိုသော်...

အပေါက်ဝတွင် နန်းကုန်းစု၊ မေ့ဝမ်းနှင့် ဇေထင်းတို့ ရပ်နေ သည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

နန်းကုန်းစုအား တွေ့မြင်လိုက်ရသောအခါ ချင်းစုလျှံ၏ မျက်နှာတင်းမာခက်ထန် သွား၏။

သူမ အံတင်းတင်း ကြိတ်ထားလိုက်သည်။

ထို့နောက်...

နန်းကုန်းစုထံသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

"ရှင်နဲ့ ကျွန်မ သည်နေ့ စာရင်းအပြတ်ရှင်းရလိမ့်မယ်"

သူ၏ လေသံက အေးစက်တင်းမာလှပေသည်။

နန်းကုန်းစု၏ မျက်နှာက တည်ကြည်လေးနက်၍နေသည်။

သူက ချင်းစုလျှံအား စူးစိုက်ကြည့်ကာ ခေါင်းညိတ်လက်ခံလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျုပ်လဲ ရှင်းချင်နေတာပါ"

ချင်းစုလျှံ ပြုံးလိုက်သည်။

သူမ၏ အပြုံးတွင် လှောင်ပြောင်မှုများ၊ ရောယှက်၍နေ၏။

"ရှင်ဟာ ကျွန်မကို ရင်ဆိုင်တိုင်း အမြဲတမ်း ရှုံးနေကျပါ၊ အခုလဲ ရှင်မသေရင် ကံကောင်းတယ်မှတ်ပါ"

သူမက ခြိမ်းခြောက် ပြောဆိုလိုက်၏။

"ဟား ... ဟား ... ဟား"

သူမ၏ စကားကြားလိုက်ရသောအခါ နန်းကုန်းစု သဘောကျစွာ ရယ်မောလိုက်၏။

အတန်ကြာမှ...

သူက ရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး ...

"တစ်ခါလေ နိုင်တာနဲ့ ဘဝင်မြင့်မနေစမ်းပါနဲ့၊ ကျုပ်တတ်မြောက်ထားတဲ့သိုင်းပညာက အစစ်အမှန်ပါ၊ ခင်ဗျားလို ယုတ်မာပြီး အောက်တန်းကျတဲ့ အဆိပ်တွေကို မသုံးဘူး၊ မင်းနိုင်ခဲ့တာလည်း ကျုပ်ကပေါ့ပေါ့တန်တန် သဘောထားခဲ့လို့ပါ၊ သည်နေ့တော့ ကျုပ်က မင်းရဲ့ ယုတ်မာမှုတွေကို အဆုံးသတ်ပေးလိုက်ပါမယ်"

သူသည် ပြောပြီး ဓားဆွဲထုတ်လိုက်၏။

ဓား၏ အေးစိမ့်သောအငွေ့အသက်များသည် ဝန်းကျင်အနှံ့လွှင့်ပျံ့သွားသည်ဟု ထင်ရပေသည်။

ချင်းစုလျှံ မဲ့ပြုံးပြုံးလိုက်၏။



"ကျွန်မကလဲ ရှင့်ကို သည်တစ်ခါအပြီးတိုင် သုတ်သင်ပစ်ပါမယ်"

စကားဆုံးလျှင် သူမက စတင်တိုက်ခိုက်လိုက်၏။

နန်းကုန်းစုက ဓားကိုဝှေ့ယမ်းလိုက်၏။

ထို့နောက်...

"ယား ..."

ညာသံပေးကာ ရွှေဓားသိုင်းပညာရပ်များကို အကွက်ကျကျ ထုတ်ဖော် အသုံးပြုတိုက်ခိုက် လိုက်လေတော့သည်။

နန်းကုန်းသက်နှင့် ဝေထင်းတို့သည် မျက်နှာချင်းဆိုင်ရပ်နေကြ၏။

သူတို့သည် စကားမပြောကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်ကြည့်နေ၏။

ဝေထင်း၏ ဓားကိုင်ပုံအနေအထားမှာ ရွှေဓားဂိုဏ်း၏ သိုင်းဟန်ပင်ဖြစ်သည်။

နန်းကုန်းသက်၏ ဓားကိုင်ပုံကမူ တမူထူးခြားနေသည်။

နန်းကုန်းသက်ဓားကိုင်ထားသည့် ပုံစံကို ကြည့်ရုံဖြင့် ဝေထင်း ကပြုံးမိ၏။

ရင်ထဲ၌မူ သတိကြီးစွာထားမှ ဖြစ်မည်ဟု မှတ်ချက်ချမိသည်။

အမှန်စင်စစ် ...

နန်းကုန်းသက်သည် အတုမဲ့ဓားသိုင်းပညာကို ရရှိထားသည်ဟု ဝေထင်းနားလည်ထားလေသည် မဟုတ်ပါလား။

ထို့ကြောင့်...

သူသည် သတိကြီးစွာဖြင့်အကဲခတ် ကြည့်ရှုနေခြင်း ဖြစ်၏။

ထိုစဉ်…

"ယား …"

နန်းကုန်းသက် ညာသံပေးပြီးသည်နှင့် ဓားကိုယမ်းကာ ဝေ့ထင်းအား တိုက်ခိုက်လာ၏။

ဝေ့ထင်းကလည်း အညံ့မခံဘဲ ပြန်လည်ခုခံလိုက်သည်။

သိုင်းကွက်နှစ်ဆယ်ကျော်မျှ ယှဉ်ပြိုင်လိုက်သောအခါ ဝေ့ထင်း အရေးနိမ့်စ ပြုလာတော့သည်။

သူက အခြေအနေ မဟန်မှန်း ရိပ်မိလိုက်၏။

ထို့ကြောင့်…

မိုးဓားနှင့် ငရဲဓားသိုင်းကွက်များကို ပြောင်းလဲကာဖော် ထုတ်အသုံးပြု တိုက်ခိုက်လိုက်လေတော့သည်။

ပေ့ဝမ်းမှာမူ ဓားညီနောင်နှင့် ရင်ဆိုင်လိုက်သည်။

ပေ့ဝမ်းက စကားမပြောပါ။

ဓားညီနောင်တို့ကလည်း စကားမပြောပါ။

သူတို့သုံးယောက်သည် စက်ဝိုင်းပုံသဏ္ဍာန်ဖြင့် တိုက်ခိုက်ကြ ရာ သိုင်းကွက်ငါးဆယ်ကျော်မျှ တိုက်ခိုက်လိုက်သည်နှင့် ပေ့ဝမ်း၏ လက်မောင်းမှာ ဓားတစ်ချက်ထိသွား၏။

ပေ့ဝမ်းမှာ ဓားတစ်ချက်ထိသွား၏။

သူကအလျှော့မပေးဘဲ ဆက်လက်တိုက်ခိုက်လိုက်သည်။

"ရှပ် …"

"အား …"

စူးရှသော အော်ဟစ်သံတစ်ချက်ထွက်ပေါ်လာ၏။

ဓားညီနောက်တစ်ယောက်သည် ပေ့ဝမ်း၏ ဓားချက်မိ



သွားပြီး မြေပေါ်လဲကျသေဆုံးသွားလေတော့သည်။ သေဆုံးသွား သူကား ဓားဖြူပေတည်း။

"ဟာ …"

ဓားမည်း မျက်လုံးပြူးသွား၏။

တစ်ဆက်တည်းပင်…

သူက ဒေါသအမျက်ခြောင်းခြောင်း ထွက်သွား၏။

"သေပေတော့"

သူကအော်ငေါက်ကာ ပေ့ဝမ်းအား တရကြမ်း တိုက်ခိုက် လိုက်၏။ ဒေါသသည် အမှားကိုဖြစ်စေသည်။

ပေ့ဝမ်းက အံတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက် လိုက်၏။

ပေ့ယို့ချင်းသည် ဖခင်ဒဏ်ရာရသွားသည်ကို တွေ့ရသော အခါ ဓားမည်းအား ဝင်ရောက်တိုက်ခိုက်လေ၏။

တုရှောင်သည် ပေ့ဝမ်း ဒဏ်ရာရသွားသည်ကို တွေ့ရသော အခါ သူသည် ပြေးဝင်လာပြီးလျှင် ပေ့ယို့ချင်းနှင့်အတူ ဓားမည်း အား ဝိုင်းဝန်းတိုက်ခိုက် လိုက်လေတော့သည်။

ဓားမည်းက အခြေအနေမဟန်မှန်း ရိပ်မိလိုက်၏။

ထို့ကြောင့် သူက ကျွမ်းတစ်ပတ်ပစ်ကာ တိုက်ပွဲအတွင်းမှ ခုန်ထွက်သွားသည်။

သူထွက်ပြေးရန် ကြံစည်ခြင်းပေတည်း။

သို့သော်…

လူထူးဆန်းတုရှောင်က တောင်ဝှေးဖြင့် ရိုက်ချလိုက်ရာ ခန္ဓာကိုယ်ကို ကန့်လန့်ဖြတ်ထိမှန်သွားသည်။

"ဝုန်း …"

ဓားမည်းမှာ လဲကျသေဆုံးသွားလေတော့သည်။

ထိုစဉ်မှာပင်...

ချူစန်းနှင့် ရှောင်လန်းတို့ ဦးဆောင်သော ဂိုဏ်းအသီးသီးမှ သိုင်းသမားများ ချီတက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုစဉ်...

"အား ... "

စူးရှအော်ဟစ်သံထွက်ပေါ်လာသည်။

ချင်းစုလျှံသည် ရေခဲလက်ဝါးသိုင်းကွက် အသုံးမပြုနိုင်မီမှာပင် နန်းကုန်းစု၏ ကောင်းကင်ဓားတိုက်ကွက်ကြောင့် မြေပေါ်လဲကျသွား၏။

ယခုအဆောက်အအုံထဲ၌ တိုက်ခိုက်နေသူများမှာ ဝေ့ထင်းနှင့် နန်းကုန်းသက်တို့သာ ရှိတော့သည်။

ဝေ့ထင်းနှင့် နန်းကုန်းသက်တို့မှာ သဲသဲမဲမဲတိုက်ခိုက်နေကြ၏။ သူတို့နှစ်ယောက်မှာ လက်ရည်တူနေသည်။

တို့ကြောင့် သိုင်းကွက်ပေါင်းတစ်ရာကျော်မျှ ယှဉ်ပြိုင်ခဲ့သော်လည်း ယခု အချိန်ထိ မည်သူမျှ အသာမရသေးပါချေ။

သို့သော်...

သိုင်းကွက်ပေါင်း တစ်ရာကျော်ခန့်တွင် နန်းကုန်းသက်၏ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများကြောင့် ဝေ့ထင်းမှာ တဖြည်းဖြည်း အရေးနိမ့်လာခဲ့၏။

ထို့ကြောင့်...

သူက ကောင်းကင်မိုးဓားသိုင်းကွက်ကို အသုံးပြုလိုက်လေသည်။



ဝေ့ထင်းက လက်ထဲတွင် ကိုင်ထားသောဓားကိုအပေါ်သို့ မြှောက်တင်လိုက်၏။

ထိုစဉ်...

နန်းကုန်းသက်က အခွင့်အရေးကို လက်လွှတ်မခံဘဲ တိုက်ခိုက်လာ၏။

"ဝုန်း ... "

ဝေ့ထင်း၏ ပခုံးနှစ်ဘက်မှာ နန်းကုန်းသက်၏ ဓားချက်ကြောင့် သွေးချင်းချင်းနီရဲသွားသည်။ တစ်ဆက်တည်းပင် ခြေကန်ချက်ကြောင့် မြေပေါ်လဲကျသွား၏။

"ဟား ... ဟား ... ဟား"

နန်းကုန်းသက်က ရယ်မောကာ ဝေ့ထင်းအားဓားဖြင့်ခုတ်ချရန်ပြင်လိုက်၏။

သို့သော် သူက မခုတ်ချပစ်တော့ပါ။

အကြောင်းမှာ...

ဝေ့ထင်းအပေါ်သို့ ပစ်တင်လိုက်သောဓားသည် နန်းကုန်းသက်၏ လည်ကုပ်သို့ တည့်မတ်စွာ ကျလာပြီး စိုက်ဝင်သွားခြင်းဖြစ်သည်။

နန်းကုန်းသက်က အံ့အားသင့်စွာဖြင့် ဝေ့ထင်း၏အား ကြည့်လိုက်ပြီး...

"မိုးဓား"

ဟုပြောရင်း လဲကျသေဆုံးသွားလေတော့သည်။

ကျောက်နဂါးဂိုဏ်းတစ်ခုလုံး ပြိုကွဲပျက်စီးသွားပြီဖြစ်သည်။

ကျောက်နဂါးဂိုဏ်း၏ အဆောက်အအုံကိုလည်း အဖြူရောင်သိုင်းသမားများက မီးရှို့ဖျက်ဆီးပစ်လိုက်ကြ၏။

ယခုအခါ...

ဇေ့ထင်းသည် ရွှေခေါင်းကိုဏ်းချုပ်ရာထူးကို ဆက်ခံခွင့် ရရှိခဲ့သည်။

ဂိုဏ်းချုပ်နေရာဆက်ခံသည့် အခမ်းအနားတွင်ပင် သူသည် ချစ်ခင်ရသော မေ့ယို့ချင်းနှင့်ပါ လက်ထပ်မင်္ဂလာပွဲကို တစ်ပါတည်း ကျင်းပလိုက်သည်။

ချူစန်းနှင့်ရှောင်လန်းတို့မှာလည်း တစ်ဦးကိုတစ်ဦး မေတ္တာမျှကာ လက်ထပ်လိုက်ကြသည်။

သူတို့အားလုံးတို့သည် ပျော်ပျော်ရွှင်ရွှင်ဖြင့် ဝမ်းသာကြည်နူးနေမိကြသည်။

သို့သော်...

အတ္တအား ရှေ့တန်းတင်သော လောဘသားကောင်များမှာမူ ပျော်ရွှင်ကြည်နူးမှုကို ရယူပိုင်ဆိုင်ခံစားခွင့် မရရှိခဲ့ပါချေ။

သန်းဖုံး...

မာယာ...

ကွေ့ရှမ်း...

မိမိ၏ အကျိုးကိုသာ မျှော်ကိုးသော...

သူတစ်ပါးအား ဒုက္ခပေးဖို့သာကြိုးစားနေတတ်သော...

ထို အတ္တကြီးလွန်းသော လူသုံးယောက်သည် မျှော်လင့်ချက်များပျက်ပြားသွားသောအခါ ဆောက်တည်ရာမရကြတော့ဘဲ မိမိကိုယ်ကို အဆုံးစီရင်သွားကြလေတော့သည်။

**စာစဉ်(၄) စာတ်သိမ်းပိုင်းပြီး၏**

**တက္ကသိုလ် နေလင်းအောင်**